www.burmeseclassic.com

# နုပိုးနှင်းဆီ

ပုလင်းကွဲ




www.burmeseclassic.com

www.burmeseclassic.com

# ပိုပိုနှင့်ငွေးဝါ

ပုညခင်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ပုလင်းလေးတစ်လုံးကို အရှိသုံးမယ်ဆိုရင် နံပါတ်(၁) သူဟာ သူ့အထဲကို ဘာပဲထည့်ထည့် ကြည်ဖြူတယ်။ နံပါတ်(၂) သွားလိုရာ အလွယ်တကူသယ်နိုင်တယ်။ နံပါတ်(၃)မလိုချင်လို့ ပိုင်ရှင်က မစွန့်ပစ်မချင်း ပိုင်ရှင်အနားမှာပဲ သစ္စာရှိစွာနေတတ်တယ်။

ပုလင်းရဲ့ဂုဏ်သတ္တိက မာကြောတယ်၊ ကြွပ်ဆတ်တယ်၊ တစ်ခုခုဆို တုံ့ပြန်မှုက အရမ်းမြန်ပါတယ်။ နောက်တစ်ခုက သူဟာ သည်းခံမှုရှိတဲ့နေရာမှာ no. one ပဲ. . အပူထည့်ထားလည်း ဘာမှ မပြောဘူး၊ အအေးထည့်ထားလည်း OK ပါပဲ. . နံစော်နေတဲ့ ငံပြာရည်ထည့်ထားတာတောင်မှ အေးဆေးနေသေးတာ. .

ဪ. . တစ်ခု ကျန်သေးတယ်. . သူ့ကို ရိုက်ခွဲလိုက်ရင် လူတကာက ကြောက်ရတဲ့ လက်နက်ဖြစ်သွားရော. .

▲ ▲ ▲

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

'ခွမ်း'

ဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

'ခင်ဗျား ဘယ်လောက်မိုက်သလဲ . . လာလေ . . သတ္တိရှိရင် ထွက်ခဲ့ . . '

'ဂုဏ်'ရဲ့လက်ထဲမှာ ရိုက်ခွဲထားသဖြင့် တစ်ပိုင်းပြတ်ပြီး ကျန်ခဲ့သော ပုလင်းကွဲတစ်ခုကို ကိုင်ထားကာ ရန်စလာသော အမူးသမားတစ်ယောက်ကို စတင်စိန်ခေါ်လိုက်သည်။

'ဟား . . ဟား ရယ်စရာပဲကွာ၊ မနေ့တစ်နေ့ကမှ အရက်ဆိုင်ရောက်လာတဲ့ကောင်က လာပြီး သွေးဆူပြနေတာပဲ၊ ငါ ဘာကောင်လဲဆိုတာ သိအောင် ကြိုးစားလိုက်ဦး'





မိုးလင်းရင် အရက်နဲ့မျက်နှာသစ်တာလို့ ပြောစမှတ်တွင်လောက်အောင် သောက်လွန်းပြီး မူးလျှင် ပတ်ဝန်းကျင်ကို လှည့်ပတ်ရမ်းကားတတ်တဲ့ ရွှေအ။

သူ့အကြောင်း သိသူတွေက ဝေးဝေးက ရှောင်ကြသည်။ သူနဲ့ ထိပ်တိုက်တိုးဖို့ ဘယ်တော့မှမကြိုးစားပါ။

ဒါတွေကို သိပုံမရသော ဂုဏ်က ထီမထင်မျက်နှာပေးဖြင့်

'ခင်ဗျား ဘာကောင်ပဲ ဖြစ်ဖြစ် . . ကျုပ် ဂရုမစိုက်ဘူး . . အေး . . ကျုပ်ကိုတော့ လာမငြိစေနဲ့ . . နောင်တ မရချင်

ဟု သွေးအေးစွာ ပြောသောအခါ ရွှေအ န[illegible]ကာင်းသားသွားသည်။

ဒီကောင့်ပုံစံက အပီတွယ်မဲ့ ဒီဇိုင်းဆိုတော့ ရုပ်ပျက်ဆင်[illegible] ပျက်မဖြစ်ခင် ပြန်ပြီး ကိုယ်ရှိန်သတ်လိုက်ရသည်။

လူတွေကို သူက လျှော့တွက်မိတာ များသည်။ တစ်ချက်ကလေး ပိတ်ဟောက်လိုက်တာနှင့် ခေါင်းငုံ့ပြီး မျက်နှာလွှဲသွားကြတဲ့ သူတွေပဲ ကြုံခဲ့ရတာကိုး။

သူ့ခြေလှမ်းကို ရှေ့ နည်းနည်းတိုးကြည့်လိုက်တယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကောင်လေးလက်ထဲက ပုလင်းကွဲစက သူ့ဗိုက်ရှေ့ကို ရောက်လာ၏။

ရုတ်တရက်ကြောင်ပြီး မျက်လုံးကို ပိတ်ထားမိသည်။

ဗိုက်ထဲကိုစိုက်ဝင်သွားလျှင်. . ဘုရား. . ဘုရား. . တွေးပင် မတွေးဝံ့တော့။ သုံးလက်မလောက် အကွာအဝေးသာ လိုတော့သည်။

'သွားတော့. . ခင်ဗျား ထွက်သွားလိုက်တော့၊ ဒီအချိန်မှာ ၁ လူသတ်ဖို့လည်း ဝန်မလေးဘူးဗျ'

ရင် ထွက်ခဲ့. ရွှေအက မကျေမချမ်းဖြင့် လူမိုက်တို့ ဇကလေး ထုတ်ပြ ...စောင်းပေစောင်းဖြင့် ထွက်သွားသည်။

ဂုဏ်သည် သူ့လက်ထဲမှ ပုလင်းကွဲစကို လွှင့်ပစ်ပြီး ထိုင်ခုံမှာ ပြန်ထိုင်လိုက်သည်။

ဆိုင်ပိုင်ရှင် လူငယ်ကလေးက အပြေးကလေး ရောက်လာပြီး -

'ကျေးဇူးတင်လိုက်တာ အစ်ကိုရာ. . ဒီကောင်ရွှေအ က ကျွန်တော်တို့ဆိုင်မှာ နိုင်ထက်စီးနင်းပြုနေတာ ကြာပြီ. . သူ့ကိုဖြို





နိုင်တာ အစ်ကိုတစ်ယောက်ပဲ ရှိသေးတယ်ဗျ. . ဒီမှာ အစ်ကို စားဖို့ အမြည်း'

ဂုဏ်သည် သူ့ရှေ့တွင် Free လာချပေးသွားသော ဆိတ်သားခြောက်ကြော်ကို ကြည့်ပြီး မျက်ခုံးတွေ မြင့်တက်သွားသည်။

လွန်ခဲ့တဲ့ မိနစ်ပိုင်းလောက်က အရက်တစ်ပိုင်းလောက် ဝင်သောက်လိုက်ရင် စိတ်ညစ်တာတွေ ပျောက်မယ်ထင်ပြီး ဒီဆိုင်ထဲ သူ ဝင်လာမိသည်။ ပိုက်ဆံ အပိုမပါတော့ အမြည်းတောင်မှ မမှာနိုင်ခဲ့ပါ။

ဒီလိုကျတော့လည်း လောကကြီးက နေလို့ ကောင်းသားပဲ. .

ရိုးရိုးသားသား ငြိမ်ခံနေသမျှ ကံကြမ္မာ ဆိုတာကြီးက ဆိုးဆိုးဝါးဝါးနှိပ်စက်တော့တာ. .

သူ စော်ကားသမျှ ကြိတ်မှိတ် ခံလိုက်တော့ တစ်သက်လုံး အရှုံးသမားဖြစ်တော့မှာပေါ့. .

ဒီတော့ သူ့ရွဲ့ ကိုယ်ရွဲ့ နေပစ်လိုက်ရင် နည်းနည်းနေသာထိုင်သာ ရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အရက် ဆိုတဲ့ အရည်တွေ ကိုယ်ထဲရောက်သွားရင် ရီဝေ ရီဝေနဲ့ အားလုံးကို မေ့လို့ရသွားရော. .

ငုပ်လျှိုးနေတဲ့ သတ္တိတွေ၊ ပေါက်ကွဲချင်နေတဲ့ စိတ်တွေ၊ လုပ်ချင်သမျှ၊ စိတ်ထဲရှိသမျှ အားလုံးကို လုပ်ရဲသွားသည်။

▲ ▲ ▲



ပညာပါရမီနည်းတယ်လို့ အပြစ်ပုံချရမလား. .

မဟုတ်သေးဘူး. .

သူ့ပင်ကိုဗီဇနှင့် ဉာဏ်ရည် ဉာဏ်သွေးက နိမ့်ပါးသည့် အထဲတွင် မပါပါ။ သင်ပြပေးလျှင် သိလွယ်တတ်လွယ်သည်။

ဒါနဲ့များတောင်. . . ဆယ်တန်းကို ဘာလို့ နှစ်ချင်းပေါက် မအောင်တာလဲဟု မေးစရာရှိသည်။

အမှန်က ဂုဏ် စာကျက်မပျင်းပါ။ စာမကျက်ချင်တာဖြစ်သည်။ စာကျက်ဖို့ အခြေအနေမပေးသောကြောင့်ဖြစ်သည်။

စာကြည့်စားပွဲမှာ ထိုင်ပြီး စာ စ,ကျက်ဖို့ ပြင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သည် တစ်ဖက်အခန်းမှ မေမေ့ငိုသံကြောင့် ဒေါသစိတ်တွေ ပါလာရပြီ။

'မင်း အရှူးထတိုင်း သူများကို ပုတ်ခတ်ပြီး မပြောနဲ့ကွ၊ ပိတ်လိုက်. . မင်းအပေါက်ကို ခုပိတ်လိုက်၊ ထပ်ပြောရင် ငါ လုပ်မိလိမ့်မယ် သက်ထား'

ဖေဖေ့ရဲ့ ကမ္ဘာပျက်မတတ် အော်ဟစ်တွေ. .

သူ့နားထဲတွင် အောက်တန်းကျသည်ဟု ထင်သည်။ ဒီလောက် နှစ်တွေအကြာကြီးပေါင်းလာတဲ့ မေမေ(သူ့မိန်းမ)ကို ဒီလို လေသံနှင့်ပြောစရာ အကြောင်းမရှိပါ။ ဖေဖေပွဲကြမ်းတော့ မေမေ ငိုနေသည်။

'ပြောပေါ့ရှင်. . . ပြောပေါ့. . . ရှင့်ဟာမ ထိတော့ ဆတ်ဆတ်ခါအောင် နာတယ်ပေါ့လေ၊ ယောကျ်ားတကာကို လက်ခံနေတဲ့ မိန်းမကို ဖာနဲ့နှိုင်းတာ ကျွန်မ မှားသလား၊ တကယ်ဆို ကျွန်မကို ရှင် ငြိုးငွေ့တယ်ပဲထား. . သားလေးမျက်နှာတော့ ထောက်ဖို့ ကောင်းပါသေးတယ်၊ သူများသူဌေးကြီးတွေက မယားငယ်ထားတာ တတ်နိုင်လို့ ထားကြတာ၊ ရှင်က ဘာလဲ. . လခစား၊ ကုမ္ပဏီမှာ





ကားမောင်းရတဲ့ ဒရိုင်ဘာလေ. . ရတဲ့လခတွေ အကုန် အဲဒီကောင်မကို ဖို့နေရတာ ကျွန်မတို့သားအမိက သဲကျုံးစားပြီး နေရမှာလား'

'ငါ့လုပ်စာ ငါ ဘယ်သူ့ပေးပေးပေါ့ကွ. . မင်း မကျေနပ်လည်း ငါ မတတ်နိုင်ဘူး'

ဂုဏ်သည် ခံပြင်းစိတ်ဖြင့် အံကြိတ်ရင်း အောက်နှုတ်ခမ်းကို ပြတ်ထွက်မတတ် ကိုက်ထားမိသည်။ သူ့အသားတွေဆို တဆတ်ဆတ်တုန်နေသည်။

အဖေ ရက်စက်တယ်ဗျာ. . အမေနဲ့ ကျွန်တော့်အပေါ်မှာ တစ်စက်ကလေးမှ အကြင်နာတရား မရှိဘူး. . ကျွန်တော့်ဘဝမှာ အဖေနဲ့အမေပဲ ရှိတာ. . အဖေ့ဆီက ချစ်ခြင်းမေတ္တာတွေကို မျှော်လင့်ပေမယ့် ကျွန်တော်တို့သားအမိ ပြန်ရခဲ့တာ ခါးသီးမှုတွေပဲ. .

'ကောင်းပြီ. . ရှင့်ပါးစပ်က ထွက်လာပြီပဲ. . ဟိုကောင်မကို ကိုယ့်သွေးသားထက် ပိုပြီး ကြည်ဖြူတယ်ဆိုရင် ဒီအိမ်ပေါ်က ဆင်းသွားတော့. . ဒီနေ့ ရှင်နဲ့ ကျွန်မ အပြတ်ပဲ'

မေမေ. . ကျေးဇူးပြုပြီး မနှင်လိုက်ပါနဲ့။ ဖေဖေ တကယ် ဆင်းသွားမှာ ကျွန်တော် သိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ငါ့ကို တကယ်နှင်နေတာလား သက်ထား'

'ကိုယ့်သားအတွက် ကျူရှင်လခလေးတောင်မှ ပေးဖော်မရတဲ့ ရှင့်လိုအဖေမျိုးကို မနှင်ချလို့ ဘယ်သူ့ကို နှင်ချရမလဲဟင်. . ငါ့သားလေး ကျူရှင်မတက်ရလို့ စာမေးပွဲကျနေပါလားဆိုပြီး ရှင် စဉ်းစားဖူးလို့လား. . ဟိုဟာမကိုပဲ မွှန်နေတာ မဟုတ်လား'

အဖေ့ကို နှင်ချနေတဲ့ အမေ့ရင်ထဲမှာ ဘယ်လောက်အထိ နာကျင်နေမယ်ဆိုတာ ကျွန်တော် သိပါသည်။

ဒီကမ္ဘာပေါ်မှာ အချစ်တတ်ဆုံးမိန်းမက ကျွန်တော့်အမေ ဒေါ်သက်ထားခင်ပဲ ဖြစ်လိမ့်မည်။

အဖေနဲ့ အိမ်ထောင်ကျပြီးကတည်းက သူပဲ ဈေးရောင်း ကျွေးခဲ့ရရှာတာ။

အမေ့ခမျာ တရုတ်ကလာတဲ့ ဈေးပေါပေါထဘီလေးဝတ်ပြီး ယောက်ျားဖြစ်သူကို ယိုးဒယားက လာတဲ့ ရှပ်အင်္ကျီဝယ်ပေးခဲ့တဲ့ အမေ။

ယောက်ျား ပင်ပန်းမှာစိုးလို့ အရိပ်တကြည့်ကြည့်ဖြင့် လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့တဲ့ အမေ။





အဖေ အလုပ် စ,လုပ်တယ် ဆိုတာကလည်း သူ့ရဲ့နောက်မိန်းမကိုပံ့ပိုးချင်လို့ဖြစ်သည်။ အဖေ့လုပ်ရပ်တွေက တရားလွန်လွန်းသည်။

အချိန်တန်လျှင် လူခန္ဓာကိုယ်က အမေ့အနားပြန်ရောက်လာပေမယ့် အဖေ့စိတ်တွေက တစ်ယောက်သောသူဆီမှာ ကျန်ခဲ့တာ နေ့တိုင်းပင်။

အဖေနဲ့အမေ ပဋိပက္ခမဖြစ်သောနေ့ဆိုတာ မရှိပါ။

အဖေသည် ကျွန်တော့်ရှေ့မှာပင် သူ၏အဝတ်အစားများကို သိမ်းကာ အိမ်ပေါ်မှဆင်းသွားပါသည်။ ကျွန်တော့်ကို နှုတ်ဆက်ဖို့ အဖေ သတိမရဘူးနော်. . အော်ဟစ် ရန်တွေ့နေသော အမေ့မျက်လုံးထဲတွင် မျက်ရည်တွေ အိုင်ဖွဲ့နေသည်။

'မေမေ. .'

ကျွန်တော့်ကိုမြင်မှ မေမေ စိတ်ကိုလျှော့ချလိုက်ပုံရသည်။

'သား. . သားအဖေ လူမိုက်ကြီး သွားပြီလေ. . မေမေတို့အပေါ်မှာ သံယောဇဉ်နည်းနည်းလေးမှမရှိဘူး သားရယ်. . မေမေဝမ်းနည်းလွန်းလို့ပါ ဟင့်. . ဟင့်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဝမ်းနည်းတာပဲ မေမေ. . မေမေ့ကို ကျွန်တော် ဘယ်လိုနှစ်သိမ့်ပေးရမှာလဲ။

အဖေ ပြန်လာမှာပါ မေမေရယ်လို့ ကျွန်တော်ပြောဖြစ်မှာ မဟုတ်တာ သေချာတယ်။

အဖေ ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေလို့ပါပဲ။

'မေမေ မငိုပါနဲ့နော်. . မေမေ့အနားမှာ သားတစ်ယောက်လုံး ရှိပါသေးတယ်'

ကျွန်တော် ဘယ်လိုပဲ ပြောပြော. . အမေ့စိတ်တွေက လေထဲတွင် လွင့်မျောနေပုံရသည်။ ငူငူငေါင်ငေါင်နဲ့ အရူးတစ်ပိုင်းဖြစ်နေတဲ့ အမေ့ကို စာနာ သနားမိသည်။ အမေ့ရှေ့မှာ မငိုမိအောင် ထိန်းထားရပေမယ့် သူ့ရင်ထဲတွင် အကျယ်ကြီး အော်ငိုနေမိသည်။ ကမ္ဘာပျက်မတတ် တုန်ယင်လှုပ်ရှားနေသည်။

သူ တန်ဖိုးထား တွယ်တာရတဲ့ မိသားစုကမ္ဘာလေး ပြိုလဲသွားပြီပဲ. . ပြိုလဲလို့ကြေကွဲရတဲ့အခါ သေလောက်အောင် အားငယ်ရပါသည်။





အတွင်းစိတ်သဏ္ဌာန်မှာ ဒဏ်ရာအနာတရ ဖြစ်သွားတာ ဘယ်သူမှသိမှာ မဟုတ်ဘူး။ သူသာ သိသည်။

ထို့ကြောင့် သူ့ဒဏ်ရာကိုကုစားဖို့ အရက်ကို သူ စသောက်မိသည်။

နူနယ်ပြီး ဒဏ်ရာဒဏ်ချက် မရှိသေးတဲ့ အသည်း ဆိုတဲ့ ကလီစာထဲကို အဆိပ်လိုပြင်းသော alcohol အရည်တွေ လောင်းထည့်နေမိသည်။

မူးစမ်း. . မြန်မြန်မူးမှ. . ဒါမှမဟုတ် သေအောင်မူးမှအားလုံးကို မေ့လို့ရမည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သက်ထားသည် စိတ်တွင်းဒဏ်ရာဖိစီးမှုကို တောင့်ပြီး မခံနိုင်ပါ။နေ့နေ့ညည တန့်နှံ့ခံစားပြီး သားဖြစ်သူ လမ်းမှားပေါ် တက်လျှောက်နေတာလည်း သူ မသိပါ။

စီးပွားရေးအတွက် စားဝတ်နေရေး အသက်ဆက်လို့ ရအောင် ကြိုးစား ရုန်းကန်နေရသည်။

အချိန်တန်လျှင် ပေးရမည့် အိမ်လခ၊ သားအတွက် မုန့်ဖိုး၊ ကျူရှင်လခ၊ အိမ်စရိတ်၊ မီတာခ. . သူမခေါင်းထဲမှာ ဒါတွေပဲ ရှိသည်။

သစ္စာဖောက်သွားသော သားတို့အဖေဦးမြင့်ထွန်းကို ဘယ်





လိုပဲ မုန်းတယ်ပြောပြော၊ အချိန်တိုင်း သတိရနေသည်။ လွမ်းဆွတ်နေသည်။

ထိုအခါ စိတ်နှင့်ကိုယ်က မကပ်ဘဲ ရှိနေတတ်သည်။

ဒေါ်သက်ထားသည် မနက်ပိုင်းကို ကောက်ညှင်းပေါင်းလည်ရောင်း၏။ ပဲပြုတ်လည်ရောင်းသည်။

ဈေးရောင်းပြန်ချိန်ကျတော့ ဟင်းချက်စရာ ဝင်ဝယ်ပြီး သားအမိနှစ်ယောက်စာ(အဓိက သားအတွက်)ချက်ပြုတ်ပေးသည်။

ဂုဏ် ပြန်လာလျှင် ခူးခပ်ပြီး ကျွေးမည်။

သူမကိုယ်၌ကျတော့ စားချင်စိတ် မရှိသဖြင့်. . သားအမိနှစ်ယောက်သာ ရှိသော ထမင်းဝိုင်းသည် အမြဲ ခြောက်ကပ်နေသည်။

အိပ်စက်ချိန် နည်းပါးပြီး အစားအသောက်ပါ နည်းလာသော မိခင်ကြောင့် ဂုဏ် စိတ်မကောင်းဖြစ်ရသည်။

တစ်ခါတလေကျတော့လည်း ရွံ့ချင် ပေချင်သည့်စိတ်ကို ဖျောက်ကာ အမေ့ရှေ့မှာ မားမားမတ်မတ်ရပ်တည်နိုင်မည့် သားကောင်းတစ်ယောက် ဖြစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့အတွက်တော့ သူသည် တာဝန်ကျေသော သားတစ်ယောက် မဖြစ်သေးပါ။

ဆယ်တန်းကို တဖုန်းဖုန်းကျပြီး အပြင်ဖြေ ဖြေနေရသည့်ဘဝ။

ဒီနှစ်ဆယ်တန်းကို အောင်,အောင်ဖြေမည်ဟု သူစိတ်ပိုင်းဖြတ်ထားသည်။

အမေ့ကို တစ်လှည့် ပြန်ပြီး လုပ်ကျွေးချင်သည်။

▲ ▲ ▲



ညက စာကျက်ထားသဖြင့်. . အိပ်ရာဝင်တာ နောက်ကျသော်လည်း နောက်ဖေးမှာ တချွတ်ချွတ်ဖြင့် အလုပ်ရှုပ်နေသည့် အသံတွေကြောင့် သူ လူးလဲပြီး ထလာသည်။

'မေမေ သွားတော့မလို့လား'

'သွားမယ် သား. . အချိန်မစောတော့ဘူး၊ တော်ကြာ နေထွက်လာတော့မှာ၊ အုပ်ဆောင်းအောက်မှာ သားစားဖို့ ကောက်ညှင်းပေါင်းချန်ထားခဲ့တယ်. . သားလေး အိပ်ချင် ဆက်အိပ်လိုက်ဦးလေ'

'မိုးတွေရွာနေတယ် မေမေ. . သားလိုက်ပို့ပေးမယ်၊ မေမေ တစ်ယောက်တည်း စိတ်မချဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ထားက သားဖြစ်သူကို ပြုံးပြုံးလေး စိုက်ကြည့်ကာ

'မေမေသွားနေကျပါ သားရယ်. . သားလေး အိပ်ရေးပျက်မှာစိုးလို့ပြောတာ. . သွား ပြန်အိပ်ချေတော့၊ ဒီနှစ် အောင်,အောင်ဖြေနော် သား၊ မေမေ့မှာ သားလေးပဲ အားကိုးစရာရှိတာ'

'စိတ်ချပါ မေမေ. . ဒီနှစ် သား အောင်,အောင်ဖြေမှာပါ၊ ကတိပေးတယ် ကတိ. . ကတိ'

ဂုဏ်က ရွှင်လန်းတက်ကြွစွာ ဆိုလာလျှင် ဒေါ်သက်ထားသည် ပီတိတွေဖြာပြီး သူ့ပါးလေးကို ရွှတ်ခနဲနမ်းကာ ဈေးရောင်းဖို့ တောင်းကို ခေါင်းပေါ်တင်ပြီး ထွက်သွားပါတော့သည်။

အရုဏ်တက်ချိန်မို့ အလင်းရောင်က လူလုံးကွဲရုံသာ မြင်ရသေးသည်။

ဂုဏ်က အမေ့ကို မျက်စိတဆုံးလိုက်ကြည့်ပြီးမှ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

အမေ ထွက်သွားပြီး သိပ်မကြာမီ လေပြင်းတွေ တိုက်လာသည်။ မိုးနှင့်အတူ လေပါ ပါလာပြီမို့ အမေ့ကို သူစိုးရိမ်မိသည်။





မိုးထဲ လေထဲမှာ ဝမ်းတစ်ထွာအတွက် ထွက်ရှာနေရသည့် အမေ. .

တစ်သက်လုံး သူ့အပေါ်မှာတာဝန်ကျေခဲ့သည့် အမေ. .

ဒီလိုမိုးအေးအေးမှာ အဖေက ရင်ခွင်သစ်ထဲမှာ မွေ့စက်နေမှာပေါ့. . ပျော်နေမှာပေါ့။

တွေးမိလိုက်တာနှင့် ဒေါသက အလိုလို ထွက်လာသည်။ ခံပြင်းလာသည်။

အမေ့ခမျာမှာတော့ နေပူ မိုးရွာမရှောင် ရှာကျွေးနေရရှာတာ. . အဲဒါဘာဖြစ်လို့လဲ. . အဖေ အသုံးမကျလို့ပေါ့. . အဖေက တာဝန်မှမကျေတာ၊ တစ်ကိုယ်ကောင်းဆန်လွန်းသည်။

ဘဝတိုတိုမှာ ကိုယ်လွတ်ရုန်းသွားသည့် အဖေ့ကို သူ နာကြည်းသည်။ မိုးတွေ သဲလိုက်တာ. . . သူပြန်အိပ်လို့မရတော့. . . အမေတစ်ခု သားတစ်ခုဘဝမှာ အမေ ပြန်မလာမချင်း သူမျှော်ရသည်။

အမေ့နောက်ကို လိုက်သွားရင် ကောင်းမလားဟုစဉ်းစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေက သူ့နောက်ကို လိုက်လာတာ ကြိုက်သူ မဟုတ်ပါ။ အဆူခံရမှာ သေချာသည်။

သို့သော် အမေ့နောက်ကို လိုက်သွားချင်စိတ်တွေက သူ့ရင်ထဲမှာ ပြင်းပြနေသည်။

ဂုဏ်က အထွေအထူးစဉ်းစားမနေတော့ဘဲ မိုးကာအင်္ကျီကို ကောက်စွပ်ကာ ထီးတစ်ချောင်းယူပြီး ထွက်လာသည်။

အမေသွားနေကျရပ်ကွက်တွေမှာ တစ်လမ်းဝင် တစ်လမ်းထွက် လိုက်ရှာရင်း အမေ့ရဲ့ 'ကောက်ညှင်းပေါင်းပူပူလေး'လို့အော်သံလေးကို နားစွင့်ထားရသေးသည်။

အမှန်ဆို ဒီအချိန် နေထွက်ဖို့ ကောင်းနေပြီ။ မိုးက သည်းနေတော့ နေမင်းကြီးခမျာ အံမတုနိုင်ဘဲ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။

ဂုဏ်တို့ရပ်ကွက်မှာ လူနေထူထပ်ပြီး အမေ့ဖောက်သည်တွေကလည်း များလှသည်။ ဖောက်သည် ပျက်မှာစိုးလို့ မိုးရွာနေသော်လည်း ဈေးရောင်းထွက်သည့် အမေ့စိတ်ဓာတ်ကို သူ လေးစားမိသည်။





တစ်လမ်းပြီး တစ်လမ်း သူလိုက်ရှာမိသည်။ ထူးဆန်းတာက အမေ့အသံကို သူ မကြားရခြင်းဖြစ်သည်။

ဘာဖြစ်လို့လဲ. .

သူ့ရင်ထဲ ပူလောင်လာသည်။ အမေသည် နယ်ကျော်ပြီး ဈေးရောင်းတတ်သူ မဟုတ်ပါ။ ဒီရပ်ကွက်လေးထဲမှာပဲ ရောင်းရမှာ. . ဒီလိုပဲ ရောင်းခဲ့တာ သူ့တစ်သက်ရှိနေပြီပဲ။

တဖြည်းဖြည်းနှင့် ဂုဏ်သည် အမှိုက်တွေပုံထားသော နေရာနားသို့ ရောက်လာခဲ့သည်။

ထိုနေရာကို ကျော်လျှင် ရေဆိုးထုတ်သော မြောင်းတစ်ခု ရှိသည်။ ထိုမြောင်းအပေါ်တွင် ဆွေးမြေ့နေပြီဖြစ်သော တံတားအိုကလေးတစ်ခု ရှိနေသည်။ သို့သော်လည်း တစ်ကွေ့တစ်ပတ်ကြီး သွားစရာ မလိုဘဲ ဖြတ်လမ်းတစ်ခုလို ဖြစ်နေသောကြောင့် ဂုဏ်အပါအဝင် လူအတော်များများသည် ထိုတံတားပေါ်မှသာ ဖြတ်သွားဖြတ်လာလုပ်လေ့ရှိပါသည်။

ဒီလို မိုးတွေ ကြီးနေချိန်မှာတော့ ဘယ်သူမှဖြတ်မည်မထင်ပါ။ ဂုဏ်သည် ထိုတံတားနားသို့အရောက်တွင် မသိစိတ်တစ်ခုနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ လှုံ့ဆော်လာသောအာရုံတစ်ခုကို စိတ်ထဲ၌ အလိုလိုခံစားလာရသည်။

တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်းထလာခဲ့သည်။ တောင်းလေးတစ်တောင်း. . တိတိကျကျပြောရလျှင် အမေ့ရဲ့ ပဲပြုတ်တောင်းကလေး. .

တံတားပေါ်မှာ တင်နေသည်။

ဂုဏ် မျက်လုံးတွေ ပြာနေသည်။

အမေရော. . . အမေ ဘယ်မှာလဲ။

ဒီနေရာမှာ လူသွားလူလာနည်းပေမယ့် ဒီတံတားကလေးကို ကျော်လိုက်လျှင် လူနေအိမ်ခြေပိုများသလို ဈေးလည်း ပိုရောင်းရသည်ဟု အမေ ပြောဖူးသည်။

ဂုဏ်သည် အမေဇောဖြင့် တံတားပေါ်သို့ ပြေးတက်လိုက်လျှင် မိုးရွာထားသောအရှိန်ဖြင့် ချောထွက်သွားပြီး လူက နောက်ပြန်လန်ကျမလိုဖြစ်သွားသည်။ ဟန်ချက်ညီအောင် ကိုယ်ကို မနည်းပြန်ထိန်းယူရသည်။ ဒီတံတားက နံဘေးမှာ လက်ရန်းတွေ ပါတာမဟုတ်။





ချော်လဲတာပဲ ဖြစ်ဖြစ်. . ပြုတ်ကျတာပဲ ဖြစ်ဖြစ်. . ရေမြောင်းထဲ ကျသွားနိုင်သည်။

ထိုသို့ တွေးမိလိုက်သည်နှင့် ဂုဏ်သည် အမေ့ကို သေလောက်အောင် စိုးရိမ်သွားခဲ့သည်။

ရေဆိုးထုတ်တဲ့ မြောင်းထဲကို ပြာပြာသလဲ ငုံ့ကြည့်မိသည်။ မြောင်းထဲမှာ မှောက်လျက် အနေအထားဖြင့် အမေ့ကိုတွေ့လိုက်ရသည်။

ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသည်။

'အမေ. . .'

သူ့အော်သံတွေက ဆူညံနေသောမိုးသံနှင့်အတူ ရောထွေးသွားသည်။

ဂုဏ်သည် သွေးရူးသွေးတန်းဖြင့် မြောင်းထဲသို့ခုန်ချလိုက်သည်။

သူ့ခေါင်းထဲမှာ အမေကလွဲလို့ ဘာမှမရှိ။

ရှစ်ပေ၊ ကိုးပေလောက် မြင့်မည့် တံတားပေါ်မှ အမေဇောဖြင့် ခုန်ချလိုက်ပေမယ့် ကျချက်ကတော့ မသက်သာလှပါ။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သော်လည်း အမေ့ဆီ ရောက်အောင် သူ သွားသည်။

ညစ်ပတ်နံစော်နေသောရေဆိုးတွေနှင့် အမေ့ခန္ဓာကိုယ်ကို သူဆွဲလှန်လိုက်သည်။

'အမေ. . အမေ. . အမေ. .'

ဘယ်နှခွန်းလောက် သူ ခေါ်နေမိသလဲ မသိပါ။

အမေက မကြားတာလား. . ဒါမှမဟုတ် မကြားနိုင်တော့တာလား ဆိုတာ သူ မသိပါ။ သူ သိတာက အမေ့ခန္ဓာကိုယ်သည် နွေးနေဆဲပင်။

အမေ့ရင်ငွေ့ကို သူလှုံချင်သေးသည်။

နွေးထွေးသောအမေ့ရင်ခွင်မှာ ချွဲနွဲ့ချင်သေးသည်။

အမေ့ကို သူ ပွေ့ချီပြီး အပေါ် ပြန်တက်ဖို့ လမ်းပျောက်နေသည်။

အမေ သေပြီလား. . အမေ မရှိရင် သူ ဘယ်သူနဲ့ နေရမှာလဲ။ ထိုအတွေးတစ်ခု ဝင်လာတာနှင့် သူ့ကမ္ဘာကြီး ပျက်သုဥ်းသွားသည်။ သူ့အနာဂတ်တွေ ပျောက်ဆုံးကုန်သည်။





သိပ်မကြာသေးသော အချိန်က အမေ့ကို သူ ကတိတွေ ပေးမိသည်။

ဒီနှစ် ဆယ်တန်းကို အောင် အောင်ဖြေမည်ဆိုတော့ ကျေနပ်သွားတဲ့ အမေ့ပုံရိပ်တွေ သူ့မျက်လုံးထဲမှာ. .

ဂုဏ် ဆက်မတွေးရဲတော့။

အာခေါင်ခြစ်ပြီး ယူကြုံးမရဖြစ်စွာ စိတ်လွတ်ကိုယ်လွတ် အော်ပစ်လိုက်သည်။

'အမေ. . .'

ရေမြောင်းထဲမှာ အမေ့ကို ချီပြီး ခေါက်တုံ့ခေါက်ပြန် သူ ပြေးနေမိသည်။

ဖြစ်နိုင်လျှင် အမေနှင့်အတူ ဘဝတစ်ပါးသို့ လိုက်သွားချင်သည်။

ဂုဏ်သည် ဆရာဝန် မဟုတ်ပါ။ သို့သော် သူ့ မသိစိတ်က သိနေသည်။

အမေ ဆုံးသွားပြီဆိုတာ သူသိနေသည်။

အလင်းရောင်က သိသိသာသာ ထွက်ပေါ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာတော့ ဂုဏ်သည် သူ့အမေအလောင်းကိုဖက်ပြီး မြောင်းဘောင်နံဘေးမှာ ထိုင်နေပြီဖြစ်သည်။

မိုးရေတွေ၊ ရေဆိုးတွေနှင့်အတူ မျက်ရည်တွေ အလိမ့်လိုက်ကျဆင်းလာသည်။

တံတားပေါ်မှာ လူတွေ ဖြတ်သွားဖြတ်လာလုပ်နေကြပြီ။

'ဟာ. . ဟိုမှာ မြောင်းထဲမှာ လူနှစ်ယောက်'

သူတို့သားအမိနှစ်ယောက်ကို ဦးဆုံးစ,တွေ့တာက လက်ဖက်ရည်ဆိုင်က ကောင်လေးတစ်ယောက်ဖြစ်သည်။

ရပ်ကွက်လူကြီးတွေ၊ ရပ်ကွက်ထဲက လူတွေ ဂုဏ်တို့နှစ်ယောက်ကို ကယ်ဖို့ အလုပ်တွေ ရှုပ်ကုန်ကြသည်။ တစ်ယောက်က အသက်ရှင်ပြီး သတိလွတ်နေသည်။ နောက်တစ်ယောက်ကတော့ အသက်မဲ့နေပြီ။

ဘဝခြားနေသော သားအမိနှစ်ယောက်ကို ခဲရာခဲဆစ်ဝိုင်းပြီး ကယ်ကြသည်။

ဒေါ်သက်ထား ဆုံးပြီ ဆိုတာကို ဂုဏ်က လက်ခံသည်။ တစ်သက်လုံးပူပင်ခဲ့ရတဲ့ အမေ. . စိတ်မောလူမောဖြင့် ဘဝအမော





တွေ ပြေပျောက်ဖို့ နောက်ဘဝတစ်ခုကို အမေရောက်သွားပြီပဲ။ အမေ အေးချမ်းသွားပြီပဲ။

သူ ကျေနပ်ပါသည်။

ရင်ထဲမှာ ဘယ်လောက်ပဲ ဝမ်းနည်း ဝမ်းနည်း. . အမေ့ ဈာပနကို ဦးဆောင်မည့်သူက သူတစ်ယောက်ပဲ ရှိသည်။

ဆွေဂုဏ်မျိုးဂုဏ်အင်အား တောင့်တင်းပါသည်ဆိုသော အမေ့ဘက်က အမျိုးတွေ အမေသေတော့မှ တစ်ယောက်ပြီး တစ်ယောက် ပေါ်လာကြသည်။ မျက်နှာလာပြကြသည်။ ဆွေမျိုးဆိုတာ ဒါလားဟု သူတွေးမိသည်။

ကူငွေလေး မဖြစ်စလောက်ကို ပေးပြီး လူ့ရှေ့သူ့ရှေ့မှာ ဟိတ်ဟန်ထုတ်ပြတာလောက် သူရွံတာ မရှိပါ။ အမေ့နောက်ဆုံးခရီးမှာ အမေအချစ်ကြီးချစ်ခဲ့သော အဖေ့ကို သူသွားအကြောင်းကြားသည်။ မင်းအမေ ဘာကြောင့်ဆုံးတာလဲဟု တစ်ခွန်းမှ အဖေ မမေးပါ။ သို့သော် သူက အဖေသိသင့်သည်ဟု ယူဆပြီး ပြောပြမိသည်။

'မိုးတွေ တအားရွာနေတုန်း ချော်လဲပြီး မြောင်းထဲပြုတ်



www.burmeseclassic.com

www.burmeseclassic.com



အကျမှာ လန့်တဲ့အရှိန်နဲ့ နှလုံးရပ်သွားတာ ဖြစ်နိုင်တယ်လို့ ဆရာဝန်က ပြောတယ် အဖေ. . နဂိုကတည်းကလည်း နှလုံးရောဂါရှိနိုင်တယ်တဲ့'

'ဟူး. . တော်သေးတာပေါ့ကွာ၊ နို့မို့ဆို ငါ့ပယောဂ မကင်းဘူးဆိုပြီး လူတွေက ပြောကြဦးမှာ'

အဖေ့နှုတ်က ထွက်လာတဲ့စကားတွေက အကြင်နာတရားမဲ့လွန်းသည်။ သူစိမ်းဆန်လွန်းသည်။

ကိုယ်က မချစ်ခဲ့ဘူးဆိုရင်တောင်မှ သူ့အပေါ် ကိုယ်ကျိုးစွန့်ပြီး အဆုံးစွန်ထိချစ်ခဲ့သည့် အမေ့ကို သနားဖို့ ကောင်းသည်။ အသိအမှတ်ပြုဖို့ကောင်းသည်။

'ကျွန်တော်သိချင်တာက အဖေလာမှာလားမလာဘူးလား'

ဂုဏ်ရဲ့ မာကြောသော ခပ်ပြတ်ပြတ်စကားသံကို ဦးမြင့်ထွန်းက -

'ထားလေးဆီက ခွင့်ပြုချက်တောင်းရဦးမယ်၊ သူ ခွင့်ပြုရင်တော့ လာခဲ့မယ်လေ'

ဆိုပြီး အေးစက်စွာ တုံ့ပြန်လာသည်။





ဂုဏ်ကလည်း တစ်ခွန်းတည်းသော စကားကို နာကြည်းစွာ ပြောခဲ့သည်။

'ရပြီ အဖေ. . အဖေလာဖို့ မလိုအပ်တော့ဘူး'

အဖေ့ကို ကျောခိုင်းပြီး လှည့်အထွက်မှာတော့ ထိန်းထားသည့်ကြားက မျက်ရည်က မြေသို့ကျလာသည်။

ဒီနေ့ဒီရက်က စပြီး လောကကြီးမှာ သူတစ်ယောက်တည်းဆိုတာ ဂုဏ် သိလိုက်သည်။ ဆိုးဆိုးကောင်းကောင်း ရင်ဆိုင်ဖို့ဆိုတာလည်း သူနှင့်ပဲ ဆိုင်တော့သည်။ အထီးကျန်ဆန်တဲ့ ဘဝမှာ အားငယ်တဲ့စိတ်တွေကို ဘယ်လိုဖြေဖျောက်မှ ပျောက်နိုင်မှာတဲ့လဲ။

မြင်ရဲ့လား မေမေ။ ဒီကမ္ဘာလောကကြီးထဲမှာ သားတစ်ယောက်တည်းဆိုတာ မေမေ သိတယ်မဟုတ်လား။ သားတစ်ကိုယ်စာ ရပ်တည်ဖို့တောင်မှ အနိုင်နိုင်ဖြစ်နေပြီ မေမေ. .

ဒါပေမယ့် မေမေက တာဝန်ကျေပွန်လွန်းပါတယ်။ သေတဲ့အထိ သားကို ရှာကျွေးခဲ့တာ. . . သားရင်ထဲမှာ တစ်သက်လုံး ကမ္ပည်းတင်ထားမှာပါ မေမေ. . .

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

'သောက်ကွာ ချ. . ဝေဒနာတွေကို ရင်ထဲမှာ ပွေ့မထားနဲ့. . သောက်စရာရှိတာ သောက်ပြီး ဖွင့်စရာရှိတာ ဖွင့်ထုတ်ပစ်လိုက်'

ဂုဏ်သည် သူ့အမေဆုံးပြီးနောက်ပိုင်းမှာ အိမ် သိပ်မကပ်တော့ပါ။ လမ်းပေါ်မှာနေ၊ လမ်းပေါ်မှာ စားပြီး လူပေါင်းမှားကာ လေလွင့်ရာ မျောနေတော့သည်။

'သောက်တာက ကိစ္စမရှိဘူးကွ၊ အိမ်မှာ ရေက ခန်းနေပြီ'

အောင်မျိုးက ဂုဏ်အတွက်.အကြံကောင်း ဉာဏ်ကောင်းတွေ ထုတ်ပေးလေသည်။





'ရေခန်းတာများ စာဖွဲ့လို့ ဂုဏ်ရာ. . မင်းမှာ အိမ်တစ်ဆောင်လုံး အမွေရထားတာပဲ၊ မရောင်းချင်ရင် ပေါင်လိုက် ့ါကွ'

'အမေ့ကို ငါကတိပေးထားတယ်ကွာ. . ဒီနှစ် ဆယ်တန်းအောင်စေရမယ်လို့. . . ဒါပေမယ့်. . ဒီအချိန်မှာ ပညာရေးထက် ဝမ်းစာက ပိုပြီး အရေးကြီးနေသလိုပဲ. . . အလုပ်လေး ဘာလေး ရှိရင် ငါ့ကို လက်တို့ဦးကွာ'

'အေး. . ငါလည်း အဲဒီအလုပ်အတွက်ပဲ ပြောနေတာ. . မင်းအိမ်ကို ပေါင်ပြီး'ရတဲ့ငွေကို အရင်းအနှီးလုပ်. . ဒါမှ ကိုယ်ပိုင်အလုပ်လေးတစ်ခုခုလုပ်လို့ရတာပေါ့. . နို့မို့ဆို မင်း သူများဆီမှာ သွားလုပ်နေရမှာ'

'အေးလေ ငါကလည်း တစ်နေကုန် ရီဝေယံဖြစ်နေတော့ သူများဆီမှာ လုပ်လို့ဖြစ်မှာ မဟုတ်ဘူး'

ဂုဏ်ရဲ့စကားကြောင့် အောင်မျိုးက ဂုဏ်မျက်နှာကို ပြုံးပြပြီး ကြည့်သည်။

'မင်းရုပ်က ရုပ်ရှင်မင်းသား ရီဝေယံနဲ့ မတူပါဘူးကွာ. . တခြားစီပဲ၊ ကိုရီးယားမင်းသားနဲ့တူတာကွ'



www.burmeseclassic.com

www.burmeseclassic.com



'သေလိုက်ပါလား. . ငါက သောက်ပြီးရင် ရီဝေ ရီဝေဖြစ်နေလို့ ပြောတာ'

'ဟား. . ဟား. . ဒီလိုလား'

'ထပ်မှာကွာ ဒီနေ့သောက်တာ မင်းရှင်းနော် အောင်မျိုး'

'မရဘူး. . . အမေရိကန်စီစတင်ပဲ. . သူငယ်ချင်းက သူငယ်ချင်းပဲ ဟော့ကောင်၊ ဒါမျိုးတော့ ဆောရီးပဲ'

သောက်ထားတဲ့အရှိန်နှင့် သွေးက ကြွနေချိန်တွင် အောင်မျိုး၏ ထောင့်မကျိုးသောစကားတွေက သူ့အရှိုက်ကို လာထိသည်။

'ဟော့ကောင်. . မင်းက ဘာလဲ၊ ဒါ ဘာအချိုးချိုးတာလဲကွ. . ဘော်ဒါအချင်းချင်း ငွေမရှိလို့ ခွဲခြားတာလား. . ငါကျွေးမွေးတာကျတော့ တစ်ဖြုန်းဖြုန်း မျိုဆို့ပြီးတော့. .'

ဒေါသတွေ ဆူနေချိန်မို့ သူ့မျက်လုံးထဲမှာ ဘာမှ မမြင်တော့။

'တော်ပြီ ဂုဏ်. . မင်း မူးနေပြီ၊ ငါ ပြန်တော့မယ်ကွာ'

အိမ်ပြန်မလို့ လှည့်ထွက်သွားသော အောင်မျိုး၏အင်္ကျီစကို ဂုဏ်က မိမိရရ လှမ်းဆွဲကာ ခဲယယပြောသည်။





'မင်းကို ငါရှင်းသွားလို့ ပြောနေတယ်. . ခေါ်တုန်းက မင်းပဲ လာခေါ်တာလေကွာ. . ငါ့မှာ ပိုက်ဆံမရှိတာ မင်းသိရက်နဲ့'

အောင်မျိုးက ဂုဏ်၏လက်ကို ဖြတ်ခနဲ ရိုက်ချပစ်လိုက်သည်။

'မင်း ငါ့ကို ခြိမ်းခြောက်တာလား ဂုဏ်. . ငါ သွေးကြောင်တတ်တဲ့ကောင် မဟုတ်ဘူးကွ. . မှတ်ထား'

အရက်က လူ၏ဆင်ခြင်နိုင်စွမ်းကို ဖျက်ဆီးပစ်လိုက်သည်။ လက်မြန်သော ဂုဏ်က ဒေါသနောက်ကိုလိုက်ကာ အောင်မျိုးအား ပုလင်းကွဲစဖြင့် ထိုးလိုက်သည်။

အခြေအနေက ချက်ချင်းပြောင်းလဲသွားသည်။ အရက်ဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

'ဟာ. . ဟိုမှာ ထိုးကုန်ပြီကွ၊ ရဲခေါ်ကွာ. . ရဲသွားခေါ်ကြ၊ ဟိုတစ်ယောက်ကို ဆေးရုံပို့ဖို့ လုပ်ကြဦး'

ထိုအချိန်အထိ ဂုဏ်သည် ကြောင်ပြီး ရပ်နေဆဲပင်။ သူ့ရှေ့မှာ အောင်မျိုးလဲကျသွားတာသာ သိလိုက်သည်။ အောင်မျိုးဗိုက်မှ သွေးတွေက ဒလဟောစီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလုပ်မိတာလဲ. .

အောင်မျိုးကို သူ ထိုးလိုက်တာလား. .

အောင်မျိုး သေသွားပြီလား. . .

ဟင့်အင်း. . . သူသေလို့ မဖြစ်ဘူး။

'အောင်မျိုး. . သူငယ်ချင်း. . ငါ. . ရည်ရွယ်ပြီး လုပ်တာ မဟုတ်ပါဘူးကွာ. . ငါ့စိတ်တွေ လွတ်သွားလို့ပါ. . မင်းကို ငါဆေးခန်းလိုက်ပို့ပေးမယ်လေ. . ငါ့ကိုတွဲကွာ အောင်မျိုး'

အောင်မျိုး မျက်လုံးတွေထဲမှာ သူ့ကို ကြောက်ရွံ့နေတဲ့ အရိပ်တွေ အထင်းသားပေါ်နေသည်။

'ထလေကွာ. . ဆေးခန်းသွားကြမယ်၊ မင်းကို ငါ တောင်းပန်ပါတယ် သူငယ်ချင်းရာ'

ထိုအချိန်တွင် ရဲတွေ ရောက်လာပြီး ဂုဏ် အဖမ်းခံလိုက်ရပါသည်။ ပတ်ဝန်းကျင်အလယ်မှာတော့ ဂုဏ်ဟာ လူဆိုးတစ်ယောက်ဖြစ်ခဲ့ရပြီ။ လောကကြီးကို အမြင်မကြည်တဲ့စိတ်၊ သိမ်ငယ်တဲ့စိတ်၊ အားငယ်စိတ်တွေက တွန်းလှန်ပြီး အပြင်သို့ ပြူထွက်လာသောအခါ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ကုန်ပါသည်။





ဂုဏ် ဆိုတဲ့ကောင်လေးဟာ စိတ်ရင်းကောင်းပြီး မဟုတ်မခံစိတ်ရှိသူသာ ဖြစ်သည်။ အရက်ကြောင့်သာ မဟုတ်လျှင် သူဟာ သွေးဆူလွယ်သူတစ်ယောက် မဟုတ်ပါ။

သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် အချုပ်ထဲမှာ အိပ်ရခြင်း ဖြစ်သည်။ အုပ်ထိန်းသူမရှိသလို အာမခံဖြင့် လာထုတ်ပေးမည့်သူလည်း မရှိပါ။ ထမင်းလာပို့မည့်သူဆို ဟိုး. . အဝေးကြီးမှာ။

တဒင်္ဂအတွင်းမှာ လက်မြန်ခြေမြန်ဖြင့် သူ၏တုံ့ပြန်မှုကြောင့် ဘယ်လိုဂုဏ်သတင်းတွေ ကျန်ခဲ့မှာလဲ. . ဆိုးဂုဏ်လား၊ ကောင်းဂုဏ်လား. .

အမေက သူ့ကို ကောင်းမြတ်တဲ့ ဂုဏ်သတင်းတွေနဲ့ မွှန်းထုံစေချင်လို့ 'ဂုဏ်'ဆိုတဲ့ အမည်ပေးခဲ့တာတဲ့. .

သားကို ခွင့်လွှတ်ပါ မေမေ. . . မေမေ့စေတနာတွေကို သား စော်ကားမိခဲ့ပြီ။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

အချုပ်ထဲကို ဝင်လိုက်ရပေမယ့် ဂုဏ် ထောင်မကျခဲ့ပါ။

အောင်မျိုးသည် ကံကောင်းထောက်မစွာဖြင့် အသက် မ သေခဲ့ပေ။

ထိုအတွက် သူ့အုပ်ထိန်းသူတွေက အမှု မလုပ်တော့ဘဲ ကျေအေးလိုက်ကြသည်။

သဘောထားကြီးလိုက်တာ၊ သည်းခံနိုင်စွမ်းရှိလိုက်တာဆိုပြီး ကျေးဇူးအကြိမ်ကြိမ်တင်မိသည်။ အောင်မျိုးအတွက်လည်း သူဝမ်းသာရသည်။

သူ အချုပ်က ပြန်ထွက်လာပြီး ကြားလိုက်ရတာက အောင်





မျိုး၏မိဘဆွေမျိုးတွေက ဂုဏ် ထောင်ကျသွားလျှင် သူတို့ကို ရန်ငြိုးထားပြီး ကလဲ့စားချေမှာ စိုးလို့ ကြောက်ပြီး ကျေအေးလိုက်တာဆိုပဲ။

လောကကြီးက သူ့ကို ဒဏ်ခတ်လိုက်ပြီလား။ ဂုဏ် ဆိုတဲ့ ကောင်လေးတစ်ယောက်ဟာ မရည်ရွယ်ဘဲ လူမိုက်တစ်ယောက်ဖြစ်ခဲ့ရပြီ။

သူတို့ အမြင်ပြောင်းအောင် သူ့ကိုယ်သူ ပြောင်းလဲလိုက်ရမလား၊ ဒါမှမဟုတ် သူတို့သတ်မှတ်တဲ့အတိုင်း လူဆိုးလူမိုက်ဘဝကို ခံယူလိုက်ရမလား။

လမ်းနှစ်သွယ်မှာ ဘယ်လမ်းကို သူရွေးရမှာလဲ။

စိတ်လေလို့သာ အပေါင်းအသင်း မှားပြီး သောက်မိခြင်းဖြစ်သည်။

ဂုဏ်သည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်သည်။

ဆယ်တန်းကို ဖြေဖြစ်အောင် ဖြေမည်။

စာမေးပွဲဖြေတာက ဒီနေ့လိုအခြေအနေမျိုးလောက် ခက်ခဲမည် မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ငွေမရှိလို့ ငတ်ပြီး သေရင်လည်း သေသွားပါစေ။ အဖေ့ဆီက ငွေကိုတော့ ဂုဏ်သွားတောင်းဖို့ စိတ်ကူးမရှိပါ။

အမေ့ဈာပနကို သူ့ရဲ့နောက်မိန်းမက ခွင့်မပြုလို့ မလာခဲ့တဲ့ အဖေလေ. .

တစိမ့်စိမ့်တွေးလေ. . တရိပ်ရိပ်နာကြည်းလေပင်။

▲ ▲ ▲



ဂုဏ်သည် ဆံယံတန်းစာမေးပွဲတွေ နီးလာသည်နှင့်အမျှ အပြင်သိပ်မထွက်တော့ဘဲ အိမ်တွင်းအောင်းကာ နေ့နေ့ညည စာကိုသာ ဖိကျက်နေမိသည်။

စားဝတ်နေရေးအတွက် စားသောက်ဆိုင် တစ်ဆိုင်တွင် စားပွဲထိုးလုပ်ကာ ဝင်ငွေရှာသည်။

ဂုဏ်အတွက် နေစရာနေရာ ကျဉ်းမြောင်းသွားသည်။ ရပ်ကွက်ထဲမှာ လူတွေက သူ့ကိုမြင်လျှင် ကဲ့ရဲ့ နှာခေါင်းရှုံ့ကြသည်။ မလိုလားသော၊စက်ဆုပ်သောအမူအရာတွေကို လူကဲခတ်မည့်သော ဂုဏ်က အတိုင်းသားမြင်တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို သူရှောင်သည်။

သို့သော် ဂုဏ်သည်လည်း လူထဲက လူတစ်ယောက်မို့ ကြာတော့ အထီးကျန်သောသူ့ဘဝကို အားငယ်စိတ်၊ သိမ်ငယ်စိတ်တွေ ဝင်လာသည်။

တစ်ချိန်က ခင်မင် သံယောဇဉ်ရှိခဲ့ဖူးသော သူငယ်ချင်းတွေကို သတိရလာသည်။ သူတို့တွေနဲ့တွေ့ပြီး စကားလေး တစ်ခွန်း နှစ်ခွန်းပြောလိုက်ရလျှင် စိတ်ထဲမှာခံစားနေရတာတွေ ပေါ့သွားနိုင်သည်။

တဒင်္ဂဖြစ်ပေါ်လာသော စိတ်ကြောင့် ဂုဏ်သည် ကိုးတန်း၊ ဆယ်တန်း တက်စဉ်က ညီအစ်ကိုတမျှ ချစ်ခင်ခဲ့ဖူးသော ကောင်းမြတ်ဆီသို့ထွက်လာခဲ့မိသည်။ ကောင်းမြတ်ကိုခေါ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်မည်။

ဒီကောင်က ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ထားတာဆိုတော့ သူ့ဆီက lecture လိုက်ထားတာတွေတောင်းပြီး လေ့လာရမည်။

ဂုဏ်သည် သူ့အတွေးနှင့်သူ တက်ကြွနေသည်။ ကောင်း





မြတ်အိမ်ရှေ့ရောက်တော့ အဝတ်တွေ လှမ်းနေသော ကောင်းမြတ်အမေကို တွေ့ရသည်။

'အန်တီ. . နေကောင်းလား၊ ကောင်းမြတ်ရှိလား အန်တီ'

ကောင်းမြတ်အမေ ဒေါ်တင့်တင့်က သူ့ကိုမြင်ပြီး မျက်နှာ ကွက်ခနဲပျက်သွားသည်။

ထို့နောက် လေသံခပ်ဆတ်ဆတ်ဖြင့်

'ကောင်းမြတ် မရှိဘူး. . ဘာကိစ္စလဲ'

ဟု မေးသည်။

'ကိစ္စတော့ မရှိပါဘူး အန်တီ၊ သူ့ကို သတိရလို့ သက်သက် ဝင်ခဲ့တာ'

'အေး. . မင်းမှာ ကိစ္စမရှိပေမယ့် ငါ့မှာ ပြောစရာရှိတယ်၊ ငါ့သားနဲ့ လာမပတ်သက်ပါနဲ့၊ ကောင်းမြတ်ကို လာဖျက်ဆီးဖို့ မကြိုးစားနဲ့ ဂုဏ်၊ မင်းလို ဆယ်တန်းကို တဖုန်းဖုန်းကျပြီး အရက်ဆိုင်မှာ လေလွင့်နေတဲ့လူမျိုးနဲ့ ငါ့သားက အပေါင်းအသင်းလုပ်ဖို့ မတန်ဘူးကွဲ့၊ ရှင်းပြီလား'

ရှက်စိတ်၊ ခံပြင်းစိတ်တွေကြောင့် သူ့အသားတွေ တဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တုန်နေသည်။ ရှေ့မှာရပ်ပြီး မားမားမတ်မတ်ရပ်ပေးမည့်မိဘမှ မရှိတာ။

အကောင်းဘက်ကို ဦးတည်နေသည့်စိတ်တွေ ပြန်ပြီးတွေဝေလာသည်။ နောက်ကျိလာသည်။

ဂုဏ်ဆိုတာ လူတကာနှင့်မထိုက်တန်သည့်သူတစ်ယောက်ဖြစ်သွားပြီ. .

ဂုဏ် ဆိုတဲ့ ကျွန်တော်က ဒီလောက်တောင် တန်ဖိုးမဲ့သွားပြီလား မေမေ. . ကျွန်တော့်ရဲ့ဂုဏ်သိက္ခာကို ဘာနဲ့ပြန်ပြီး အဖတ်ဆယ်ရမှာလဲ။

ကောင်းမြတ်တဲ့အမေကို ဒေါသတကြီး ပြန်ပြီး တုံ့ပြန်ချင်ပေမယ့် ကျွန်တော် မလုပ်ခဲ့ပါဘူး။

လူမိုက်စာရင်းထဲ အသွင်းခံရပေမယ့် ကျွန်တော် လူရမ်းကားတစ်ယောက် မဖြစ်ချင်ဘူး။

ကျွန်တော့်လုပ်ရပ်က အမှားတစ်ခုဖြစ်ခဲ့တယ်ဆိုပေမယ့် ပတ်ဝန်းကျင်ရဲ့တုံ့ပြန်မှုက နောက်ထပ် အမှားဆယ်ခုမက ကျူးလွန်နေစေသလိုပဲ။





ခေါင်းငိုက်စိုက်ချပြီး အိမ်ပြန်လာသော ဂုဏ်သည် အိမ်ရောက်တော့လည်း စာဆက်ကျက်လို့ မရတော့ပါ။ အစာ စားချင်စိတ်မရှိ၊ အိပ်ချင်စိတ် နတ္ထိဖြင့် တစ်ယောက်တည်း ဂစ်တာထိုင်တီးနေမိသည်။

စိတ်၏ဖြေရာ. . . .

စိတ်ကို ဘာနဲ့ ဖြေရမလဲ. . ဖြေဆေးတစ်ခုတော့ ရှိရမှာပေါ့. . . ဒီအတိုင်းထိုင်ပြီး စိတ်ညစ်နေတာထက် မူးအောင်သောက်ပြီး တစ်လောကလုံးကို မေ့ပစ်လိုက်တာ ပိုကောင်းမည်ထင်သည်။

ထိုနေ့က ဂုဏ်သည် အလုပ်မဆင်းတော့ဘဲ အိမ်မှာထိုင်ပြီး မမူးမချင်းသောက်နေမိသည်။

ကိုယ့်အပေါ်မှာ နှိမ့်ချပြီး ဆက်ဆံတဲ့ လူတွေကို မုန်းလျှင်ကြွလာသောစိတ်က ရန်မူချင်လာသည်။

ဂုဏ်က သွေးဆိုးသည်။

သွေးဆူလျှင် ဘာမဆိုလုပ်ရဲသော သူ့စိတ်ကို မနည်းထိန်းချုပ်ထားရသည်။

လောကကြီးက သူ့ကို ဒဏ်ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက လောကကြီးကို ပြန်ရွဲ့သည်။

စာမေးပွဲ နီးလာတော့ ဂုဏ်အလုပ် မဆင်းဖြစ်တော့ပါ။ တစ်ခါမှ အကူအညီမတောင်းဖူးတဲ့ ဆွေမျိုးတွေကို သတိရပြီး စာမေးပွဲဖြေပြီးတဲ့အထိ လိုအပ်တဲ့ငွေကို ခဏသွားချေးမလားဟု စိတ်ကူးမိသည်။

အမေ့ဝမ်းကွဲအစ်မ ဒေါ်မေကြည်က ကွယ်ပိုးကွယ်ဝ ရှိသည်။

သို့သော် တစ်ခါမှတော့ သူတို့ကို မပံ့ပိုးဖူးပါ။ နည်းနည်းစေးကပ်တာတော့ သူသိထားသည်။

အမေ့မာနကိုတော့ သူသြချရသည်။

သူသေတဲ့အထိ အမျိုးတွေဆီက အကူအညီမယူဖို့ မှာထားဖူးသည်။

ဒေါ်ဒေါ်ကြည်တို့က သိမ်ကြီးဈေးမှာ ဆိုင်နှစ်ဆိုင်ဖွင့်ထားသည်။ စာရေးကိရိယာနှင့်အလှကုန်ပစ္စည်းတွေ ရောင်းသည်။ နေတာက သယ်န်းကျွန်းမှာ. .

ဂုဏ်သည် တစ်ယောက်တည်းနေရတာ ငြီးငွေ့လာသည်။





အထီးကျန်လွန်းသည်။

တစ်ခါတလေတော့လည်း စကားပြောဖော်လေး ရှိချင်လာသည်။ ထို့ကြောင့်ပင် မရည်ရွယ်ဘဲနှင့် တစ်နေ့မှာ ဒေါ်ဒေါ်ကြည်တို့အိမ်ကို သူရောက်သွားမိသည်။

အချိန်က ညနေ ခြောက်နာရီလောက်ရှိမည် ထင်သည်။

ဆိုင်ပိတ်ပြီးပြန်လာသော ဒေါ်ဒေါ်ကြည်တို့ ထမင်းစားနေကြသည်။

အမျိုးငတ်နေသောဂုဏ်က သူ့ကို ဘယ်သူမှမခေါ်ပေမယ့် စကားတွေ ဖောင်ဖွဲ့အောင် ပြောမိသည်။

'ဒေါ်ဒေါ်ကြည်တို့ထမင်းဝိုင်းမှာ ဟင်းတွေ စုံလှချည်လားဗျ. . ကျွန်တော့်ထမင်းဝိုင်းမှာတော့ နေ့တိုင်း ငါးပိရည်နဲ့ဘဲဥကြော်ပဲ'

အမှန်တော့ သူ့ဗိုက်ထဲမှာ ဟောင်းလောင်းကြီးပါ။ ဗိုက်ကဆာလှပြီ။

သူစိမ်းတွေမှ မဟုတ်တာ. . ဒေါ်ဒေါ်ကြည် ဆိုတာ ကိုယ့်အဒေါ်ပဲ၊ ဒီလောက်ပြောရင် သူ သဘောပေါက်ရောပေါ့. . ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်နပ်တော့ ဘယ်နည်းနှင့်မဆို ခေါ်ကျွေးမှာပဲ ဟု ဂုဏ်က ယုံကြည်ထားသည်။

'ဘာကိစ္စရှိလို့လဲ ဂုဏ်'

'ဗျာ. .'

စိမ်းစိမ်းကားကားကြီးမေးလာသော မေးခွန်းအတွက် သူမှာ အဖြေအဆင်သင့်ရှိမနေပါ။

အကူအညီတောင်းမည်ဟု အားခဲလာသော စိတ်ကူးတွေသည် လေဟာနယ်ထဲ လွင့်ပါသွားသည်။

'ဟဲ့. . မေးနေတယ်လေ'

'ကျွန်တော် ပျင်းလို့လာလည်တာ၊ ပြီးတော့ ဟို. . ဟိုလေ'

တစ်ခါမှ ငွေမချေးဖူးတော့ ကိုယ့်အဒေါ် ဆိုပေမယ့် ပြောထွက်ဖို့ နှုတ်နှေးနေမိသည်။

'ဘာလဲ. . ငွေလာချေးတာလား'

ဒေါ်ဒေါ်ကြည်ဆီက ဒီလိုတဲ့တိုးကြီး မေးလာလိမ့်မည်ဟု ဂုဏ် မထင်ထားပါ။

'ဟုတ်. . ဟုတ်တယ် ဒေါ်ဒေါ်၊ ကျွန်တော် စာမေးပွဲဖြေတဲ့





အတောအတွင်းမှာ အလုပ်မဆင်းနိုင်တော့ ငွေနည်းနည်းလောက်လာချေးတာပါ'

အရဲစွန့်ပြီး ပြောမိပေမယ့် အားငယ်စိတ်ကြောင့် ရင်ဝမှာ ဆို့နင့်နေသည်။

တစ်ချိန်လုံး ဘာစကားမှမပြောဘဲ ထမင်းငုံ့စားနေသော ဒေါ်ဒေါ်ကြည်၏ခင်ပွန်းက

'သူ့ကို ပေးမယ့်အစား မရှိတဲ့သူသာ သွားလှူလိုက် ကြည်ရေ. . ဒီကောင့်လက်ထဲ ငွေထည့်လိုက်ရင် အရက်သောက်လို့ကုန်မှာပဲ'

ဟု လှမ်းပြောသည်။

သဲသဲကွဲကွဲကြားလိုက်ရသည့်အတွက် အံ့ဩစိတ်ဖြင့် မှင်သက်နေမိသည်။

ဘာမှပြန်ပြီး ဖြေရှင်းချက်မထုတ်ချင်တော့ပါ။ ရင်ထဲမှာ နာနေတာပဲ သိသည်။

ငွေ မရှိတဲ့အခါ သိမ်ငယ်သွားသည်။ အလွှာမတူတဲ့အခါ အနှိမ်ခံဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အားကိုးစရာ မရှိ၊ တိုင်ပင်ဖော် မရှိတဲ့ဘဝမှာ မြေနိမ့်ရာ လှံစိုက်ချင်ကြသည်။

ဂုဏ်သည် ဝမ်းနည်းစိတ်ဖြင့် ဘာမှမပြောဘဲ လှည့်ထွက်လာခဲ့သည်။ တစ်ခုခုကို သူ ဆုံးရှုံးခဲ့ရပြီဆိုတာ ချက်ချင်း သိလိုက်သည်။

အဲဒါက ဘာလဲ. . ဂုဏ်သိက္ခာလား။ မရှိမဲ့ရှိမဲ့ ဂုဏ်သိက္ခာလေး ထိပါးခဲ့ရပြီပေါ့. .

မျက်ရည်တွေက လမ်းပေါ်ကို အလိမ့်လိုက် ကျဆင်းသွားသည်။ ဘယ်အချိန်အထိ ငိုနေရဦးမှာလဲ. . လောကဓံ တဲ့. . . ထုထောင်းရိုက်နှက်ချက်တွေက ပြင်းလိုက်တာ။

လောကကြီးကို စိတ်နာသည်။ ကိုယ့်ဘဝ ကိုယ် နာကြည်းသည်။ လူမွဲ၊ ကံကြမ္မာမွဲ၊ မျက်နှာမွဲမို့လို့ ယုံကြည်မှု မရှိကြဘူးတဲ့လေ။

လူကောင်းတစ်ယောက်ဖြစ်ဖို့ ပတ်ဝန်းကျင်ရဲ့ဖေးမမှု၊ ဂရုစိုက်မှု၊ စာနာစိတ်ဖြင့် ကိုယ်ချင်းစာမှုတွေ မရှိသင့်ဘူးလား။

လူတွေနှင့် ဝေးဝေးနေတာပဲ ကောင်းပါတယ်။





ဂုဏ်သည် သူ့ရဲ့နားခိုရာ အိမ်ကလေးဆီသို့ နောက်ကျိသောစိတ်တွေဖြင့် ပြန် လာခဲ့သည်။

အိမ်တံခါးမှာ သော့ခလောက်တန်းလန်းဖြင့် ပွင့်နေသည်။ အသွားတုန်းက သူ သေချာသော့ခတ်သွားတာပဲ။ ဘာဖြစ်လို့ တံခါးက ပွင့်နေရတာလဲ. .

ဂုဏ်သည် သူ့အိမ်ထဲဝင်နေသော သူခိုးကို မိအောင်ဖမ်းမည်။

မိလျှင် သူ့လက်သီး ဘယ်လောက်စွမ်းတယ် ဆိုတာ ပြလိုက်မည်ဟု အားခဲပြီး အိမ်ထဲသို့ အသာလေး ကပ်ပြီး ဝင်လာခဲ့သည်။

သူ့အဝတ်ဗီဒိုထဲမှာ စိတ်ရှိလက်ရှိ မွှေနှောက် ရှာဖွေနေသောသူတစ်ယောက်ကို အတွေ့မှာ အံ့သြစိတ်ဖြင့် ပါးစပ်မှ အသံထွက်သွားသည်။

'အဖေ'

အဖေက သူ့ကိုမြင်သွားပြီး မျက်နှာ တစ်ချက်ပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းပြန်လာတာနဲ့ အတော်ပဲ ဂုဏ်၊ အဖေတို့လက်ထက် ပွား ဆွဲကြိုးလေး လာပြန်ရှာတာ၊ အဖေ့မှာ ငွေအခက်အခဲဖြစ်နေလို့ ခဏပေးပါ သား'

ငွေလိုမှ သားမှန်းသိနေလိုက်တာ အဖေရာ. .

'အဖေ ရှာနေတာ ဒီဆွဲကြိုးလား'

ဂုဏ်က သူ့အင်္ကျီအောက်မှာ ဖုံးကွယ်နေသော ဆွဲကြိုးမျှင်မျှင်လေးကို ဆွဲထုတ်ပြပြီး မေးလိုက်သည်။

'ဟုတ်တယ်. . ဟုတ်တယ်. . အဲဒါပဲ'

'ဟုတ်တယ်ဆိုရင် ပြန်တော့ အဖေ. . ဒါ ကျွန်တော့်ကို အမေ ပေးခဲ့တဲ့ တစ်ခုတည်းသောအမွေပဲ၊ ကျွန်တော်ငယ်ငယ်က အဖျားကြီးရင် ခဏခဏတက်တတ်လွန်းလို့ ခမည်းပေးထားတဲ့ ဆွဲကြိုးကိုမှ ကျွန်တော် မသိအောင် လာပြန်ယူတာ အဖေတစ်ယောက်ရဲ့လုပ်ရပ်လား. . ဒီနေ့ ဒီနေရာမှာတင် အဖေ့ကို ကျွန်တော်အရမ်းမုန်းသွားပြီဗျ၊ သွားပါဗျာ. . သွားပါတော့၊ အဖေ့မှာ မိန်းမလိုချင်ရင် တစ်ယောက်ပြီးတစ်ယောက် ကြိုက်တာယူလို့ ရပေမယ့် ကျွန်တော့်အတွက်တော့ ဒီကမ္ဘာပေါ်မှာ အမေဆိုတာ တစ်ယောက်ပဲရှိတယ်





. . အမေဆုံးသွားတဲ့အတွက် ဒီနေ့အထိ ကျွန်တော်ခံစားနေရတုန်းပဲ. . အကူအညီမပေးချင် နေပါ အဖေ. . လာပြီး မနှောင့်ယှက်ပါနဲ့'

ဒေါ်ဒေါ်ကြည်ယောက်ျားရဲ့ နှိမ်ပြောတဲ့ စကားသံတွေ. . အဖေရဲ့အညှာအတာကင်းမဲ့တဲ့လုပ်ရပ်တွေကြောင့် သူ့စိတ်တွေလွတ်သွားသည်။

ဘာမှအပြစ်မရှိတဲ့ သက်မဲ့ပစ္စည်းတွေကို စိတ်ရှိသလိုကန်ကျောက်ပစ်ခဲ့နေမိသည်။

အဖေ အိမ်ပေါ်မှဆင်းပြေးသွားပါသည်။ ဒါ သားအဖသံယောဇဉ်တဲ့လားဗျာ. . သွေးသားတော်စပ်ပါတယ်၊ သွေးအရင်းကြီးပါလို့ ဘယ်လိုသက်သေပြပြီး နေရမှာလဲ။

တစ်ခါမှ စိတ်မာတ်မကျဖူးသည့် ဂုဏ်၊ စိတ်အားမငယ်ဖူးတဲ့ ဂုဏ်ဟာ ဒီတစ်ခါ သွေးပျက်လောက်အောင် ကြောက်လန့်နေသည်။ မမြင်ရတဲ့ ကံကြမ္မာရဲ့ ထိုးနှက်ချက်တွေကို. . သေလောက်အောင် ချောက်ချားနေသည်။

မိုးပေါ်မှာ သိပ်ကို ခမ်းနားလှပတဲ့ ကမ္ဘာကြီးတစ်ခုရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုရင်တောင် တက်ယူဖို့ အားအင်တွေ သူ့မှာမရှိတော့ဘူး . . အဲဒီလောက်ထိ သူ့ကိုယ်သူ ယုံကြည်မှုတွေ ကင်းမဲ့နေသည်။ စိတ်ဓာတ်တွေက zero အထိ ကျဆင်းနေသည်။

တစ်ခါတလေတော့ မကောင်းတဲ့ အတွေးအခေါ် အယူအဆတွေ ဝင်,ဝင်လာသည်။ သေရင် အရာအားလုံးပြီးမလားဆိုပြီး သေကြောင်းကြံစည်ဖို့အထိ တွေးမိသည်။

ဒါတွေဟာ ဂုဏ် ဆိုတဲ့ ကောင်လေးတစ်ယောက် နေ့စဉ်ဖြတ်ကျော်နေရတဲ့ ခယောင်းလမ်းတွေပေါ့။

▲ ▲ ▲



တချို့က လိုချင်တာအားလုံး မပြည့်လို့ ဘဝမှာ နေရတာ အဆင်မပြေကြဘူးတဲ့။

သတ်သေချင်လောက်အောင်ကို စိတ်ဓာတ်ကျတယ်ဆိုပဲ။

ကျွန်တော့်ဘဝလောက် ဆိုးကြဦးမှာလား။ စားစရာ မရှိလို့ အိမ်တောင် ပေါင်ရတော့မယ်။

စာမေးပွဲဖြေဖို့ စိတ်မပါတော့ ဒီနှစ်လည်း နားရဦးမှာပဲ။ ကျွန်တော့်ကံဇာတာမှာကိုက လူလိမ္မာတစ်ယောက်ဖြစ်ဖို့ ကံပါမလာဘူး ထင်ပါရဲ့။

အေးအေးဆေးဆေး ကိုယ့်ဟာကိုယ် တစ်ယောက်တည်း နေလည်း ရန်ပွဲထဲကို အတင်းဆွဲသွင်းကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ပေးထားတဲ့ ဂုဏ်ပုဒ်က ကျွန်တော်ဟာ လူမိုက် တဲ့။

ရန်ပွဲဆို ပြေးမကြည့်နဲ့ ဂုဏ်ပါပြီးသားဆိုပဲ။

ကျွန်တော် ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အကောင်းမှ မမြင်ကြတာ။

နောက်တစ်ခုက ရွယ်တူတွေကြားထဲမှာ ကျွန်တော်က hero ဖြစ်နေတာ ဆိုးသည်။

သတ္တိချင်း မယှဉ်နိုင်တဲ့အခါ၊ အုပ်စုလိုက် ချိန်းရိုက်တဲ့အခါ မျိုးမှာ သူတို့က ကျွန်တော့်ကို လာငှားကြသည်။

သမာအာဇီဝကျလား၊ မကျလားဆိုတာ တွေးတောနေဖို့ အခြေအနေမှ မပေးတာ။

ထောင်တန်အရွက်ကလေးတွေ ကိုယ့်မျက်စိရှေ့ ရောက်လာပြီဆိုရင်. . ဘူးခါဖို့ သတိမရသလို ခေါင်းခါပြဖို့လည်း တွေဝေသွားတတ်မြဲ။

ကိုယ့်တစ်ဝမ်း တစ်ခါးအတွက် ဖြစ်သလို ရှာစားနေရတဲ့ ဘဝမို့ လမ်းဆုံမှာရပ်နေလို့မှမရတာ. .





လမ်းနှစ်သွယ်မှာ အဖြောင့်အတိုင်း သွားမလား. . ပညာ တစ်ပိုင်းတစ်စနဲ့ ဘယ်လိုမှမဖြစ်နိုင်ပါ။

ကွေ့ကွေ့ကောက်ကောက်နဲ့ သံသရာရှည်မည့် လမ်းကိုမှ သူရွေးမိပြီးသား ဖြစ်နေပြီ။ တကယ်ကို ရွေးချယ်ခွင့် မရှိသည့်ဘဝမို့ မျက်စိမှိတ်ပြီး ဆက်လျှောက်နေရသည်။

ဒီလိုဘဝမျိုးကို ရောက်အောင် တွန်းပို့ခဲ့သည့် အခြေခံ အကြောင်းတရားတွေ များစွာရှိပါသည်။ကွဲကြေစုတ်ပြတ်နေသည့် ဒဏ်ရာဒဏ်ချက်တွေကြောင့် အားလုံးကိုမေ့ထားချင်ပေမယ့် ခါးသီး လွန်းတဲ့အရသာက တစ်သက် မမေ့စရာပါ။

လူတစ်ယောက်ဟာ ဘဝမှာ အစဉ်အမြဲပဲ ကျရှုံးတတ်သ လား. . . မျှော်လင့်ချက်တွေ ပျက်သုဉ်းသွားရင်ကော ငိုကြွေးရဦးမ လား. . . တစ်သက်စာအတွက်လေ။ နိမ့်ကျလွန်းတဲ့ဘဝမှာ အစွမ်း ကုန်ကြိုးစားလည်း ဖြစ်မှ မဖြစ်လာဘဲလေ။

ဘာဖြစ်ဖြစ် နောက်ဆုံးမှာ ပေးလာတဲ့ အခြေအနေကို လိုက်ပြီး ကြည့်လုပ်သွားရုံပဲ ရှိတော့သည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ် ထိုင်နေကျ 'Special One'လက်ဖက်ရည်ဆိုင်မှာ ကောင်လေးတစ်အုပ်စု ရောက်နေသည်။ သူတို့တွေက ဂုဏ်ကိုလာစောင့်နေခြင်း ဖြစ်သည်။

ချိုချဉ်တစ်လုံးကိုပါးစပ်ထဲသွင်းကာ အရသာခံရင်းရောက်လာသော ဂုဏ်သည် လူတွေကို မတွေ့နှင့်၊ တွေ့လိုက်တာနှင့် ပေစောင်းစောင်းမျက်ထောင့်ချိုးကာ ကြည့်သည့်ပုံစံကိုက ရိုက်ပေါက်။

'ကိုကြီးဂုဏ်'

ပိုးဟပ်ဖြူလို ပျော့နွဲ့နွဲ့ပုံစံနှင့်ကောင်လေးတစ်ယောက်က သူ့ဆီလာပြီး ရှိရှိကျိုးကျိုးခေါ် ရှာသည်။





'ပြော. .'

'ကျွန်တော် ကိုကြီးဂုဏ်ဆီမှာ အလုပ်တစ်ခုအပ်ချင်လို့. . အဲဒါ'

'နေဦး. . မင်းက lessonပေးရုံသက်သက် လိုချင်တာလား ဒါမှမဟုတ် ဆေးခန်းရောက်တဲ့အထိလား'

'ဒီကောင့် သိပ်လူပါးဝတာဗျ၊ ဖြစ်နိုင်ရင် ခြေထောက်နှစ်ချောင်းကို ဖောက်ထိုးဆွဲပြီး ပင်လယ်ထဲပစ်ချလိုက်ချင်တာ'

'တော်တော့. . မင်းအပ်တဲ့အလုပ်ကို ငါငြင်းတယ်ကွာ. . လူမိုက်တော့ လူမိုက်ပဲ၊ ဒါပေမယ့် ငါက လူသတ်တဲ့လူမိုက်မဟုတ်ဘူးကွ'

သူငြင်းလိုက်တော့ ကောင်လေးက ပျာပျာသလဲဖြစ်သွားသည်။

ဒီအရွယ်ကောင်လေးတွေမှာ ကောင်မလေးကိစ္စကလွဲလို့ ဘာများရှိ ဦးမှာလဲ။

'ဟာ. . အဲလိုတော့ ပစ်ပစ်ခါခါ မလုပ်ပါနဲ့ဗျာ. . ကိုကြီးဂုဏ် ကူညီမှဖြစ်မှာမို့ပါ. . ဒီကောင်က ကျွန်တော့်ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ခုတ်သွားတာ. . . မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမပေးပါဗျာ. . ကိုကြီးဂုဏ်ကို ကောင်းကောင်းကန်တော့ပါ့မယ်'

ကောင်လေးက သူ့လက်ထဲကို စာအိတ်ကလေးတစ်အိတ် ထိုးပေးလာသည်။

ဂုဏ် ဆိုတဲ့ကောင်က ကြေးစားလူမိုက်တစ်ယောက် ဖြစ်သွားပြီလား. . .

ဖြစ်ချင်တာ ဖြစ်ပေ့ါဗျာ. . မိုက်တယ်ဆိုတာ လူတိုင်းလုပ်နိုင်ဖို့ မလွယ်ဘူးလေ. .

သူများဆိုင်မှာ စားပွဲထိုးသွားလုပ်ရင်လည်း တစ်လနေလို့ လေး၊ ငါးသောင်းရဖို့ လွယ်တာမှမဟုတ်တာ။

အခုကျတော့ ကိုယ်က အလုပ်ကိုသွားစရာမလိုဘဲ အလုပ်က ကိုယ့်ဆီ တန်းတန်းမတ်မတ်ကြီးကို ရောက်လာသည်။

ဂုဏ်အတွက်က ရန်ဖြစ်တယ် ဆိုတာ. . ထမင်းစား၊ ရေသောက်သာသာ ရှိသည်။

လက်ဆကလည်း မှန်သည်။

ခံရတဲ့သူအတွက်လည်း သူက ကြည့်ရသေးသည်။





တအားကြီး လက်လွန်သွားလို့ မဖြစ်သလို သေလောက်အောင် နာကျင်ပြီးမှ သတိလစ်သွားတာမျိုးလည်း သူ မလိုလားပါ။

'မင်းကောင်မလေးအနားကို ဒီကောင် ထပ်မကပ်ရဲရင်. . တော်ပြီပေါ့ကွာ'

'ဟုတ်ကဲ့. . ကျေနပ်ပါတယ်'

'ဒီကောင့်ဓာတ်ပုံ ပါလား'

သူ့အလုပ်ရှင်ကောင်လေးက ဖုန်းထဲမှ လူတစ်ယောက်၏ ပုံကို ဖွင့်ပြသည်။

အဲ့မယ်. . ဒီကောင်က အတော်လာသားဗျ။ ယောကျ်ားတန်မဲ့ ဒီလောက်တောင်ဖြောင့်နေမှတော့ သူ့ကောင်မလေး ပါသွားတာ ဘာဆန်းလို့လဲ။ ဂုဏ်ဆိုတဲ့ ကျွန်တော်က ဟန်မဆောင်တတ်သူပီပီ ပါးစပ်က ထွက်သွားသည်။

'ဟားဟား. . ဒီကောင်က မင်းထက် အများကြီးပုံလာပန်းလာရှိတာကိုးကွ. . အဲဒါကြောင့် မင်းကောင်မလေး ပါသွားတာ'

ကောင်လေးက ကျွန်တော့်ကို တော်တော် တင်းသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တောင် တင်းသလဲဆိုရင်. . စကားတစ်ခွန်းမှ မပြောတော့ဘဲ ကျွန်တော့်လက်ထဲက ပိုက်ဆံထည့်ထားတဲ့ စာအိတ်ကို ပြန်ယူသွားတာသာ ကြည့်တော့။

ဒီနေရာမှာ ဂုဏ်တို့ ခေါင်းငုံ့ခံလိုက်ရင် ကြေးစားလူမိုက်ဆိုတဲ့ နာမည်တစ်လုံး လုပ်စားလို့မရအောင် မြောင်းထဲရောက်သွားနိုင်သည်။

နည်းနည်းတော့ ဟောက်စားလုပ်ရဦးမည်။

နဂိုတည်နေသောမျက်နှာကို ဆယ်ဆလောက် ပိုတင်းပစ်လိုက်ပြီး ကောင်လေး၏အကျီကော်လံစကို ဆောင့်ဆွဲကာ

'ဒီလိုပြီးစလွယ်လုပ်လို့ရရိုးလား ချာတိတ်၊ ငါ ဘာကောင်လဲဆိုတာ သိချင်သေးလို့လား'

တစ်ချက်ပဲ ပိတ်ဟောက်ပစ်လိုက်ရသည်။ ကောင်လေးမျက်နှာမှာ သွေးမရှိတော့။

သူ့လက်ထဲက စာအိတ်လေးကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြန်ပေးရှာသည်။

'ဒီလိုမှပေါ့ကွ၊မင်းက လူကောင်ငယ်သလောက် အခြောက်





စိတ်ဓာတ်နဲ့ နှာကောက်တတ်သားပဲ၊ စိတ်ချကွာ. . ငါက ပျော်လို့လျှောက်နောက်နေတာ၊ ဒီလောကမှာ ငါကြည့်တာ ပိုက်ဆံတစ်ခုပဲရှိတယ်. . မင်း ငါ့ကို ငွေပေးပြီးပြီဆိုတော့ ငါ့တာဝန်ကျေဖို့ပဲ လိုတာပေါ့. . ကဲ. . သွားပြီ'

ဂုဏ်က နောက်ပြန်ကျောခိုင်းလျက်မှ သူတို့အုပ်စုကို လက်တစ်ဖက်ထောင်က နှုတ်ဆက်သွားသည်။

လူတွေက ဂုဏ်ကိုမြင်လျှင် အလိုလိုရှိန်သွားကြသည်။ ဒီလိုဖြစ်အောင်လည်း သူ့ခန္ဓာကိုယ်က ထွားကျိုင်းသန်မာသည်။အသံသြဇာလည်း ကောင်းသည်။

သူ့အကျိုးပေး သန်ရာသန်ရာပေါ့လေ. . လောကမှာ လူအမျိုးမျိုး စိတ်အထွေထွေနှင့် ကြုံသလို ကျင်လည်ကျက်စားနေရတာပဲ။ ဝမ်းနည်းနာကျင်တာတွေ မရှိ။ ဝမ်းသာစရာအပြည့်ဆိုရင် လူတွေဟာ ဒီသံသရာဝဲဂယက်ထဲမှာ မောဟတွေနှင့် ဝဲလည်ဝဲလည်ဖြစ်နေဦးမှာပဲ။ နတ်ပြည်တက်ဖို့ ဘယ်သူမှ ကြိုးစားကြမှာ မဟုတ်တော့ဘူး။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ကျူရှင်လွှတ်ချိန်မို့ လာကြိုသူတွေ၊ ကျောင်းသားကျောင်းသူတွေ ရောထွေးကာ ရှုပ်ယှက်ခတ်နေသည်။

ဂုဏ် လူတစ်ယောက်ကို လာစောင့်နေသည်။

သူ စောင့်ကြည့်နေသောကောင်သည် တော်တော်စန်းပွင့်ပုံရသည်။ ကောင်မလေးတွေ တစ်အုပ်စု၊ ဒီကောင့်နောက်ကို မသိမသာလေး လိုက်ပြီး ကပ်ရှိုးနေတာ သူတွေ့နေရသည်။

ဒီလိုခပ်ကဲကဲညီမတွေသာ သူ့ဆီမှာရှိလို့ကတော့ နားရင်းဆယ်ချက်လောက် အုပ်မိမလား မသိ။

မိန်းကလေးဆိုရင် သူ့မျက်စိထဲမှာ ရိုးရိုးအေးအေးကလေး





ပဲ ကြည့်လို့ရသည်။ သိပ်ပြီး ပေါ့လွန်းနေရင် သူ့မျက်စိနှင့်မတွေ့ပါ။

ဒီကောင့်ပုံစံက ပြေတီဦးတို့ ဟိန်းဝေယံတို့တောင် အရှုံးပေးရမည်။ ဝတ်ထားတာက မင်းသား ရှုံးသလို ကောင်မလေးတွေရှေ့မှာမို့ အထာပေးပြီး အိုဗာတင်းလုပ်နေတော့ ကြည့်ရင်း ကြည့်ရင်း မြင်ပြင်းတွေ ကတ်ပြီး ဆွဲကျွေးချင်လာသည်။

ဂုဏ်သည် ကျော်ဘိုတို ဟု ခေါ်သော ကောင်လေးနောက်ကို မီအောင် လိုက်လာခဲ့သည်။

ကိုယ်တော်က အိမ်တန်းမပြန်တဲ Gameဆိုင် တစ်ဆိုင်ထဲ ဝင်သွားသည်။

Game ဆိုင်ရဲ့ မျက်စောင်းထိုးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ပြီး သူပြန်ထွက်လာမည့်အချိန်ကို စောင့်ရသည်။ တစ်နာရီနှင့်လည်းထွက်မလာ၊ နှစ်နာရီနှင့်လည်း ထွက်မလာတော့ လူက တင်းလာသည်။

သုံးနာရီလောက် ဆော့ပြီးတော့ ဒီကောင် ပြန်ထွက်လာသည်။ ဂုဏ်က ကျော်ဘိုတိုရှေ့မှာ ပိတ်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စကားနည်းနည်းပြောမယ် ဟောကောင်. . မင်းနဲ့တွဲနေတဲ့ မေခိုင်ဆိုတဲ့ ကောင်မလေးကို အခုဖြတ်လိုက်'

လက်ဝါးတစ်ဘက်ကို လေထဲမှာ ထောင်ပြီး ဖြတ်လိုက်ဆိုသည့်အမိပ္ပာယ်ကို ဂုဏ် လုပ်ပြလိုက်သည်။

ကောင်လေးက သူ့ကို ဘုရှုံးရှုံးပြီး ရိုက်ပေါက်ဒီဇိုင်းဖြင့် ပြန်ပက်သည်။

'ဟ. . ရင့်လှချည်လား၊ မေခိုင်က ခင်ဗျားဇယားမှမဟုတ်တာ. . ဟုတ်နေရင်တောင်မှ ကျွန်တော့်ဘက်က ခဲမဆွဲဘဲ အလေးသာပြီးသားပဲ. . ရှင်းလား'

ဂုဏ်သည် ပါးစပ်ကို အသုံးမပြုတော့ဘဲ လက်သီးကို ရွေးချယ်လိုက်သည်။

ဘာမပြော ညာမပြောဖြင့် ဆင့်ကာ ဆင့်ကာ ဆွဲထိုးပစ်လိုက်သည်။

သူ့ဆန်စား ရဲမှ. . တဲ့။ တစ်ယောက်သောသူဆီမှ ပိုက်ဆံကို သူယူထားမိပြီလေ။

ရန်ဖြစ်တဲ့ အတွေ့အကြုံမရှိဘဲ ကောင်မလေးတွေရှေ့မှာ





အလှပဲ ပြတတ်ပုံရသော ကျော်ဘိုဘိုတစ်ယောက် အလဲလဲအပြိုပြိုဖြင့် နောက်ပြန်လန်ကျသွားသည်။

ဖြူနုနေသော ကောင်လေးမျက်နှာကိုကြည့်ပြီး ဆက်မထိုးရက်တော့။ သနားစိတ်ကလေး ဝင်လာသည်။ တကယ်ဆို ဒီကောင်လေးက ကိုယ့်ညီလေးအရွယ်ပဲ ရှိဦးမှာ။ သူနှင့်ကိုယ်က ဘာရန်ငြိုးရန်စမှ ရှိတာ မဟုတ်ပါ။

သူများ မလုပ်ရဲတာကို ကြားထဲက အငှားလူမိုက်လုပ်ပေးနေရတဲ့သူ့ဘဝ။သူ့ရဲ့အသက်မွေးဝမ်းကျောင်းပညာဆိုလည်း ဟုတ်နေပြန်သည်။

'ငါပြောတဲ့အတိုင်း နောက်ဆုတ်လိုက်၊ နောက်တစ်ခါဆို ငါ အာမမခံနိုင်ဘူးကွ'

'ကျွန်တော်က သွားပတ်သက်နေတာမှ မဟုတ်တာ. . သူဟာသူ လာနွယ်တာတော့ မတတ်နိုင်ဘူး'

'မလိုချင်ဘူး. . သူလာနွယ်လည်း မင်းက ရှောင်ရမယ်. . OK'

ပတ်ဝန်းကျင်က လူတွေ ဝိုင်းကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အမြင်မှာတော့ ကောင်လေးနှစ်ယောက် ရန်ဖြစ်နေကြသည်။ ကောင်မလေးကိစ္စကြောင့်လို့ အကြမ်းဖျင်း သိကြလိမ့်မည်။

'ကျွန်တော်သိပြီ. . ခင်ဗျားကို ဟိုဂျီပုန်းလိုလို ဂန်ဒူးလိုလို အကောင်က လွှတ်လိုက်တာ မဟုတ်လား'

'ဒါတွေ မင်းသိစရာ မလိုပါဘူး၊ ငါပြောသလိုသာ လုပ်၊ ဟုတ်ပြီလား'

ကောင်လေးက ဘာမှပြန်မပြောတော့ဘဲ မြေကြီးပေါ်လဲကျနေရာမှ ကုန်းပြီး ထလာသည်။

သူ့ခေါင်းကို ပြန်အမော့မှာ နှာခေါင်းထဲမှ သွေးတွေ စီးကျလာသည်။ သက်သက်ညှာညှာလေးလုပ်ပေမယ့် ဒီလိုသွေးထွက်သံယိုဖြစ်သွားတာ မြင်ရတော့ စာနာစိတ်ဖြစ်မိသည်။

'မင်း ဒီကပြန်ရင် ဆေးခန်းသွားပြလိုက်ဦး'

ပြောပြီး သူလှည့်ထွက်လာမိသည်။

ကျော်ဘိုဘိုသည်. . ထူးဆန်းလှသော လူတစ်ယောက်ကို ကြောင်ငေးကြည့်ရင်း ကျန်နေခဲ့ရသည်။





ဘာအကန့်မှမရှိဘဲ ဘလိုင်းကြီး လာထိုးသွားပြီး ဆေးခန်းပြခိုင်းတဲ့လူမျိုး တွေ့မှမတွေ့ဖူးတာ. .

နောက်ပြီး မေခိုင်က သူ့ကောင်မလေးလည်း မဟုတ်ဘဲနဲ့။ အထိုးခံသောနေရာမှာ ရောင်ကိုင်းလာပြီး တဆစ်ဆစ်ကိုက်ခဲလာသည်။ လူပုံအလယ်မှာ အထိုးခံလိုက်ရသည့်အတွက် ရှက်ပြီး သွက်သွက်ကလေး ပြန်ခဲ့ရသည်။

အပွဲပွဲ နွှဲလာသမျှ ဒီတစ်ကြိမ်မှာတော့ ကျော်ဘိုဘိုတို့ ခံလိုက်ရသည်။ ဘယ်ကောင်မလေးနဲ့ပဲ တွဲတွဲ ဒီလိုရန်ပြုခံရတာမျိုး မကြုံခဲ့ဖူးပါ။ မေခိုင်ဆိုတဲ့ မိန်းမနဲ့တွေ့မှ သူခံလိုက်ရသည်။

မေခိုင်ကို ရှောင်ဖို့. . တဒင်္ဂအတွင်းမှာပင် ဆုံးဖြတ်လိုက်တော့သည်။

ဘာဖြစ်လို့လဲဆိုတော့ နောက်တစ်ကြိမ် သူ ထပ်ပြီးအထိုးမခံချင်တော့လို့ ဖြစ်သည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်သည် အိပ်ရာထဲတွင် မျက်လုံးတွေကြောင်ပြီး စဉ်းစားနေမိသည်။

သူ့လုပ်ရပ်တွေ မှန်မှမှန်ရဲ့လား။

ကိုယ့်ဝမ်းစာအတွက် လွယ်တဲ့လမ်းကို ရွေးပြီး စီးပွားရှာတတ်တဲ့ ဂုဏ် ဖြစ်နေပြီလေ. . .

အရေးကြီးရင် သွေးနီးပေးမည့်အမျိုးတွေလည်း သူ့အနားမှာ မရှိပါ။ ခံတပ်သဖွယ် ရှေ့မှာကာဆီးပေးမယ့် မိဘအရိပ်လည်း မရှိတော့ပြီပဲ။

အခုချိန်မှာတော့ သူ့အနာဂတ်တွေ မှုန်ဝါးနေသည်။





ဟိုးအမြင့်ကြီးကို မျှော်တွေးထားတာမျိုး မရှိသလို ဘဝမှာ သိပ်ပြီးခမ်းနားကြီးကျယ်ချင်တာမျိုးလည်း မရှိပါ။

သူ့ရဲ့အရေးပေါ် အခြေအနေသည် ထမင်းနပ်မှန်ဖို့သာ ဖြစ်သည်။ ထိုထက် ဘာမှမပိုပါ။

'ဂုဏ်ရေ. . ဂုဏ်. . အိပ်နေပြီလား'

အိမ်နံရံပျဉ်ပြားကို ဖောက်ပြီး ဝင်လာသောအသံကြောင့် ဂုဏ် ထလာခဲ့သည်။ ဒီအသံက သူနှင့်ရင်းနှီးနေသည်မို့ အထွေအထူး စဉ်းစားမနေတော့ဘဲ တံခါးဖွင့်လိုက်သည်။

'ဂုဏ်. . မင်းလိုက်ခဲ့ကွာ. . အချိုကြီးရမယ့် ခွင်တစ်ခုတွေ့ထားတယ်ကွ'

'ဘာလဲကွ. . မင်းဟာက အရင်းမရှိ အဖျားမရှိ ဥပဒေနဲ့ မလွတ်တဲ့အလုပ်ဆို ငါ မလုပ်ဘူးနော်'

'အရေးပေါ် အခြေအနေမို့ မင်းကို လာခေါ်တာပေါ့၊ စိတ်ချ. . မင်းကို လူလည်း မသတ်ခိုင်းဘူး၊ ဘိန်းလည်း မသယ်ခိုင်းဘူး၊ အခုလာခေါ်တာက မင်းလက်သံပြောင်မှန်းသိလို့ ငါ့ bossက ခေါ်ခိုင်းလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာအတွက်လဲ'

ဝေလင်းက စိတ်မရှည်သောလေသံဖြင့် ဂုဏ်လက်ကို ဆွဲပြီး ခေါ်လေသည်။

'လိုက်မှာသာ လိုက်ခဲ့ကွာ. . ဟိုရောက်ရင် သိရမှာပေါ့'

'နေဦးကွ. . ငါ့အိမ်တံခါးလေးတော့ ပိတ်ပါရစေဦး'

'မင်းအိမ်မှာ ဝင်ခိုးစရာ အဖိုးတန်ပစ္စည်း ဘာများ ရှိနေလို့လဲ'

'ရှိရှိ မရှိရှိကွာ၊ ငါ့မှာ ချမ်းသာတာ ဒါအကုန်ပဲ'

'မင်း ဒီည အပီဆော်ပေးရင် မြိုးမြိုးမြက်မြက်လေး ရမှာပါကွ၊ အဲဒီကျတော့မှ ငါ့ကိုပြုစုဖို့ မမေ့နဲ့'

'အေးပါကွာ'

သူငယ်ချင်းနှစ်ယောက် သုတ်သီးသုတ်ပျာဖြင့် ထွက်လာခဲ့ကြသည်။ အချိန်က ညဆယ့်တစ်နာရီကျော်နေပြီမို့ လမ်းပေါ်မှာ လူတွေ ရှင်းနေသည်။ အဲဒီအချိန်ကျမှ သူ့အလုပ်က စရမှာတဲ့လေ။

▲ ▲ ▲



ဝေလင်း၏ သူဌေးက မြို့လယ်မှာ ခမ်းနားထည်ဝါသော စားသောက်ဆိုင်ကြီးတစ်ဆိုင် ဖွင့်ထားသည်။

သူ့ဆိုင်မှာ အလုပ်ရဖို့ဆိုတာ မလွယ်ကူပါ။

ဂုဏ်တောင်မှ ဆယ်တန်းမအောင်လို့ အလုပ်လျှောက်ခွင့်မရခဲ့ပါ။

ပညာတတ် ဘွဲ့ရတွေကို လစာ ကောင်းကောင်း ပေးပြီး အလုပ်ခန့်တတ်သည့် သူလိုသူဌေးတစ်ယောက်က ပညာမဲ့ အခြေအနေမဲ့တဲ့ ကျွန်တော့်လို လူတစ်ယောက်ကို ဘာကိစ္စတွေ့ချင်ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဝေလင်းက သူဌေးရှိသော အခန်းထဲသို့ ခေါ်သွားသည်။ ဥပဓိရုပ်ကောင်းပြီး အသက်ငါးဆယ်ကျော်လောက်ရှိမည့် သူဌေးကို ဝေလင်းက အရိုအသေပေးကာ

'သူ့ကို ခေါ်လာပါပြီ Boss'

သူဌေးက မျက်မှန်ကို အောက်ချပြီး သူ့ကို စိုက်ကြည့်လာသည်။

'ဝေလင်း ပြောပြထားလို့ မောင်ရင့်အကြောင်း ဦး သိထားပြီးသားပါ၊ မင်း လုပ်နိုင်မယ်လို့လည်း ဦး ယုံကြည်ပါတယ်'

ခုချိန်အထိ ဘာလုပ်ရမယ်ဆိုတာ အတိအကျ မသိသေးတော့ စိတ်ထဲမှာ မတင်မကျဖြစ်လာသည်။

'ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ သိခွင့်ရှိမလား ဦး'

'သူတို့ လာတော့မှာပါ'

'ဗျာ'

ဂုဏ်က ထူးဆန်းသောအပြောကြောင့် အံ့ဩပြီး အာမေဋိတ်သံ ထွက်သွားသည်။

'ဟုတ်တယ်. . ဒီကောင်တွေက အုပ်စုဖွဲ့ပြီး ဗိုလ်လာကျ





နေတာ. . ဆိုင်က ကောင်မလေးတွေကို ကိုယ်ထိလက်ရောက် လာစော်ကားနေတာက အဆိုးဆုံးပဲကွ. . မင်းအလုပ်က ဒီကောင်တွေ နောက်. . ထပ်မလာရဲအောင် ဆုံးမပေးရုံပဲ'

ဒီလောက်ဆို ဂုဏ် သဘောပေါက်ပါပြီ။

မဟုတ်တဲ့နေရာမှာ ထူးချွန်တယ်လို့ ပြောရမလား မသိပါ။ တစ်ဖက်မှာ လူဘယ်နှယောက်ပဲ ပါလာပါလာ ဂုဏ်တို့က မဖြုံပါ။ တစ်ယောက်ပြီးတစ်ယောက် ပြိုသွားအောင်ဖြိုဖို့သာ အာရုံရှိသည်။

ကိုယ်ခံပညာကျွမ်းကျင်မှု ဆိုတာ လေ့ကျင့်မှုနှင့် အတွေ့အကြုံ ရင့်ကျက်မှုက စကားပြောသည်။ လိုအပ်လို့ လာအကူအညီတောင်းရင်တောင် ကူညီပေးရတာ မြန်မာတွေရဲ့စိတ်ဓာတ်ပဲ။ သူကျတော့ ရိုးရိုးအကူအညီတောင်းတာမျိုး မဟုတ်ဘဲ ပိုက်ဆံပေးပြီးတော့ကို အထူးတလည်ခေါ် ယူကြတာ။

ဂုဏ်ဆိုတဲ့ သူဟာ သူများနဲ့မတူတဲ့၊ သူများ မလုပ်နိုင်တဲ့ အလုပ်တစ်ခုကို လုပ်ပြနိုင်တဲ့အတွက် ဘယ်သူတွေ ဂုဏ်ယူယူ မယူယူ သူကတော့ သူ့ကိုယ်သူ ဂုဏ်ယူသည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

'ခရေရိပ်'Restaurant မှာ ညဥ့်နက်လေ လူစည်လေပင်။ အဆိုတော်ကောင်မလေးတွေကလည်း လန်းသည်။

အရက်ခိုးတွေဝေပြီး ပါလာတာ အားလုံးကုန်အောင် ပန်းကုံးစွပ်ပွဲကျင်းပနေကြသော အန်ကယ်ကြီးတွေကိုတော့ ဂုဏ် ဩချမိသည်။

သူဌေးပြောသောအချိန်က တဖြည်းဖြည်း နီးကပ်လာပြီ။ ဆိုင်မှာလာပြီး မိုက်ကြေးခွဲ၊ အနိုင်ကျင့်နေတဲ့ ကောင်တွေကို သူတွေ့ချင်နေသည်။

ဂုဏ် စောင့်နေတုန်းမှာ မျက်စိရှုပ်အောင် ဆင်ထားသော





ဂျစ်ကားတစ်စီးသည် စပီကာ အကျယ်ကြီးဖွင့်ပြီး တဒုန်းဒုန်းထုကာ ရောက်ချလာသည်။

ကားပေါ်မှဆင်းလာသူတွေက အားလုံး ခုနစ်ယောက်. . မောင်ရင်ငတေ မိုက်ကန်းမည့်ရုပ်တွေ. .

ဂုဏ်သည် သူဆောင်နေကျ တုတ်တစ်ချောင်းကို ဆွဲကာ ထိုလူတွေရှေ့သို့ သွားပြီး

'ရပ်စမ်း'

ဟု တားမြစ်လိုက်သည်။

ကတုံးဆံပင်ပေါက်ကို ဆေးရောင်စုံဆိုးထားသော ကောင်တစ်ကောင်က

'မင်းက ဘာကောင်မို့ လာပြီး ပွဲဆူနေတာလဲ၊ ဟေ့ကောင်တွေ ချကွာ'

သူ့တပည့်တွေက ဆရာစကားကို တသွေမတိမ်း နာခံကာ အုတ်ခဲတွေ၊ တုတ်တွေ ယူပြီး သူ့ဆီ ပြေးဝင်လာကြသည်။

ဂုဏ်က ဦးအောင် ဆော်ပစ်လိုက်သည်။

တစ်ယောက်ပြီး တစ်ယောက်. . ဝင်လာသူတိုင်းကို ရဲရင့်



www.burmeseclassic.com

www.burmeseclassic.com



သော၊ ပြတ်သားသောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်နေမိသည်။ အများနှင့်တစ်ယောက်ပေမယ့် လက်သံပြောင်သောဂုဏ်ကို သူတို့ ဖြုံလာကြသည်။

နောက်ဆုံးတိုက်စစ်အဖြစ် ဂုဏ်က တစ်ဖက်ခေါင်းဆောင်၏ရင်ဘတ်ကို ခုန်ကန်ပြီး တစ်ဆက်တည်း မျက်နှာကို ဒူးဖြင့်ဖြတ်တိုက်ပစ်လိုက်သည်။

ခေါင်ကို ကိုင်မိပြီဆိုတော့ ဒီပွဲက ပွဲသိမ်းသွားပြီဖြစ်သည်။ ဂုဏ်က အားလုံးကြားအောင် အောင်မြင်သောအသံဖြင့်

'ကဲ. . မင်းတို့အားလုံး သိအောင် ငါပြောမယ်. . ဒီဇာတ်လမ်းကို စီးရီးတွဲမဖြစ်ချင်ဘူး. . ဒီမှာတင် ဖြတ်မယ်၊ သဘောပေါက်လား. . နောက်နေ့ ဒီဆိုင်ရှေ့ကို အရိပ်တောင် လာမနင်းနဲ့၊ သွားတော့. .'

တပည့်တွေက သူတို့ဆရာကို ဂျစ်ကားပေါ် ပြန်တင်ပြီး ကားမောင်းကာ ထွက်သွားကြသည်။

'ဖြောင်း. . ဖြောင်း. . ဖြောင်း'

လက်ခုပ်သံ အကျယ်ကြီး ကြားသဖြင့် ဂုဏ်က လှည့်ကြည့်





စဉ် သူ့ဌေးဆီမှ အသိအမှတ်ပြုသော အပြုံးတစ်ခုကို ဝမ်းသာစွာ တွေ့လိုက်ရသည်။

'ကောင်းတယ် သိပ်ကောင်းတယ်ကွာ၊ မင်းရဲ့ကိုယ်ခံပညာက တော်တော်အဆင့်မြင့်တာပဲ'

'ကျေးဇူးတင်ပါတယ် Boss'

'ဒီနေ့ မင်းရဲ့စွမ်းဆောင်မှုအတွက် ငွေနှစ်သိန်း ဦး ဆုချတယ်ကွာ. . ရော့'

သူ့ဘဝ သူ့ထစ်သက်မှာ တစ်ခါမှ မကိုင်ဖူးသောငွေပမာဏမို့ အံ့ဩစိတ်နှင့်အတူ ဝမ်းလည်းသာမိသည်။

တကယ့်ကို ရေခန်းနေတဲ့အချိန်မှာ ကယ်တင်ရှင်ကြီးပေါ်လာသလို သူခံစားရသည်။

အထီးကျန်တဲ့. . သိမ်ငယ်တဲ့. . လူတစ်ယောက်အတွက် နေရာတစ်နေရာရှိနေသေးတဲ့အတွက် ကျေးဇူးပဲ ကမ္ဘာကြီးရေ. .

အထိန်းအကွပ်မရှိတဲ့ ဘဝမှာ အရက်ကို စိတ်ညစ်တဲ့အခါ သောက်သည်။

ပျော်တဲ့အခါမှာ ပိုသောက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုလင်းကွဲ - ၈၄

ထိုနေ့ညက ဝေလင်းနှင့်သူ မိုးမလင်းမချင်းပုလင်းထောင်ကြသည်။

လွယ်လွယ် ရ၊ လွယ်လွယ် သုံး. . အနာဂတ်အတွက် စုဆောင်းဖို့ သူ့ခေါင်းထဲမှာ မရှိ။

ဒီလိုဘဝမျိုးနှင့် ဂုဏ် နေသားကျနေပြီ။ တစ်သားတည်းဖြစ်နေပါပြီ။

▲ ▲ ▲



နွေးဖျော့နေသော နေရောင်ခြည်အောက်မှာ မူလတန်းကျောင်းလေး အသက်ဝင်နေသည်။

ဆရာမလေးနှင်းသဇ္ဈာန်၏သာယာသော၊ နွေးထွေးသောအသံလေးနှင့်အတူ ကလေးများ၏အားတက်သရော စာအံသံများက ကျောင်းပတ်ဝန်းကျင်တွင် ပျံ့လွင့်နေသည်။

'ဆုတောင်း ဆိုတဲ့ကဗျာကလေး ဆိုကြရအောင်. . စပါးဝါရွှေ ဝင်းပါစေ. . ပန်းတွေ သင်းပါစေ. . ငှက်ကလေးတွေ မိုးတိမ်ကြား ပျံနိုင်ကြစေသား'

ကလေးတွေ သံပြိုင်ဆိုနေသော ကဗျာလေးမှာ အဓိပ္ပာယ်ရှိသည်။ မေတ္တာတရားတွေ လွှမ်းခြုံထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် ချစ်စရာကောင်းသော. . အပြစ်ကင်းသော. . တပည့်လေးတွေကိုကြည့်ပြီး ကြည်နူးနေသည်။

ပီတိကိုစားပြီး အားရှိနေရသော ဆရာတစ်ယောက်ရဲ့ဘဝကို သူမ မြတ်နိုးခုံမင်သည်။

ဖေဖေကလည်း နှင်းကို ကျက်သရေ ရှိသော၊ ယဉ်ကျေးသိမ်မွေ့သော ကျောင်းဆရာမလေးတစ်ယောက်အဖြစ် မြင်ချင်ခဲ့သည်။

အခုလေ. . နှင်း ကျောင်းဆရာမလေးတစ်ယောက်ဖြစ်နေပါပြီ ဖေဖေ။

ဖေဖေ မြင်တယ်မဟုတ်လားဟင်. .

ဘဝခြားနေပေမယ့် ဖေဖေ နှင်းကို စောင့်ကြည့်နေမယ်ဆိုတာ နှင်းသိတယ် ဖေဖေ။

အဖေတစ်ခု၊ သမီးတစ်ခုဘဝမှာ ဖေဖေက နှင်းကို နှုတ်မဆက်ဘဲ ထွက်ခွာသွားခဲ့သည်။

ကုန်ကားကြီးတွေ မောင်းသော ဖေဖေသည် မူဆယ်သို့အသွား လမ်းတွင် ကား accident ဖြစ်ပြီး ဆုံးသွားခဲ့သည်။





ထိုစဉ်က နှင်းမှာ B.Ed တက်နေချိန်။ ဖေဖေ့သတင်းကို ကြားပြီး ဘဝမှာ ဆက်လက်ရပ်တည်ရဲသည့်သတ္တိတွေ ပျောက်ဆုံးခဲ့သည်။ အားငယ်ခဲ့သည်။

လူ့ဘဝ လူ့ပတ်ဝန်းကျင်မှာ တင့်တယ်စွာ ရပ်တည်နိုင်ဖို့ အတန်တန်အားမွေးပြီး ကျောင်းဆရာမ ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။

ကိုယ့်ဘဝ ကိုယ်ကျောင်းရင်း၊ ကိုယ့်သိက္ခာ ကိုယ်ထိန်းပြီး နေရသည့် နှင်း။

ဖေဖေ့ကို သတိရပေမယ့် ခုတော့ ကလေးတွေနှင့် ပျော်နေတတ်ခဲ့ပြီ။

နှင်းရဲ့ဆံကေသာထက်မှာ တပည့်ကလေးတွေ ယူလာပေးသော ပန်းတွေက တစ်နေ့မှ မပြတ်ခဲ့ပါ။

ဒီနေ့လည်း နက်မှောင်သန်စွမ်းသော သူမ ဆံပင်ထက်မှာ ရနံ့သင်းသော နှင်းဆီဝါလေးတစ်ပွင့်က နေရာယူထားသည်။

ဒီဇင်ဘာရဲ့နှင်းစက်လေးတွေလို အေးမြတဲ့ မျက်နှာလေးနှင့် လန်းဆန်းချိုမြသော အပြုံးပိုင်ရှင်လေး နှင်း။

နှင်းကိုတွေ့ရင် လူတိုင်းရင်မှာ အေးမြစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကလည်း သူမကို ချစ်ကြသည်။

မေတ္တာပေးမှ မေတ္တာရတယ်ဆိုတဲ့ စကားကို နှင်းအပြည့် အဝလက်ခံသည်။

ကလေးတွေနှင့် သူမ အပေးအယူမျှစွာ စာသင်ကြားကြပြီး နောက် မုန့်စားကျောင်းဆင်းချိန်ရောက်လာပါသည်။

ဇောင်းထဲမှလွှတ်လိုက်သော မြင်းကလေးများနှယ် ကဆုန် ပေါက်ပြီး ပြေးထွက်သွားကြသော ကလေးများကို နှင်းက

'သားတို့သမီးတို့ လဲကျမယ်နော်. . သတိထား'

ဆိုပြီး စိုးရိမ်စွာ သတိပေးနေမိသည်။ ကလေးလေး တစ် ယောက်ကဆို

'ဆရာမ. . သားသား မုန့်ဝယ်လာမယ်၊ စောင့်နေနော်'

ဟု တကူးတက မှာသွားသေးသည်။ နှင်းက လှမ်းပြောရ သည်။

'သား. . ဝယ်မလာနဲ့နော်၊ ဆရာမမှာ မုန့်ပါတယ်ကွဲ့. . သားကိုယ့်ဟာကိုယ် ဝယ်စားနော်'

သာမန်လူတန်းစားမိသားစုက ပေါက်ဖွားလာတဲ့ ကလေး





တွေမှာ မုန့်ဖိုးအများကြီး ဘယ်မှာလာပြီး ရမှာလဲ။ မဖြစ်စလောက် မုန့်ဖိုးလေးထဲက ဆရာမကို ကျွေးချင်သည့် သူတို့စေတနာလေးတွေ က တကယ့်အဖြူရောင်သက်သက်မို့ နှင်းရင်ထဲတွင် ဝမ်းသာ ဝမ်း နည်းဖြစ်ရသည်။

နှင်းက ကလေးတွေကို မျက်ခြည်ပြတ်မခံပါ။ အမှတ်ခြစ် ရင်း စောင့်ကြည့်ပေးနေမိသည်။ ရှင်ထွေးမိလေးက ခုံတန်းပေါ်မှာ မှောက်ပြီး အိပ်နေတာမို့ နှင်းက

'သမီးလေး. . ထွေးမိ၊ နေမကောင်းဘူးလားကွယ်. . ဘာ ဖြစ်နေလဲ သမီး. . ဆရာမကို ပြောစမ်း'

'သမီး ဗိုက်အောင့်လို့ပါ ဆရာမ'

'ဘယ်နားက အောင့်တာလဲ သမီးရယ်'

နှင်းက ကလေးဗိုက်ကလေးကို နေရာ ရွှေ့ရင်း မေး,မေး သွားသည်။

'သမီးလည်း မသိဘူး ဆရာမ၊ ဗိုက်. . ဗိုက်ဆာလို့ပါ'

မျက်ရည်ကလေးဝဲရင်း မဝံ့မရဲပြောလာသော ထွေးမိလေး ကြောင့် နှင်းရင်ထဲတွင် နင့်သွားသည်။ ဖြစ်ရလေ ကလေးရယ်. .



www.burmeseclassic.com

www.burmeseclassic.com



မုန့်စားဆင်းချိန်မှာ သူများတွေ စားသလို သူစားချင်ရှာမှာပေါ့။

'သမီး . . လာ၊ ဆရာမ ထမင်းခွံ့ကျွေးမယ်နော်၊ ဒါမှ သမီးဗိုက်မအောင့်မှာလေ'

နှင်းက သူမထမင်းဘူးကို ယူပြီး ထွေးမိလေးကို ထမင်းခွံ့ကျွေးပါသည်။

လိမ္မာလွန်းသော ကလေးက လေး ငါးလုတ်လောက် စားပြီးသောအခါ

'သမီး တော်ပြီ ဆရာမ'

'ဟင် . . ဝပြီလား၊ နည်းနည်းလောက် ထပ်စားပါဦး သမီးရယ်'

'သမီး စားလိုက်ရင် ဆရာမ မဝမှာစိုးလို့ပါ'

သိတတ်လိုက်တာ . . အရွယ်နှင့်မမျှအောင်ကို လိမ္မာရေးခြားရှိလွန်းသည့် ကလေး။

'စားပါ သမီးရယ် . . ဆရာမက သူငယ်ချင်းတွေဆီက ယူစားလို့ရပါတယ်'





'ဆရာမကျွေးတဲ့ ထမင်းက သိပ်စားလို့ကောင်းတာပဲ၊ သမီးအိမ်မှာ ဒီလိုဟင်းမျိုး မစားဖူးဘူး ဆရာမရဲ့'

နှင်းရင်ထဲမှာ သနားစိတ်ဖြင့် နာကျင်သွားရသည်။

ရှင်ထွေးမိလေး ချို့တဲ့တာ သူမ သိပါသည်။

တကယ်တော့ နှင်းရဲ့ထမင်းဘူးထဲမှာ ပုစွန်ဆိတ်ကလေးနည်းနည်းနှင့်ကြော်ထားသော ချဉ်ပေါင်ကြော်ရယ်၊ ကြက်ဥကြော်ရယ် . . ဒါပဲ ပါသည်။

ဒီလိုဟင်းမျိုးတောင် ကလေးက မြိန်ရည်ယှက်ရည် စားနေရှာသည်။ ထွေးမိလေး စားပြီးတော့ နှင်းက ထမင်းဘူးကို သိမ်းနေစဉ် နှင်းရဲ့သူငယ်ချင်း နီနီ ရောက်လာသည်။

'နှင်း . . နင် ထမင်းစားပြီးပြီလား'

'ဟင့်အင်း'

'အတော်ပဲဟယ် . . ငါ လက်ဖက်ရည်သောက်ချင်လို့ နင့်ကို လာခေါ်တာ'

သူတို့သူငယ်ချင်းနှစ်ယောက် ကျောင်းနံဘေးက ဦးမြင့်လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ထမင်းဘူး မပါဘူးလား နှင်း'

'ငါ့တပည့်လေးကို ကျွေးလိုက်လို့ပါဟယ်၊ ငါလည်း ထမင်း မစားချင်တာနဲ့ အတော်ပဲ. . မုန့်ဟင်းခါးစားမယ်လေ'

'အမယ်လေး နှင်းရယ်. . နင့်အကြောင်း ငါမသိတာကျလို့ ကလေးတွေအတွက်တော့ နင်ဟာ နာသုံးနာနဲ့ ပြည့်စုံတဲ့ ဆရာမ လေးပါဟယ်'

နီနီက နှင်းအကြောင်းကို သိနေသူမို့ သူမ ဘာပဲပြောပြော နှင်းက ရယ်လို့သာ နေလေသည်။

လစာ ထုတ်တိုင်း အိမ်ကို တစ်ဝက်လောက်သာ ပြန်ပါ တတ်တဲ့ နှင်း။

ကလေးတွေအတွက် စာအုပ်တွေ၊ ခဲတံတွေ ဝယ်ပေးတတ် သလို မုန့်တွေလည်း ဝယ်ကျွေးတတ်တဲ့ နှင်းသဇ္ဈာန် ဆိုတဲ့ သူငယ် ချင်းလေးကို နီနီ ချစ်ပါသည်။

အတွင်းစိတ်ကလေးက ဖြူစင်ပြီး ဆုတောင်း ကောင်းသူ လေးမို့ နှင်းရဲ့မျက်နှာလေးဟာ ကြည်လင်ပြီး အပြစ်ကင်းစင်လွန်း သည်။





နှင်းစက်ကလေးတွေကို ကြည့်ပြီး အေးမြရသလိုပဲ နှင်းကို ကြည့်ရင် မြင်သူရဲ့ရင်ထဲမှာ အေးချမ်းသွားစေသည်။

ဦးမြင့်က သူတို့နှစ်ယောက်ဝင်လာတာကို တွေ့ပြီး

'ဆရာမလေးတို့ ဘာသုံးဆောင်မလဲခင်ဗျ'

ဟု ဖော်ရွေစွာ မေးသည်။ နီနီက သူမအတွက် လက်ဖက် ရည်ချိုဆိမ့်တစ်ခွက်မှာပြီး နှင်းအတွက် မုန့်ဟင်းခါးကို ဘူးသီးကြော် နှင့် မှာပေးလေသည်။

'နှင်း. . ညတုံန်းကလေ နင့်လူမိုက်က ခရေရိပ် Restaurant မှာ ရန်ဖြစ်ပြန်ပြီတဲ့'

'နီနီနော် နင်တို့ရပ်ကွက်ထဲက လူမိုက်ကို ငါက မြင်တောင် မမြင်ဖူးဘဲနဲ့ ငါ့လူမိုက်ဖြစ်ရောလားဟယ်'

နီနီက ရယ်သည်။

'သိဘူးလေ. . နင်ပဲ သူ့အကြောင်းပြောရင် coverဝင်ဝင် လုပ်ပေးနေတာ မဟုတ်လား'

'ငါက သူ့စိတ်ထဲမှာ ငုပ်လျှိုးနေနိုင်တဲ့အတွင်းစိတ်ကို မှန်း ဆပြီး ပြောမိတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'အခုတော့ လူတွေရဲ့မျက်စိထဲမှာ သူ့ကို ကြက်ခြေခတ်ပြီးသား ဖြစ်သွားပြီပေါ့. . သူကလည်း သူပါပဲလေ. . ဘယ်ရန်ပွဲမဆို သူရှေ့ဆုံးကပါပြီးသားပဲ'

နှင်းက မုန့်ဟင်းခါးပူပူလေးထဲကို သံပုရာသီးတစ်စိတ်ညှစ်ထည့်ရင်း

'အခြေအနေ၊ အချိန်အခါနဲ့ ပတ်ဝန်းကျင်က သူ့ဘဝကို ပြောင်းလဲပေးနေတာလို့ ငါထင်တယ် နီနီ. . ဘာလို့ဆို သူငယ်ငယ်က မဆိုးဘူးလို့ နင်ပဲ ပြောတယ်လေ. . သူ့အမေဆုံးပြီးမှ ပြောင်းလဲသွားတာဆိုတော့ ဝမ်းနည်းအားငယ်နေတဲ့သူ့စိတ်ကို လူမြင်မခံချင်လို့ ကြမ်းပြရမ်းပြနေတာရော မဖြစ်နိုင်ဘူးလား'

နီနီသည် နှင်းကို မျက်စောင်းတစ်ချက် လှည့်ထိုးလိုက်သည်။

တတ်လည်း တတ်နိုင်တယ်ဆိုသည့်သဘော။

နှင်းက ဆက်ပြီး

'တစ်ယောက်တည်းနေတဲ့သူတွေဟာ သူများတွေထက်ပိုပြီး ခံစားတတ်ကြတယ် နီရဲ့. . ဥပမာ ငါ့အပါအဝင်ပေါ့ဟာ'





ဒီလိုဆိုတော့လည်း နှင်းကို နီနီ သနားသွားသည်။ ဟုတ်မှာပါလေ. . နှင်းခမျာ သူ့ဘဝ သူကျောင်းပြီး တစ်ယောက်တည်းရပ်တည်နေရတာဆိုတော့ ဂုဏ်အကြောင်းကြားရင် သူ့ဘဝနဲ့ယှဉ်ပြီး စာနာတွေးလေး တွေးမိတာနေမှာ. .

'နှင်းရယ်. . နင့်ဘေးမှာ ငါတို့တွေ ရှိနေတာပဲဥစ္စာ၊ ဘာအားငယ်စရာရှိလဲ၊ ဩော်. . နောက်ပြီး နင့်သားတွေသမီးတွေလည်း ရှိသေးတယ်လေ. . အေး. . ဒါနဲ့မှမလုံလောက်သေးရင် ဟိုလူမိုက်ကို ငှားခဲ့ပေးမယ်နော်'

နှင်းက နီနီကို ရှက်စနိုးလေး လိုက်ထုနေမိသည်။

ခက်ပဲ ခက်ရချည်ရဲ့ရှင်. . ရှင့်ကို ကျွန်မ မမြင်ဖူးပေမယ့် ရှင့်အကြောင်းကြားရုံနဲ့ ရင်းနှီးနေမိတာ ဘဝရေစက်လို့ပဲ ပြောရမယ်ထင်ပါတယ်။

ရှင်နဲ့ကျွန်မဟာ အထီးကျန်တာချင်း တူတယ်။ မိသားစုမဲ့တာချင်း တူတယ်။

မတူတာက အသက်မွေးဝမ်းကျောင်းပဲ။

ရှင်က သူများမျက်မုန်းကျိုးတဲ့လမ်းကို ရွေးပြီး လျှောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မက အနာဂတ်မှာ ထွန်းတောက်လာမယ့် ကလေးတွေကို ပျိုးထောင်ပေးတဲ့ ဆရာမအလုပ်ကို လုပ်တယ်။

ကွာဟချက်က အကျယ်ကြီးဆိုပေမယ့် ရှင့်ကို ကျွန်မ နားလည်လို့ရတယ်-ဂုဏ်။

အဲဒီအဖြစ်အပျက်က ထူးဆန်းမနေဘူးလား။

▲ ▲ ▲



BURMESE CLASSIC .com

နီနီ ကျောင်းမလာတာ နှစ်ရက်ရှိပြီ။ တော်ရုံတန်ရုံ ဖျားနာတာမျိုးလောက်ကတော့ နီနီတို့က ဆေးသောက်ပြီး ကျောင်းကိုရောက်အောင် လာခဲ့တာပဲ. .

နီနီ့ကို နှင်း စိတ်ပူလာသည်။ ဒါကြောင့် ကျောင်းဆင်းတာနှင့် နီနီတို့နေသော ရပ်ကွက်သို့ ထွက်လာခဲ့မိသည်။

ကျောင်းမဆင်းခင်က ကြည်လင်နေသော ကောင်းကင်သည် သူမလမ်းတစ်ဝက်ရောက်တော့ ရုတ်ချည်းညှိုမည်းလာသည်။ နီနီတို့အိမ် မရောက်ခင် မိုးမရွာပါစေနှင့်ဟု ကျိတ်ပြီး ဆုတောင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နှင်း ဆုတောင်းမပြည့်ရှာပါ။ ခြေလှမ်းကို သွက်သွက်လေးလျှောက်ပေမယ့် ဝေါဆို မိုးက ဆိုင်းမဆင့် ဗုံမဆင့် ရွာချလာလေသည်။

အရေးထဲမှာ နှင်းရဲ့ ထီးကို ဆရာမတစ်ယောက်က ငှား သွားတာမို့ ထီးက ပါမလာပါ။

သူမ တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုနေပြီ။ မိုးရေ စိုတာထက် နှင်း စိုးရိမ်တာ တစ်ခုပဲ ရှိသည်။

အဖြူ အစိမ်း ဝတ်ထားတဲ့ ကျောင်းဆရာမကလေးတစ် ယောက်က လမ်းပေါ်မှာ ထီးမပါ ဘာမပါနဲ့ ကိုးရိုးကားရားဖြစ်ပြီး အမြင်မတင့်တယ်မှာကို ကြောက်မိသည်။

မိုးရေစိုနေသော ထဘီက လမ်းလျှောက်လိုက်တိုင်း တုံ့ ဆိုင်းနေသည်။ ခရီးမတွင်ဘဲ ရှိနေသဖြင့် နှင်းမှာ ထိုင်ငိုချင်စိတ်ပင် ပေါက်မိသည်။

နှင်းအနားမှာ လူတစ်ယောက်ကပ်ပြီးပါလာတာ မသိစိတ် ထဲမှာ သိနေသည်။

ခြေလှမ်းကို မြန်မြန်ကလေး လှမ်းမိသည်။





မိုးက ကြီးပြီး လူပြတ်သော လမ်းမှာ သူမ ရောက်နေမိ ပြီလေ။

ကြောက်စိတ်က တစ်ကိုယ်လုံး အနှံ့ပင်။

ဟိုလူကလည်း သူမလိုပင် ခြေလှမ်း ကျဲကျဲကြီးဖြင့် အမီ လိုက်လာလေသည်။ အော်ဟစ်အကူအညီတောင်းဖို့ ဟိုဟိုဒီဒီ ကြည့် မိတော့လည်း လူရိပ်လူယောင်သော်မှ မမြင်ရပါ။

'ဟော့. . ဟော့. . ဒီမှာ၊ ဒီထီးလေး ယူသွားပါလား ရော့. .'

နှင်း ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားပြီး ထိုသူကို ကြည့်မိ သည်။ ဆံပင်ရှည်တွေကို အနောက်မှာ ပိုနီတေးလိုမျိုး စည်းထားပြီး နှုတ်ခမ်းမွေးပါးသိုင်းမွေးတွေနှင့် အသက်နှစ်ဆယ်ကျော်ယောက်ျား တစ်ယောက်. .

နီနီသာဆိုရင်တော့ လမ်းသူရဲကောင်းဟု ကင်ပွန်းတပ်ပေး မှာသေချာသည်။ သူက နှင်း သူ့ကိုအကဲခတ်နေတာ သဘောပေါက် ပုံရသည်။

'ကြည့်မနေနဲ့အမိ ဘာအထာမှ မဟုတ်ဘူး၊ မင်း ကျောင်း ဆရာမဖြစ်နေလို့ အမြင်မတော်လို့ လာပေးတာ'



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးလား လူကောင်းလားဆိုတာ ခွဲခြားဖို့ သူမဦးနှောက်က အချက်ပြနေပေမယ့် သူ့မျက်လုံးတွေကို မြင်လိုက်ပြီးတဲ့နောက်မှာတော့ နှင်းရဲ့ လက်က ထီးကိုယူမိပြီးသား ဖြစ်သွားသည်။ သူ့မျက်သားတွေက သိပ်ကို ဖြူစင်ပြီး လူတစ်ဖက်သားကို စာနာကူညီတတ် မည့်အရိပ်တွေ လွှမ်းမိုးနေသည်။

'ကျေးဇူးတင်ပါတယ် ကို. .'

'တို့နာမည် ဂုဏ်. . ပါ'

'ရှင်'

နှင်းတစ်ကိုယ်လုံး မိုးကြိုးပစ်ခံရသလိုတုန်သွားသည်။ နီနီပြောပြောနေတဲ့ ဟိုလူမိုက်ဆိုတာများလား။ သူက နှင်းပုံစံကို တအံ့တသြကြည့်ပြီး

'ဘာဖြစ်လို့လဲ'

ဟု မေးသည်။

'ဟိုလေ. . ဒီထီးကို ဘယ်လိုပြန်ပေးရမလဲလို့. .'

'မင်းတို့ကျောင်းမှာ ကိုယ်လာယူပေးမယ်၊ ကျောင်းနာမည်သာ ပြောခဲ့'



BURMESE CLASSIC .com



ဒီလူက ကျောင်းကိုလိုက်လာဦးမတဲ့။

နှင်းမှာ အကျပ်ရိုက်ပြီး အခက်တွေ့နေပြီ. . . သူ့ထီးကိုလည်း ကိုယ်က ယူထားမိပြီလေ. .

'ကျောင်းကို လာမယူပါနဲ့. . ဟိုရှေ့နားလောက်ဆို ကျွန်မသူငယ်ချင်းအိမ် ရောက်ပါပြီ၊ ရှင့်ထီးကို ပြန်ယူသွားလိုက်ပေါ့'

'ကောင်းပြီလေ. . ကိုယ်လိုက်ယူပေးပါ့မယ်'

ဂုဏ်က သူမအနောက်မှ လိုက်လာခဲ့သည်။

နှင်းစိတ်ထဲမှာတော့ ဘာကို စိုးရိမ်နေမှန်းမသိ။ ဂုဏ်ဆိုတဲ့ နာမည်တစ်ခုရဲ့ လွှမ်းမိုးမှုအောက်မှာ ကြောက်စိတ်တစ်ခု ဝင်နေတာ ထူးဆန်းသည်။

သူဟာ နီနီပြောတဲ့သူ ဟုတ် မဟုတ် မသိရပေမယ့် သူပဲဆိုတာ စိတ်ထဲက အလိုလို သိနေတာဟာလည်း ဘာကြောင့်မှန်း သူမ မသိပါ။

နီနီတို့အိမ်ရှေ့အရောက်မှာ နှင်းက သူ့လက်ထဲကို ထီးပြန်ထည့်ပေးရင်း

'ကျေးဇူးအများကြီးတင်ပါတယ် ကိုဂုဏ်'



www.burmeseclassic.com

www.burmeseclassic.com



လို့ တရိုတသေလေး ပြောမိသည်။ သူက သူ့နာမည်ရှေ့မှာ ကိုတပ်ပြီးခေါ်တဲ့အတွက် တဟားဟား အော်ရယ်တော့သည်။

'ကျေးဇူးတင်တယ်ဆိုရင် ကိုယ့်နာမည်ရှေ့မှာ ကို ဆိုတာကြီးကို ဖြုတ်လိုက်ပါ၊ ဒီနာမည်နှစ်လုံးဟာ တွဲပြီး ခေါ်ကောင်းတဲ့အရာ မဟုတ်ဘူး. . ရှေ့ကဟာပဲ ခေါ်ခေါ်၊ နောက်ကဟာပဲ ခေါ်ခေါ် အဆင်ပြေတယ်၊ မင်းနာမည်ကလေး သိခွင့်ရှိမလား. . လမ်းတွေ့ရင် နှုတ်ဆက်လို့ရတာပေါ့'

နှင်းသဇ္ဈာန်ဆိုတဲ့ ကောင်မလေးဟာ ရိုးသားလွန်းသည်။ သူတစ်ပါးကို အကောင်းမြင်တတ်လွန်းသည်။သူများတွေဆို နာမည်လေး မေးတာနှင့် ဟိုးအဝေးကြီးထိ တရှည်တလျားလျှောက်ပြီးတွေးကြတော့မည်။

သူမကတော့ ဟန်မဆောင်တတ်သူပီပီ

'နှင်းသဇ္ဈာန်'

ဟု တိုးတိုးလေး ပြောမိသည်။

သူ့မျက်နှာမှာ အပြုံးလေး တစ်ချက်လက်သွားသည်။ သူ့အပြုံးက ပီသသည်။ ကြည်မြသည်။





သရုပ်ခွဲဖို့ အင်မတန်မှခက်ခဲနက်နဲပါသည်။

'ကိုယ့်ကို ခွင့်ပြုပါဦး နှင်းသဇ္ဈာန်'

နှင်း ခေါင်းညိတ်ပြလိုက်မိသည်။ နှုတ်ဆက်သွားတာ ဘယ်လောက် လူကြီးလူကောင်းဆန်သလဲ။

သူက ခြေလှမ်း နှစ်လှမ်းလောက် လှမ်းပြီးချိန်တွင် နောက်ပြန်လှည့်ကာ

'အဝတ်အစားတွေ လဲလိုက်ဦးနော်၊ အအေးမိဦးမယ်'

အစ်ကိုတစ်ယောက်က ညီမလေးကို စိုးရိမ်လို့ပြောသောလေသံနှင့်တူနေသည်။ သူ့မှာ စာနာစိတ်ရှိနေသည်။ သူမစိတ်ထဲမှာ ဂုဏ်ဟာ ဟိုလူမိုက် မဖြစ်နိုင်ဘူးလို့ ပြန်ပြီး ငြင်းဆန်နေမိပြန်သည်။

စိတ်နှစ်ခွနှင့် ဒွိဟ ဖြစ်နေတာကို မခံစားနိုင်တော့သောနှင်းသည် အိမ်ထဲကို မြန်မြန်ဝင်ပြီး နီနီ့ကိုဆွဲခေါ်လာကာ ထိုလူကိုပြပြီး မေးမိသည်။

'နီ. . ဟိုမှာသွားနေတဲ့သူက ဘယ်သူလဲဟင်'

နီနီ့ခမျာ အနွေးထည်ကလေး ဝတ်ပြီး နှင်းပြသောသူကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြပြီး ကြည့်ပေးရှာသည်။ နောက်ကျောခိုင်း အနေအထားပေမယ့် နီနီက အသေအချာကြီးကို သိနေသည်။

'ဘယ်သူရှိရမလဲ. . အဲဒါ ဟိုအော့ကြောလန်ပေါ့၊ ရပ်ကွက်ချဉ်ဖတ်၊ နင့်လူမိုက်၊ ကဲ. . သိပြီလား'

'ဟယ် နေမကောင်းတဲ့သူက စွာနေလိုက်တာ ကြည့်စမ်း'

'စွာမှာပေါ့ဟဲ့. . နင်က ငါ့လာကြည့်တာလား၊ သူ့ကိုမြင်ဖူးချင်လို့ လာတာလား. . ရှင်းရှင်းပြောစမ်း'

'ဒေါ်နီနီရယ်. . ရှင့်ကို လာကြည့်တာပါနော်. . ငါ့ထီးကို မမူက ငှားသွားလို့ လမ်းမှာ မိုးတွေမိလာတာ၊ ဒီမှာလဲ ကြည့်ပါဦး၊ ငါ့တစ်ကိုယ်လုံး ရွှဲနေလို့ သူက ထီးငှားပေးလိုက်တာ'

'ဘုရား. . ဘုရား. . သူနဲ့ သွားမပတ်သက်ပါနဲ့ နှင်းရယ်၊ ကြားရတာနဲ့တင် ငါ ရင်တွေတုန်လာပြီ'

နီနီက အထိတ်တလန့်လေး ဟန့်တားလာသည်။

'ကဲပါ. . ငါ့ကို နင့်အင်္ကျီလေး တစ်စုံလောက် ငှားပါလားဟယ်၊ ဒါနဲ့ ဂုဏ်က attraction ရှိတယ်နော်၊စိတ်ရင်းလည်း ကောင်းပုံပဲ'





နှင်းက နီနီ့ကို စဖြစ်အောင် စလိုက်သေးသည်။ နီနီတစ်ယောက် ဒေါသတွေပွပြီး ဗျစ်တောက်ဗျစ်တောက် ပြောမဆုံးတော့။

'သွား. . ငါ့အင်္ကျီ မငှားတော့ဘူး၊ ဒီလောက်ပြောနေတာတောင်မှ စိတ်ထဲက ပြစ်မှားချင်နေသေးတယ်နော်'

'စတာပါ နီရယ်. . အင်္ကျီလေးတော့ ငှားပါဟာ၊ ငါချမ်းတယ် နီရဲ့'

'ဟယ်. . ဒါဆို ခဏလေးစောင့်၊ ငါ ကော်ဖီဖျော်တိုက်မယ် သိလား. . တော်ကြာ ဖျားပြုနေမှ နှင်းရယ်'

နီနီတစ်ယောက် နှင်းရောက်လာတော့ အိပ်ရာထဲမှာ ကွေးနေလို့မရတော့ဘဲ တောက်တောက် တောက်တောက်ဖြင့် အိမ်ထဲမှာ အလုပ်ရှုပ်သွားတော့သည်။

နှင်းက နီနီ့မိဘတွေကို မတွေ့ရသဖြင့်

'နီနီရေ. . ဦးတို့ ဒေါ်ဒေါ်တို့ရော မတွေ့ပါလား'

'ဖေဖေတို့အသိတစ်ယောက် ဆေးရုံတင်ထားလို့ သွားမေးကြတယ် နှင်းရဲ့'

'သြော်'



www.burmeseclassic.com

www.burmeseclassic.com



နီနီ့ဘဝလေးကိုကြည့်ပြီး နှင်း အားကျရပါသည်။ နီနီ့မှာ မိစုံဖစုံဖြင့် သာယာချမ်းမြေ့မှုရှိသလို ပြည့်စုံနွေးထွေးတဲ့ဘဝမျိုးကို ပိုင်ဆိုင်ထားသေးသည်။

နောက်ပြီး နှင်းမှာမရှိသည့် မောင်လေးတစ်ယောက်လည်း နီနီ့မှာ ရှိသေးသည်။ နီနီ့မောင်လေးက ပြင်ဦးလွင်မှာ စစ်တက္ကသိုလ်တက်နေသည်။

နီနီ့မောင်လေး ဖိုးသား ပြန်ရောက်တဲ့အခါမျိုးဆို သူတို့ မိသားစုတွေ တစ်မျိုးပြီးတစ်မျိုး မုန့်လုပ်စားကြသည်။ အဲဒီအခါမျိုးမှာ နှင်းကိုပါ ခေါ်ပြီး ကျွေးကြသည်။

သူတို့တွေနှင့် ပျော်ပျော်ရွှင်ရွှင်နေခဲ့ပြီး အိမ်ပြန်ရောက်တော့ ကိုယ်တစ်ယောက်တည်း သိမ်ငယ်မှုတွေနှင့် အထီးကျန်ရမြဲ။

သူရော. . သူလည်း နှင်းလိုပဲ အထီးကျန်ဆန်နေမလား။ တိုက်ဆိုင်မှုရှိတိုင်း သတိတရရှိနေမိတာ အံ့သြစရာပင်။

နီနီသည် ကော်ဖီဗန်းကလေးကိုင်ပြီး ရောက်လာသည်။

'နှင်းရေ. . အခန်းထဲမှာ အဝတ်သွားလဲချေ. . ပြီးရင် ဒီမှာ ကော်ဖီပူပူလေး လာသောက်'





'အဲဒါကြောင့် ဒီသူငယ်ချင်းကို ချစ်နေရတာ'

'လာဖားမနေနဲ့၊ ဒီညစာ ထမင်းပါ ကျွေးမှာ စိတ်ချ'

'ဟဲဟဲ. . တကယ်လားဟင်၊ ဘာဟင်းနဲ့ကျွေးမှာလဲ'

'ငါးလေးအိုးကပ်နဲ့ ဂျူးမြစ်ချဉ်ရည်ဟင်း'

'ဗိုက်တောင် ဆာလာပြီ နီရယ်'

ငါးလေးအိုးကပ် မစားရတာ ဘယ်လောက်တောင် ကြာနေပြီလဲ။ မေမေ မရှိကတည်းကပဲ။ နှင်းသည် မေမေ့ကို ပြင်းပြစွာ သတိရသွားသည်။

မေမေ မရှိတော့ နှင်းကို ဖေဖေက ပိုက်ဆံရှာပေးသည်။ မေမေ့လိုတော့ အနီးကပ်မပြုစုနိုင်ဘူးပေါ့။

နှင်းသည် အဝတ်အစားလဲရင်း ငယ်ငယ်က ပုံရိပ်ကလေးတွေကို ပြန်မြင်ယောင်လာသည်။

ခုလိုပဲ မိုးတွေမိပြီး ကျောင်းမှပြန်လာသော နှင်းကို မေမေက ရေတွေ စင်အောင်၊ ခြောက်အောင် တဘက်ဖြင့် တယုတယ သုတ်ပေးခဲ့ဖူးသည်။ မှတ်မှတ်ရရဆို သူမ လေးတန်းနှစ်တုန်းက ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**ပုလင်းကွဲ - ၁၀၈**

စိတ်ကိုထိန်းထားသည့်ကြားမှ မျက်တောင်ခတ်လိုက်စဉ် မျက်ရည်တွေ ကြမ်းပြင်ပေါ် ကျသွားသည်။

သမီးဘဝက ဒီလိုပါပဲ မေမေ. .

ငိုနေရင်လည်း ချော့ပြီးနှစ်သိမ့်ပေးမယ့်သူ မရှိဘူး။ ပျော်စရာ တွေ့ရင်လည်း မျှဝေခံစားပေးမယ့်သူ အနားမှာ မရှိပါဘူး။ တွေးကြည့်ရင် တကယ်ဝမ်းနည်းဖို့ ကောင်းပါတယ်။

▲ ▲ ▲



ဂုဏ်သည် ကြားလိုက်ရသော စကားကြောင့် သူ့နား သူ မယုံနိုင်အောင် ဖြစ်သွားသည်။ ဦးဂျင်မီက သူ့ပစ္စည်းတွေ ပြန်ယူပေးလျှင် ငွေဆယ်သိန်းပေးမည်ဆိုပဲ။ ဘယ်လိုလဲ. . သူ့တန်ဖိုးက ဒီလောက်တောင် မြင့်တက်သွားပြီလား။

လူမိုက်တစ်ယောက်မှာ လူမိုက်တို့ရဲ့အရည်အချင်းနှင့်စွမ်းဆောင်ရည်က စကားပြောသေးတာပဲ။ ဒီနေ့အပ်တဲ့အလုပ်ဟာ သူနဲ့ထိုက်တန်လို့ သူ့ကို အပ်တာပါပဲ။

တန်ဖိုးများစွာ၊ သိန်းပေါင်းများစွာတန်တဲ့ ရတနာတွေကို သစ္စာမရှိ ကတိ မတည်ကြည်တဲ့ လူတွေနဲ့ ဘယ်အပ်ရဲပါ့မလဲ. . . ဦးဂျင်မီက ဒီအတိုင်းကို ပြောတာ. .



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ ဂုဏ်တို့က ပြတ်သည်။ ကိုယ် ရသင့်ရထိုက်တဲ့ အဖိုးအခကလွဲရင် ဘာကြီးပဲ ဖြစ်နေနေ စိတ်ကို မဝင်စားတာ။ နောက်တစ်ခုက ဒီကိစ္စမှာ ဦးဂျင်မီဘက်က မှန်တယ်လို့ ဂုဏ်ထင်သည်။

ရတနာပွဲစားတစ်ယောက်က ဦးဂျင်မီပစ္စည်းတွေကို တစ်ပတ်ရိုက်သွားခဲ့သည်။ သူများပစ္စည်းတွေကို ရေသာခိုအလွယ်လိုက်ပြီး ယူတာလောက် ဂုဏ် မုန်းတာ မရှိပါ။

ပိုင်ရှင်လက်ထဲကို ပစ္စည်းပြန်အပ်ပေးဖို့က သူ့တာဝန်ဖြစ်သွားပြီ။ လှုပ်ရှားဖို့အချိန်က တစ်ပတ်အတွင်း။ ဒီကောင် ရှိနေနိုင်တာက ရန်ကုန်မြို့ရဲ့ဆိပ်ကမ်းတစ်နေရာမှာ. .

ကဲ. . ဂုဏ်. . ဒါ မင်းအတွက် စိန်ခေါ်မှုအသစ်တစ်ခုပဲ။ ပုလင်းလိုပဲ မာကြောတယ်ဆိုတဲ့ မင်းရဲ့စိတ်ဓာတ်တွေနဲ့ တစ်ပွဲတစ်လမ်းတော့ နွှဲလိုက်ဦးပေါ့. . .

▲ ▲ ▲



တိုးတက် ဆိုတဲ့ ကောင်ကို ဂုဏ် လိုက်ရှာနေတာ ဒီနေ့နဲ့ဆို သုံးရက် ရှိသွားပြီ။

ဒီကောင်က နှာတစ်ဖျား သာပြီး ကပ်ကာ သီကာ လွတ်၊ လွတ်သွားသည်။ ဒီနေ့မှ ဒီကောင့်ကို မတွေ့ရင်တော့ အိမ်မပြန်တော့ဘူး ဟု စိတ်ပိုင်းဖြတ်ကာ ဆိပ်ခံဘောတံတားတစ်ခုပေါ်မှာ စောင့်နေမိသည်။

တဖြည်းဖြည်းနှင့် အချိန်က ညနေစောင်းလာသည်။

နေလုံးကြီး ပင်လယ်ထဲ ငုပ်လျှိုးခါနီးလေ သူ့ရင်တွေ ပူလေပင်။



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ရောင်ဖြန့်ခင်းထားတဲ့ လောကကြီးဟာလည်း သူ့အတွက် ပန်းချီ မဆန်နိုင်တော့ပါ။

တိုးတက်ကို မတွေ့ဘူးဆိုရင် -

နံပါတ်တစ် - ငွေဆယ်သိန်း သူ ဆုံးရှုံးရမည်။

နံပါတ်နှစ် - လူမိုက်လောကမှာ သရဖူဆောင်းနေသော သူ့ရဲ့နာမည်တစ်လုံး ဂုဏ်သိက္ခာမဲ့စွာ ကျဆင်းရလိမ့်မည်။

ဂုဏ်သည် အလင်းရောင် ပျောက်ကွယ်သွားပြီဖြစ်သော ပတ်ဝန်းကျင်ကို စိတ်ပျက်စွာကြည့်ရင်း သူ့အကြည့်တွေက တစ်နေရာအရောက်တွင် ရပ်တန့်သွားသည်။

ဟိုကောင် လာပြီ. . .

နောက်ကျောမလုံစွာ ကျီးကန်းတောင်းမှောက် ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း လာနေသော တိုးတက်ဆီသို့ ဂုဏ် လျင်မြန်စွာ ပြေးသွားလိုက်သည်။

သူ့ထံသို့ ဦးတည်ပြီးလာနေတာ တွေ့တော့ တိုးတက်က နောက်ကြောင်းပြန်လှည့်ကာ ထွက်ပြေးသည်။

ရန်သူနောက်လိုက်တဲ့နေရာမှာ ကျွမ်းကျင်နေပြီဖြစ်သော





ဂုဏ်က သူ့ခြေထောက်တွေကို speed ထပ်တင်လိုက်သည်။ မိနစ်ပိုင်းအတွင်းမှာ တိုးတက်တစ်ယောက် ဂုဏ် လက်ထဲ ရောက်လာခဲ့သည်။

လူပုံက ပိန်ပိန်ပါးပါးလေးမှာ ရောဂါသည်ကလေး တစ်ယောက်လို မေ့ဟိုက်ကာ ဖောခွဲးတွေ ပြန်နေသော တိုးတက်ကို ဂုဏ်က ခေါင်းမှဖမ်းချုပ်ကာ ခပ်ဆတ်ဆတ်ပြောလိုက်သည်။

'ဟေ့ကောင်. . . ဦးဂျင်မီပစ္စည်းတွေ ငါ့လက်ထဲ ပြန်ထည့်လိုက်စမ်း'

တိုးတက်က ကြောက်သာ ကြောက်တာ. . ခေါင်းကတော့ မာနေဆဲပင်. . .

ဂုဏ်က သူ့လက်နှစ်ဖက်ကိုလိမ်ပြီး အနောက်မှာ သိုင်းချုပ်ကာ နောက်ကျောကို ဒူးဖြင့် ဆောင့်တိုက်ချလိုက်သည်။

'အား. .'

ဟူသော အော်သံနှင့်အတူ ဒူးညွှတ်ကာ ခွေကျသွားသော တိုးတက်ကို ဂုဏ်က

'ငါပြောတာ နားထောင် ဟေ့ကောင်. . . သူများပစ္စည်းကို



www.burmeseclassic.com

www.burmeseclassic.com



အချောင်လိုချင်လို့မရဘူးကွ၊ ဒီလောကမှာ ဘယ်အရာမှ လွယ်လွယ်နဲ့ မရဘူး၊ မင်းလိုချင်ရင် ကိုယ့်အစွမ်းအစနဲ့ကိုယ် ကြိုးစားပေါ့. . မင်း မရှက်ဘူးလားကွာ'

'ကျွန်တော့်ကို ချမ်းသာပေးပါ အစ်ကိုကြီးရာ. . ကျွန်တော်နေမကောင်းလို့ပါဗျာ၊ တောင်းပန်ပါတယ်၊ ရှိကြီးခိုးပါတယ်'

ကောင်လေးက ပြောပြောဆိုဆိုပင် လက်အုပ်ကလေးချီပြီး ထိုင်ကန်တော့ရှာသည်။

ဂုဏ်နှင့်သူ မယှဉ်နိုင်မှန်းသိလို့ လေချိုသွေးကာ တောင်းပန်နေပေမယ့် အညှာခံတာတော့ ဟုတ်ဟန်မတူပါ။

'မတောင်းပန်နဲ့ကွာ. . ငါလိုချင်တာပြန်ပေးလိုက်ရင် မင်းကို ငါ လက်ဖျားနဲ့တောင် မတို့ဘူး စိတ်ချ'

'မရှိတော့ဘူး အစ်ကို၊ ကျွန်တော့်အစ်မကို ပေးလိုက်ပြီ'

ဒေါသထွက်ပေမယ့် လမ်းစလေးတစ်စ ပေါ်လာပြီမို့. .

'ဒါဆို ထ၊ မင်းအစ်မဆီ အခုသွားမယ်'

'အစ်မ ထွက်သွားပြီ အစ်ကို. . သူ စင်ကာပူကို ထွက်သွားပြီ. . '





ဂုဏ်က မျက်နှာတည့်တည့်ကို လက်သီးဖြင့် ထိုးပစ်လိုက်သည်။

'မင်းအဖြေက ကောင်းလှချည်လားကွာ၊ ပြန်ပေးရမှာစိုးလို့ ဒီမှာမရှိတဲ့လူကို လွှဲချလိုက်တာပေါ့. . ဟုတ်လား'

ကောင်လေးက သူ့နှာခေါင်းမှစီးကျလာသောသွေးတွေကို လက်ခုံဖြင့် သုတ်ပြီး မျက်ရည်တွေ ကျနေသည်။ သူ့မျက်ရည်က သွေးတွေနှင့်ရောလို့. .

'အစ်ကို. . ကျွန်တော့်ကို သတ်ချင်သတ်လိုက်ပါတော့ဗျာ၊ အဲဒီပစ္စည်းတွေအတွက် ကျွန်တော့်အသက်ကိုပေးပါတယ် အစ်ကို'

ဂုဏ် စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားသည်။

ဒီကောင်လေးပုံစံ ကြည့်ရတာ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေပြီး လိမ်ညာပြောနေပုံလည်း မရပါ။

အကြောင်းတစ်ခုခုရှိနေပြီဆိုတာ သူသိလိုက်သည်။

'ဦးဂျင်မီတို့လက်ထဲ မင်းကိုပြန်ထည့်လိုက်ရင် ဘာဖြစ်သွားမလဲဆိုတာ မင်းသိတယ်နော်'

'သိပါတယ် အစ်ကို. . ကျွန်တော်လည်း. . ဒီလို ဘဝမျိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အသက်မရှင်ချင်တော့ပါဘူး၊ ကျွန်တော့်ရောဂါနဲ့ကျွန်တော် ဝေဒနာခံစားနေရလို့ သေချင်နေတာပါ အစ်ကို'

420တို့မည်သည် စကားကို မျိုးစုံအောင်လှည့်ပတ်ပြီးပြောတတ်ကြသည်မို့ သတိထားပြီး လေ့လာနေရသည်။

ခက်တာက ဒီကောင်လေးရဲ့ဘဝအကြောင်းကို သူသိသင့်သည်ဟု ထင်လာသည်။

'မင်းကွာ. . မင်း၊ ငါလုပ်ရင်လည်း တစ်ချက်စာပဲ ရှိတယ်၊ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်တော့မှာပဲ၊ ငါ့ကို ငိုပြတိုင်း ငါယုံမယ် မထင်နဲ့၊ ထ. . မင်းအစ်မနဲ့ငါ ဖုန်းပြောချင်တယ်၊ ရော့. . ဖုန်းခေါ်လိုက်စမ်း'

ကောင်လေးက အကြာကြီး တွေဝေနေသေးသည်။

အားအင်ချိနဲ့စွာ သာခွေယိုင်ပုံစံလေးနှင့် ဂုဏ်လက်ထဲမှ ဟန်းဒ်ဖုန်းကိုယူပြီး တုန်တုန်ယင်ယင်ဖြင့် နံပါတ်တွေကိုနှိပ်ပြီး ခေါ်နေသည်။

ဂုဏ်က ကောင်လေးလက်ထဲမှဖုန်းကို လုယူလိုက်ပြီး တစ်ဖက်မှ ဟယ်လိုဟု မိန်းမတစ်ယောက်အသံပေါ်လာသောအခါ





'မင်းက တိုးတက်ရဲ့အစ်မလား'

သူ့အမေးကို တစ်ဖက်မှမိန်းမက အံ့ဩဟန်ဖြင့်

'ကျွန်မမောင်လေး ဘာဖြစ်လို့လဲ. . သူ. . သူ အခု ဘယ်မှာလဲဟင်'

ဟု အထိတ်တလန့်မေးသည်။

'မပူပါနဲ့ သူ အခု ငါ့အနားမှာရှိနေတယ်၊ ဦးဂျင်မီရဲ့ပစ္စည်းတွေ ငါ့လက်ထဲ ပြန်အပ်မယ်ဆိုရင် မင်းရဲ့မောင်ကို ချမ်းသာပေးမယ်၊ အေး. . မပေးဘူးဆိုရင်တော့. . '

ဂုဏ်က ဆက်မပြောတော့ဘဲ ရပ်ချပစ်လိုက်သည်။

ကောင်မလေး တော်တော်ကြောက်သွားပုံရသည်။

'ဒီ. . ဒီလိုတော့ မလုပ်ပါနဲ့ရှင်. . မောင်လေးက ရောဂါသည်လေးပါ၊ သူ့ကို သနားပါ အစ်ကိုရယ်. . တကယ်တော့ မောင်လေးက ကျွန်မအတွက် လုပ်ခဲ့တာပါ၊ သူ့မှာအပြစ်မရှိပါဘူး အစ်ကို၊ ကျွန်မမှာသာ အပြစ်ရှိခဲ့တာပါ'

'မင်းတို့နှစ်ယောက် ဘောလီဘောပုတ်ပြီး ငါ့ကို အရူးလုပ်နေတာလားကွ. . ဟေ. . '



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံအကျယ်ကြီးကြောင့် တစ်ဖက်မှရှိုက်သံသဲ့သဲ့ထွက်ပေါ်လာခဲ့သည်။

'ကျွန်မတို့မှာ မောင်နှမနှစ်ယောက်ပဲ ရှိပါတယ် အစ်ကို၊ မောင်လေးက မိဘတွေမရှိတဲ့အချိန်ကစပြီး ကျွန်မကိုပဲ တွယ်တာလာခဲ့တာ. . . ကျွန်မတို့မောင်နှမနှစ်ယောက် ချို့တဲ့လွန်းလို့ သူများအိမ်ရဲ့ အဖီကလေးမှာ နေခဲ့ရတာပါရှင်. . . ကျွန်မလည်း အားကိုးရှာပြီး အိမ်ထောင်ပြုခဲ့မိပါတယ်. . ကျွန်မတို့ မောင်နှမနှစ်ယောက်ပိုပြီး ကံဆိုးခဲ့ပါတယ် အစ်ကို. . အဲဒီယောက်ျားက ကျွန်မကို နေ့ရှိသရွေ့ ညှဉ်းပန်းနှိပ်စက်နေတော့ မောင်လေးခမျာ သူ့သူငယ်ချင်းတွေနဲ့ပေါင်းပြီး ပွဲစားထွက်လုပ်ပါတယ်၊ သူ ငွေစုပြီး ကျွန်မကို ဒီအိမ်က ခေါ်ထုတ်သွားမယ်ပေါ့. . သူ့နှလုံးက အစားထိုးပြီး မကုနိုင်ရင် မလွယ်တော့ဘူး ဆိုတာ သူသိသွားခဲ့တယ်. . သူ ကြာကြာမနေရတော့ဘူးဆိုတာသိလို့ ဦးဂျင်မီပစ္စည်းတွေယူပြီး ကျွန်မကို စင်ကာပူ ပို့လိုက်တာပါ. . ဟိုလူယုတ်မာနဲ့အဝေးဆုံးကို ပို့ပြီးရင် သူကျေနပ်ပါပြီတဲ့လေ. . ကျွန်မ ဘယ်လိုပဲ တားတား. . သူ လက်မခံခဲ့ပါဘူးရှင်၊ အခု ကျွန်မ ဘာလုပ်ရမလဲ အစ်ကို. . ကျွန်မ ဒီမှာ ငွေစုပြီး





ဆပ်ဖြစ်အောင် ပြန်ဆပ်မှာပါလို့ ဦးဂျင်မီကိုပြောပေးပါ အစ်ကို၊ စိတ်ချပါ. . မောင်လေးက ဒီလောကကြီးမှာ ကြာကြာမနေရတော့ပါဘူး၊ သူ့အတွက် သံသရာကြွေး မပါစေရပါဘူး. . ကျွန်မမောင်လေးကို ချမ်းသာပေးပါ အစ်ကိုရယ်. . ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်နော်'

ကဲ. . သူ ဘာလုပ်ရတော့မလဲ. . .

သူတို့မှာလည်း သူတို့အခက်အခဲနဲ့သူတို့ ဖြစ်နေတာပဲ. . သနားစရာလည်း ကောင်းပါသည်။

မူလနှလုံးသား ဖြူစင်သောသူမို့ ဂုဏ်က သူတို့မောင်နှမကို သနားစိတ်လေးဝင်သွားမိသည်။

သေချာတာတစ်ခုက ငွေဆယ်သိန်းကို သူ လက်လွှတ်ရတော့မည်။

ခက်တာက သူ့နှလုံးသားက ဒီလောက်ထိ မရက်စက်နိုင်ပါ။ ဒါဆို. . ဒီကိစ္စကို သူလက်လျှော့ရတော့မှာပေါ့။

ပေးစရာလျော်စရာ ငွေမရှိတဲ့သူတွေဆီမှာ အသားလှီးပြီး ယူရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ သူ စာနာမှုမကင်းမဲ့သေးပါဘူး။

နောက်ဆုတ်လိုက်တော့မယ်. . ရှိပါစေတော့. .

ဂုဏ် ဖုန်းချပစ်လိုက်သည်။

ရှေ့က ပိုးဟပ်ဖြူကောင်လေးက သူ့ကို သနားစရာမျက်ဝန်းများဖြင့် ငေးကြည့်နေရှာသည်။

'အစ်ကို. . မမပြောပြတယ် မဟုတ်လား၊ မမကို ကယ်ချင်လို့ ကျွန်တော်လုပ်ခဲ့တာပါ၊ မမ ဟိုမှာအလုပ်ရပြီဆိုလို့ ကျွန်တော်ဝမ်းသာနေတာ. . ကျွန်တော့်ဆီမှာ ငွေနှစ်ထောင်ပဲ ရှိတော့တယ် အစ်ကို. . ဒီနေ့ဆို ထမင်းတောင် မစားရသေးပါဘူး၊ မမ ငွေပို့လာမှ ကျွန်တော် ထမင်းဝမှာ၊ နေစရာ အိမ်မရှိလို့ စက်လှေတွေပေါ်မှာ ပုန်းအောင်းပြီး အိပ်နေရတာ. . တစ်ခါတလေကျတော့လည်း ကျွန်တော့်ဘဝ ကျွန်တော် အဆုံးသတ်ပစ်လိုက်ချင်တယ်၊ ရေထဲခုန်ချဖို့ အကြိမ်ကြိမ်ကြိုးစားမိတယ် အစ်ကို'

သူ့ကိုရှင်းပြရင်ဖွင့်ရင်းစကားအရှည်ကြီးပြောပြီးသောအခါ တိုးတက် အမောဖောက်လာသည်။

အသက်ရှူရ ခက်ခဲလာပုံ ရသည်။





တိုးတက်ရဲ့လက်ကလေးနှစ်ဖက်က သူ့ခြေထောက်တွေကို အားကိုးတကြီးဆုပ်ကိုင်လာသည်။ သူ့ကို မထားခဲ့ပါနဲ့လို့ ဆိုလိုချင်ဟန်တူသည်။

ဂုဏ် သနားသွားသည်။

စိတ်လည်း ပူသွားသည်။

'မင်း ဖြစ်ရဲ့လား တိုးတက်၊ ဆေးရုံသွားမလား'

လူတွေ ဝိုင်းဟားလည်း သူခံရတော့မည်။

ဒါလား လူစိုက်။

ပြောချင်တာ ပြောကြပါစေတော့. . သူနဲ့ကိုယ်က ရန်သူမှ မဟုတ်တာ။ ကိုယ်က မြန်မာစစ်စစ်ဆိုတော့. . ကူညီချင်စိတ်အပြည့်ရှိသည်။

ကောင်လေးက ခေါင်းညိတ်ပြသည်။

သူ့ပါးစပ်က စကားပင် မပြောနိုင်တော့။

ဂုဏ်က တိုးတက်ကို ပခုံးပေါ် ထမ်းတင်ပြီး ဆေးရုံသွားဖို့ ကားငှားရန် ပြေးရသည်။

ညမှောင်မှောင် နီယွန်မီးတိုင်များ အောက်မှာ ကမ်းနား



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက် သူ ပြေးနေရသည်။ ငှားစရာကားလည်း တစ်စီးမှ မတွေ့သေးပါ။ သွေးမတော်သားမစပ်လူတစ်ယောက်ကို သူ့ပခုံးမှာ ထမ်းလို့။

ဒီတာဝန် သူ့ကို ဘယ်သူပေးလို့လဲ။

သူ့ဘာသာ ယူခဲ့တာ ဖြစ်သည်။

ဒီကောင်လေး ကြာကြာမနေရဘူးဆိုတာသိနေရက်သားနဲ့. . . သူ့သက်တမ်းလေးကို ဆွဲဆန့်ပေးချင်သေးသည်။

▲ ▲ ▲



တိုးတက်ကို ဆေးရုံပေါ် တင်ထားရသည်။ အဲဒီအတွက် ငွေက လိုလာပြန်သည်။

တိုးတက် သူ့ဆီမှာရှိနေတာ ဦးဂျင်မီတို့ သိလို့မဖြစ်။

ဦးဂျင်မီကိစ္စကို သူပြင်းလိုက်သည်။

တကယ်တမ်း ငွေလိုအပ်လာပြီဆိုလျှင်. . ကောင်းရောင်းကောင်းဝယ်လုပ်ပြီး ငွေရှာလို့ရမည့်ကံက သူ့မှာ မပါပါ။

လူမိုက်ဆိုတဲ့ ခေါင်းစဉ်နှင့် ဂုဏ်ပုဒ်အောက်မှာပဲ သူလုပ်စားလို့ရသည်။

ည ဆယ့်နှစ်နာရီမှာ ဂုဏ်တို့ အလုပ် စ,လုပ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'Ever Point'အရက်ဆိုင်သို့ တစ်ကိုယ်တည်းဝင်ပြီး ဆက်ကြေးတောင်းသည်။

သူ တစ်ခါမှမလုပ်ဖူးတဲ့အလုပ်လည်း ဖြစ်သည်။

သူ့ကို လူမိုက် ဆိုတဲ့အရှိန်နဲ့ ကြောက်လန့်ပြီး ပိုက်ဆံတစ်သိန်း ထုတ်ပေးသည်။ ဘာပြဿနာမှတောင် မရှာလိုက်ရဘဲ လွယ်လွယ်ကူကူနှင့် ကိစ္စပြီးသွားသည်။

မဆိုးပါဘူး. . . နောက်နှစ်ဆိုင်လောက် ဝင်လုပ်ရှားလိုက်လျှင် ဟိုကောင်လေးအတွက် ဆေးဖိုးရလောက်သည်။

ဂုဏ်သည် သူ့အတွေးသူ့စိတ်ကူးနှင့် မှန်တယ်ထင်ပြီး လုပ်ချင်ရာတွေ လုပ်လာခဲ့သည်။

သူမိုက်ကြေးခွဲလို့ရသည့်ငွေနှင့် ကောင်လေးအတွက် မာတ်စာတွေ ဝယ်ပြီး ဆေးရုံသို့ ပြန်လာခဲ့သည်။

ညဦးတုန်းက သူတင်ထားခဲ့သော လူနာသည် ကုတင်ပေါ်မှာ မရှိတော့ပါ။ အပေါ့အပါးများ သွားသလားဆိုပြီး လိုက်ရှာကြည့်သေးသည်။

သူ့ရင်ထဲမှာ စပြီး ပူလာရပြီ။





ဒီကောင်လေး ဘယ်ရောက်သွားတာလဲ. . .

ဂုဏ်သည် ပျာယီးပျာယာဖြင့် တာဝန်ကျသူနာပြုဆရာမလေးကို သွားမေးသည်။

'ဆရာမ ဒီကုတင်ပေါ်က လူနာလေ. . သူ. . သူ. . ဘယ်ရောက်သွားလဲ'

'သူ ညဆယ်နာရီခွဲမှာ ဆုံးသွားပါပြီ'

'ဗျာ'

ဘယ်လောက်တောင် သွေးပျက်ဖို့ ကောင်းသလဲ. . ကိုယ့်သွေးသားရင်းချာ မဟုတ်ဘဲနဲ့တောင်မှ သူခံစားလိုက်ရသည်။

သူ့ လက်ထဲမှာ ဒီကောင်လေးကို ကျွေးဖို့ဝယ်လာတဲ့ အိုဗာတင်းတွေ၊ ကိတ်မုန့်တွေ. . နောက်ပြီး သူ လူမိုက်လုပ်ပြီး ရှာခဲ့ရတဲ့ငွေတွေ. .

အဝေးမှာရောက်နေတဲ့ သူ့အစ်မသာ သိလျှင် ယူကြုံးမရဖြစ်ပြီး ရင်ကွဲပက်လက်ဖြစ်မှာ သေချာသည်။

သူသေသွားပြီဆိုမှ ဂုဏ်သိလိုက်ရတာတစ်ခုရှိသည်။

သူ မရှိတဲ့နောက်မှာ သူ့အစ်မကို စောင့်ရှောက်ဖို့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့တာမို့ ငွေကိုရသည့်နည်းနှင့်ရှာပြီး သူ့ယောက်ဖနှင့်အဝေးဆုံးကို ပို့ပေးခဲ့ပုံရသည်။

ကောင်လေးက သူ့ကို တွေးစရာတွေ အများကြီးပေးသွားခဲ့သည်။

လူ့ဘဝရဲ့ရှင်သန်ခြင်း၊ နေထိုင်ခြင်း၊ သေဆုံးခြင်းဆိုတဲ့ စ၊ လယ်၊ ဆုံးမှာ လိုအပ်နေတာက ငွေကြေးနှင့် ဂုဏ်သိက္ခာ။ ပြီးတော့. . ပတ်ဝန်းကျင်။

ဂုဏ် လူမိုက်ဖြစ်သွားတာ ပတ်ဝန်းကျင်နှင့် အများကြီးသက်ဆိုင်သည်။

လမ်းမှားရောက်အောင် ဆွဲခေါ်ကြတဲ့ အပေါင်းအသင်းတွေ အလယ်မှာ သူ မျောပါခဲ့သည်။ စိတ်ကူးကလေး ပြောင်းလို့ လူကောင်းသူကောင်းဖြစ်ချင်ပြန်တော့လည်း ပတ်ဝန်းကျင်က ရှုတ်ချလို့ သိမ်ငယ်ခဲ့ရပြန်သည်။

ဂုဏ်ရဲ့အိမ်အပြန်လမ်းသည် တိတ်ဆိတ်ကာ ခြောက်သွေ့လွန်းနေသည်။ အိမ်ရောက်တော့လည်း အိပ်လို့က မပျော်။ အတွေးတွေ ပတ်လည်ဝိုင်းပြီး ချာချာလည်နေသည်။





သူ့ဘဝအတွက်. . ကောင်မလေးတစ်ယောက်အတွက် ပြောင်းလဲမှုတစ်ခုခုတော့ လုပ်ဖို့ လိုအပ်နေပြီဖြစ်သည်။

နောက်ဆုံးတစ်နေ့ သူ သေသွားခဲ့ရင် သူ့ရဲ့သားစဉ်မြေးဆက်အတွက် ကောင်းသော နာမည် ဂုဏ်သတင်းနှင့် ကောင်းမွေလေးတစ်ခု ချန်ထားခဲ့ချင်သည်။

သေသွားရင် ပြီးတာပဲ။ မသေခင်လေးမှာ သူ လုပ်စရာရှိတာ လုပ်ရဦးမည်။

မိုးရေတွေထဲမှာ အရှက်အကြောက်ကြီးစွာ လမ်းလျှောက်သွားနေသော ဆရာမလေးတစ်ယောက်ကိုတွေ့ပြီးတဲ့နောက်မှာ သူ့စိတ်တွေ မတည်မငြိမ်ဖြစ်လာသည်။ အတွေးတွေ အုံ့ဖွဲ့လာသည်။ အိပ်ပျက်ရက်တွေ များလာသည်။

ဒါကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုရမှာလဲ. . အချစ်လား. . ။ အချစ်က သူနဲ့အဝေးကြီးမှာလေ. .

ဣန္ဒြေသိက္ခာကြီးမြတ်ပြီး လူတကာလေးစားရတဲ့ ကျောင်းဆရာမလေးတစ်ယောက်က သူလို လူမိုက်တစ်ယောက်ကို ပြန်ချစ်ဖို့နေနေသာသာ စိတ်ဝင်စားဖို့တောင် မဖြစ်နိုင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အားလည်း ငယ်ရသည်။

ခိုးကြောင်ခိုးဝှက် လူမသိသူမသိ သွားဝေးခဲ့ရပေါင်း များလှပြီ။ ဒါတွေကို သူလေး သိမည်မဟုတ်ပါ။

ဖွင့်ဟကြေညာမှ အချစ် မဟုတ်ပါဘူး။ ရင်ထဲမှာ သိမ်းဆည်းရင်း ချစ်နေတာဟာလည်း အချစ်ပါပဲ။ အဓိကက ချစ်နေဖို့ပဲ လိုတာ။

▲ ▲ ▲



လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှိုဝဲနဲ့ ကင်းအောင်နေ
ပညာရှိကို အစဉ်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ
သုံးပါးရတနာ မိဘများနဲ့
ဆရာသမားကို ပူဇော်လေ
ချမ်းသာဖို့ရေး အစဉ်တွေး
မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းရဲ့တပည့်လေးတွေ မင်္ဂလာကဗျာလေးကို သံပြိုင်သီဆိုနေကြသည်။ အပြစ်ကင်းစင်တဲ့ ကလေးတွေရဲ့အသံတွေဟာ ကျက်သရေရှိစွာ ပျံ့လွင့်နေသည်။

'လူမိုက်'တွေကို ရှောင်ကြဉ်ရမယ်၊ မပေါင်းအပ်ဘူးတဲ့လား နှင်းရယ်။ အနာဂတ်ကို ပိုင်စိုးမယ့် လက်သေးသေးကလေးတွေကို မင်းက ဒီလိုပဲ သင်ထားသလား နှင်း။ မင်းအနားကို ကိုယ်ဘယ်လို အင်အားနဲ့ရောက်လာရမှာလဲကွာ. .

ဟိုးအဝေးကနေပဲ တိတ်တခိုးလေးချစ်နေပ့ါမယ်။ ခက်နေတာက မိုးလင်းလာတာနဲ့ မင်းမျက်နှာကလေးကို မြင်ချင်လာတယ်။ ကိုယ် ဘာလုပ်ရမလဲ နှင်းသဏ္ဍာန်။

'ဆရာမသားတွေ သမီးတွေက အရမ်းတော်တာပဲကွယ်၊ ဒါပြီးရင် အင်္ဂလိပ်စာဆိုမယ်နော်၊ ဖတ်စာအုပ်လေးတွေ ထုတ်မယ်'

မင်းရဲ့ လှုပ်ရှားမှုမှန်သမျှ၊ ကရုဏာသံလွှမ်းတဲ့ စကားသံလေးတွေ၊ အေးချမ်းပြီး ကျက်သရေရှိတဲ့ အပြုံးလေးတွေ၊ အားလုံး ကိုယ့်ရင်ထဲကို ရောက်တယ် နှင်း။

ဂုဏ်သည် ဆရာမလေးကို ကျောင်းဖွင့်တဲ့နေ့တိုင်း စောင့်





ကြည့်ကာ အလွမ်းဖြေနေရသည်။ သူမလေး ရှေ့ကိုလည်း နောက်တစ်ကြိမ် မသွားရဲပါ။

ထစ်ခနဲရှိ အပြတ်ဖိုက်မယ် ဆိုတဲ့ သူလိုလူဟာ ဒီမိန်းကလေးနဲ့ကျမှ သတ္တိတွေ ကြောင်နေသည်။ အလိုလိုနေရင်း အားငယ်နေသည်။

ကလေးတွေ မုန့်စားဆင်းချိန် ရောက်လာပြီ။

နီနီသည် အခန်းဝမှာ နှင်းကို လက်ရပ်ပြီးလာခေါ်နေသည်။ နှင်းက ထွက်လာပြီး ဘာလဲဟူသောသဘောဖြင့် မေးဆတ်ပြီး မေးလိုက်သည်။

နီနီက နှင်းအနားကပ်ပြီး လေသံတိုးတိုးဖြင့် ပြောသည်။

'ကျောင်းရှေ့မှာ နင့်လူမိုက်ကိုတွေ့ခဲ့လို့၊ ဧကန္တတော့ သူ နင့်ကို လာကြည့်တာပဲ ဖြစ်ရမယ်'

နှင်းရင်ထဲတွင် လှိုင်းကြက်ခွပ်လေး ဖြတ်ပြီး စီးသွားသည်။ သူဆိုးတယ်၊ မိုက်တယ်လို့ တစ်လောကလုံးက ပြောနေကြပေမယ့်လည်း သူ့ဘက်က ရှေ့နေလိုက်ဖို့၊ သူ့အပြစ်တွေကို ဖာထေးပေးဖို့ အဆင်သင့်ဖြစ်နေခဲ့တဲ့ နှင်းလေ. . .



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ဆီ လာတာ မဟုတ်ပါဘူး နီရယ်'

'ဇာတ်လမ်းတွေတော့ စလာပြီနော်၊ ငါတော့ သဘောမကျဘူးနော် နှင်း. . ကြည့်သာရှောင်တော့'

လှုပ်ရှားနေသော စိတ်ကလေးကို အနိုင်နိုင် ဖုံးဖိရင်း နီနီရဲ့တားမြစ်စကားတွေ အောက်မှာ စိတ်နှလုံး မသာမယာဖြစ်ရပြန်သည်။

ရှင့်ကို စတွေ့ပြီးကတည်းက အပြစ်လည်း မမြင်ရက်ဘူး။ ရှင့်အတွက် အမြဲကာကွယ်ပေးချင်နေတာ ဘာကြောင့်လဲ ဂုဏ်။ ကျွန်မကိုယ်တိုင် နားမလည်နိုင်တော့လို့ပါ။

▲ ▲ ▲



ကျောင်းဆင်းသော သောကြာနေ့ တစ်ညနေတွင် နှင်းသဏ္ဍာန်သည် ဂုဏ်နှင့် ပက်ပင်းတိုးခဲ့ရပါသည်။

ရင်မောင်လို့ခေါ်တဲ့ ကလေးလေးတစ်ယောက် ကားလမ်းပေါ် ဖြတ်ပြေးစဉ် နှင်းမျက်လုံးတွေ ပြာထွက်သွားသည်။

'ရင်. . မောင်. . သားလေး. .'

သူမပါးစပ်မှ ဒါပဲ ထွက်လိုက်နိုင်သည်။ စိတ်ထဲမှာတော့ ဒီကလေး သွားပြီဟုသာ တွက်လိုက်သည်။

မျက်လုံးကိုစုံမှိတ်ထားပြီး ရင်တွေ တဆတ်ဆတ်ခုန်ပြီးတုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဘရိတ်အုပ်သံအကျယ်ကြီးကို ကြားလိုက်ရသည်။

နှင်း မျက်လုံးတွေဖွင့်မကြည့်ရဲဘဲ ရင်မောင်လေးကို မြင်ယောင်ပြီး ငိုနေမိသည်။

'နှင်းသဏ္ဍာန်. . ဒီမှာ ကလေး ဘာမှမဖြစ်ပါဘူး'

တစ်ခါကြားဖူးထားသော သူ့အသံကို နှင်း မမေ့ပါ။

နှင်းသည် မျက်ရည်များကြားမှ သူ့ကိုကြည့်မိသည်။

တကယ်ပဲ သူ ရင်မောင်လေးကို ကယ်ခဲ့တာလား။

သူ ပွေ့ချီထားသော ကလေးသည် ကြောက်စိတ်ဖြင့် မျက်လုံးကလေး ပြူးပြီး သူမကို ကြည့်နေသည်။

နှင်းသည် ကိုယ့်တပည့်လေး မသေဘူးဆိုတာသိတော့ ရင်ထဲမှာ ဖိနေသောအပူလုံးကြီး ကျသွားသည်။

'သားလေး. . ဆရာမဆီ လာပါဦးကွယ်၊ ဆရာမက သားကို ကားတိုက်သွားပြီထင်နေတာ'

ပြောလည်းပြော၊ ငိုလည်းငိုရင်း ကလေးကို သူ့လက်ထဲမှ လှမ်းယူနေသော နှင်း။ သူမပုံစံလေးကို ကြည့်ပြီး ဘယ်လိုသနားမိမှန်းကို မသိပါ။





'ကျေးဇူးတင်ပါတယ်ရှင်၊ ဒီထက်ပိုတဲ့စကားလုံးရှိရင်လည်း ပြောချင်ပါတယ်. . ကျွန်မတပည့်ကလေး မသေဘူးဆိုတာ သိလိုက်တော့ ရှင့်ကို ထိုင်တောင် ကန်တော့သင့်တာပါ. . တကယ်ကို ကျေးဇူးတင်ပါတယ်'

ကျေးဇူးစကားကို တဖွဖွဆိုပြီး ငိုမဲ့မဲ့လေးဖြစ်နေသောနှင်းကို ဂုဏ်က

'ကိုယ် ရှင်သန်နေရတဲ့ ဘဝကြီးထဲမှာ မင်းအတွက် ဘာမဆို လုပ်ပေးရဲတယ် နှင်း၊ ဒီကလေးကို ကယ်တင်ခွင့်ရတဲ့အတွက်လည်း ကံကြမ္မာကို ကိုယ်က ကျေးဇူးတင်နေတာပါ'

နှင်းနှင့်ဂုဏ်သည် တစ်ယောက်ရင်ထဲကို တစ်ယောက်ထိုးဖောက်ပြီး မြင်သွားကြသည်။

အထိတ်တလန့်ရှိခဲ့သောညနေခင်းလေးသည် နောင်အနာဂတ်မှာတော့ သူတို့နှစ်ယောက်အတွက် အမှတ်တရဖြစ်လာပါလိမ့်မည်။

ထိုနေ့ညနေမှာတော့ သူသည် နှင်းနှင့်အတူ ရင်မောင်ကလေးအိမ်သို့ လိုက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတာက နှင်း သူ့ကို ကြောက်မနေခြင်းဖြစ်သည်။ သူ နှင်းအနားမှာရှိနေတာကိုက စိတ်ထဲမှာ လုံခြုံနေသည်။ နွေးထွေးနေသည်။

'နှင်း'

'ရှင်'

'ကျွန်တော့်အကြောင်း ဘာတွေသိထားသလဲဟင်'

နှင်းက သူ့မျက်နှာကို တစ်ချက်ခိုးကြည့်တော့ သူက ရယ်သည်။

'ပြောပါဗျာ. . ကျွန်တော် စိတ်မဆိုးပါဘူး'

'ရှင်က ဆိုးတယ်တဲ့၊ ရန်လည်း ခဏခဏဖြစ်တယ်ဆို'

'နှင်းကြားတာ အမှန်တွေချည်းပဲ'

'ရန်မဖြစ်ပါနဲ့. . ရန်ဖြစ်တာ နှင်း မကြိုက်ဘူး'

သွားပြီ။ နှင်း နှုတ်ကျွံသွားမိပြီ။

သူ့ကို ကန့်သတ်ချုပ်ချယ်ပိုင်ခွင့် နှင်းမှာမရှိဘူးလေ။

နှင်းနဲ့ ဘာဆိုင်လို့ သွားပြောနေရတာလဲ၊ ခက်တော့ ခက်နေပါပြီ။





'နှင်း တကယ်မကြိုက်တာလား၊ ပြောပါ. . ကိုယ် တကယ်သိချင်လို့၊ နှင်း မကြိုက်ရင် ကိုယ် ရန်မဖြစ်တော့ပါဘူး'

'နှင်း ဆရာလုပ်တာမဟုတ်ဘူးနော်၊ တကယ်တော့ လူတစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်နေတာထက် ချစ်ခင်နေမှ လောကကြီးက အေးချမ်းမှာပေါ့ ကိုဂုဏ်'

နှင်းမှာ ပြောသာပြောလိုက်ရသည်။ ကြောက်စိတ်ကလေးက ရှိသေးတာပင်။

'နှင်းစကားကို ကိုယ် တကယ်အလေးအနက်ထားမှာပါ. . ကိုယ့်ဘဝမှာ အခုလိုမျိုး မှန်ကန်အောင် ဆုံးမပဲ့ပြင်ပေးမဲ့သူလည်း မရှိခဲ့ဘူးလေ. . ကျွန်တော့်ကို နှင်းရဲ့ မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါလားဗျာ'

နှင်းက ချစ်စရာကောင်းသည်။

သူမ ရယ်လိုက်တဲ့အခါ ပတ်ဝန်းကျင်မှာ ရှိရှိသမျှ အရာအားလုံး လှပသွားသည်။

နှင်းရဲ့ခန္ဓာကိုယ်မှာ ဘယ်အစိတ်အပိုင်းကို သူ ချစ်မိသွားတာလဲ. .



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်. .

တစ်ကိုယ်လုံးရှိရှိသမျှ ခေါင်းအစ၊ ခြေအဆုံး သူမြတ်နိုး နေမိပြီပဲ။

နှင်းမျက်လုံးလေးတွေက စကားသိပ်ပြောသည်။ ချွန်မြနေတဲ့ နှာတံလေးကလည်း တစ်မျိုးလှနေသည်။

နှုတ်ခမ်းသားထူထူအိအိလေးဆို ရဲရဲပင် မကြည့်ရဲပါ။ ရင်တွေခုန်လွန်းလို့။

ရယ်လိုက်ရင် ပေါ်လာတတ်တဲ့ သွားတက်လေးကိုလည်း ချစ်တာပါပဲ။

သူအချစ်ဆုံးအရာက သူမရဲ့ dimple(ပါးချိုင့်)ကလေးပဲ ဖြစ်လိမ့်မည်။

'ကိုဂုဏ်. . နှင်းမှာ ရန်သူမှ မရှိတာ. . ဒီလောကကြီးမှာ အားလုံးက နှင်းရဲ့ မိတ်ဆွေတွေပဲ၊ နောက်ပြီး နှင်းမှာ မိဘလည်း မရှိတော့ဘူး. . ဒါကြောင့် ပတ်ဝန်းကျင်ကိုပဲ အားကိုးပြီး နေ့နေရတာ. . အဲဒီအတွက် လူ့ဘဝထဲမှာ နှင်းဟာ အပေါင်းလက္ခဏာပဲ ဖြစ်ရမယ်လို့ ယုံကြည်တယ်'





ကျွန်တော်ကရော ဘာဖြစ်မှာလဲ။

လူ့ဘဝ. . လူ့လောကအတွက် အနှုတ်လက္ခဏာ ပြသွားမှာလား။

နှင်းနဲ့နှိုင်းယှဉ်မှ ကိုယ့်ကိုယ်ကို ရှက်လာသည်။ ကိုယ့်တန်ဖိုး ဘယ်လောက်ထိ ယုတ်လျော့သွားပြီလဲ။

နောက်တစ်ကြိမ်လောက် ထပ်ပြီး ကြိုးစားကြည့်ချင်သေးတယ် နှင်းရယ်. . ကံကြမ္မာဆိုတာကြီးက ကိုယ့်အပေါ်မှာ ရက်စက်လွန်းအားကြီးပါတယ်။

ဒါပေမယ့်. . ကျွန်တော် ရအောင် ပြောင်းလဲပစ်မှာပါ။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ နှင်းအတွက်ပဲ. .

နှင်းရဲ့ တောက်ပြောင်နေတဲ့ ဂုဏ်သိက္ခာလေး သူ့ကြောင့် အရောင်မမှိန်စေချင်ပါ။

'ကျေးဇူးတင်ပါတယ် နှင်း'

'ဘာအတွက်လဲ ကိုဂုဏ်ရဲ့'

'နှင်းကို ခင်မင်ခွင့်ရလို့ပေါ့၊ ကျွန်တော့်ရဲ့ life style တစ်ခုလုံးကို ဒီနေ့ကစပြီး ပြောင်းလဲပစ်တော့မယ် နှင်း'



www.burmeseclassic.com

www.burmeseclassic.com



နှင်းက သူမရဲ့dimpleလေး ပေါ်အောင် ပြုံးနေသည်။

နေဝင်ချိန်ကလေးမှာ လေပြေကလေးသွေးလို့ ကျွန်တော့်ရဲ့နှင်းက အရမ်းကို လှနေတယ်ဗျာ. .

ကျွန်တော် ချစ်နေတဲ့ နှင်းသဏ္ဌာန်ဟာ ဒီကမ္ဘာပေါ်မှာ အလှဆုံးပဲ။

'နှင်း တစ်ခုပြောမယ် ကိုဂုဏ်. . . တောင် တစ်တောင်ကို စပြီး တက်တဲ့အခါမှာ. . လူတွေဟာ အလိုအလျောက်ပေါက်နေတဲ့ ပန်းကလေးတွေရဲ့အလှကို မမြင်တတ်ကြဘူးတဲ့. . . တောင်ပေါ်က ပြန်ဆင်းလာတဲ့ လူတွေကတော့ ပန်းကလေးတွေရဲ့အလှကို မြင်လည်း မြင်တယ်. . ချီးလည်းချီးမွမ်းကြတယ်တဲ့. . အဲဒါကြောင့် ရှင့်ဘဝမှာ အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ဖို့ ဘယ်လောက်မြင့်မားတဲ့ တောင်ပဲဖြစ်ဖြစ် ရအောင် တက်ကိုလိုက်စမ်းပါ. . တောင်ပေါ်က ပြန်ဆင်းလာတဲ့အခါမှာ ညစ်နွမ်းနေတဲ့ စိတ်တွေဟာ ပေါ့ပါးကြည်လင်ပြီး လောကကြီးရဲ့အလှအပကို မြင်တွေ့ခံစားလာရမှာပါ ကိုဂုဏ်'

ထပ်ဆင့်ပြီး ကျေးဇူးတင်ရပါတယ် နှင်း. . နှင်းသာ ပဲ့ကိုင်





ပေးမယ်ဆိုရင် ကျွန်တော့်လှေကလေး သွားလိုရာခရီးကို ရောက်နိုင်မှာပါ။

နှင်းကို အိမ်ပြန်ပို့ခွင့်ရသည့် ထိုနေ့ ညနေခင်းကလေးကို ဒိုင်ယာရီထဲမှာ ကမ္ပည်းတင်လိုက်ပါသည်။

လူတကာ သတ်မှတ်ထားသည့် လူမိုက်ဆိုသည့် လူတစ်ယောက်ဟာ ဒီလိုနူးညံ့သိမ်မွေ့တဲ့လုပ်ရပ်မျိုး လုပ်တတ်တယ်ဆိုရင် ဝိုင်းဟားစရာများ ဖြစ်နေမလားပဲ။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ် ပထမဆုံး ပြင်ဖြစ်တာက အိပ်စက်ခြင်း ဖြစ်သည်။ နှင်းနှင့်မတွေ့စဉ်က နေချင်သလိုနေခဲ့ပြီး ညဆိုလည်း အိပ်ချင်တဲ့ အချိန် အိပ်တတ်သောအကျင့်ကို ပြောင်းလဲပစ်ရသည်။

ငယ်ငယ်တုန်းက မေမေ သင်ပေးခဲ့တဲ့ ဘုရားစာတွေကို ရွတ်ဖတ်ပြီး၊ ဘုရားရှိခိုးပြီးမှ သူ အိပ်သည်။ နံနက် စောစောထပြီး ကိုယ်တိုင် ပဲပြုတ်ထမင်းကြော် ကြော်ပြီး စားလိုက်သည်။ သူ့ရဲ့ breakfast က ပဲပြုတ်ထမင်းကြော်နှင့် ကော်ဖီဆို လုံလောက်နေပါပြီ။

နေထွက်လာတဲ့အချိန်မှာ ထွက်ပေါ်လာတဲ့ နေမင်းကြီးကို ကြည့်ပြီး နေ့တစ်နေ့အတွက် အားအင်တွေကို ယူမိသည်။





အဲဒီနောက်မှာတော့ ဂုဏ်ဟာ စာကြည့်စားပွဲမှာ ထိုင်ပြီး စာ စ,ကျက်တော့သည်။

နှစ်နာရီခန့် တောက်လျှောက် စာကျက်အပြီးမှာတော့ ရေချိုးဖို့ ပြင်ရသည်။ ရေချိုး အဝတ်အစားလဲပြီး ဆရာမလေး လာမည့် လမ်းမှာ သွားစောင့်နေတတ်သည်။

ကျောင်းပိတ်ရက် နှစ်ရက်လောက် မတွေ့ရရင်ကိုပဲ သူ့မှာ နေလို့မကျတော့။

နှင်းမျက်နှာငယ်လေးကို နေ့တိုင်း မြင်တွေ့ချင်သည်။ ကျောင်းပိတ်ရက်ကြားခံသွားရင် တနင်္လာနေ့လိုမျိုးမှာ ဂုဏ်တို့ ပိုပြီး ဝီရိယ ကောင်းနေတတ်သည်။

နှင်းကို အေးမြတဲ့ လမင်းလေးလို့ တင်စားချင်သည်။ လူတကာက အဖက်မလုပ်တဲ့၊ ရွံမုန်းတဲ့ လူတစ်ယောက်ကို တလေးတစားနဲ့ခေါ် ပြောဆက်ဆံသလို သူလာစောင့်နေလို့လည်း သူမမှာ အနှောင့်အယှက်ဖြစ်နေပုံ မရပါ။

ဂုဏ်က နှင်းကို ကျောင်းနားအထိ လိုက်ပြီး စောင့်ရှောက်ပေးသည်။ ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့အထိတော့ ဘယ်တော့မှ သူ မလိုက်ပါ။

နှင်းရဲ့ကွန်ဖြွေနှင့်ဂုဏ်သိက္ခာကိုထိပါးမှာ သူကြောက်သည်။ သူကိုယ်တိုင်က နှင်းကို တန်ဖိုးထားတာ ဆိုတော့ အများအမြင်မှာ နှင်းကို တန်ဖိုးမမဲ့စေချင်ပါ။

'နှင်း. . ကျွန်တော် ညနေကျရင် လာပြန်ကြိုမယ်နော်'

သူ နှုတ်ဆက်စကားဆိုတော့ နှင်းက လာမကြိုနဲ့လို့ မတားပါ။ ဖွင့်မပြောပေမယ့် နားလည်မှုက သူတို့နှစ်ဦးရဲ့ရင်ထဲမှာ ကိုယ်စီရှိနေပြီဖြစ်သည်။

'ဆံပင်တွေ ညှပ်လာတာလားဟင်'

နှင်းမေးတော့မှ သူ့ခမျာ ရှက်သွားပုံပဲ။

အရင် ဆံပင်ရှည်ကြီးကို စည်းထားတတ်တဲ့ ဂုဏ်က အခု ခေတ်စားနေသော ကိုရီးယားမင်းသားတွေရဲ့ ဆံပင်ပုံစံလေး ညှပ်ထားတော့ ပိုပြီးခန့်လာသည်။ ပို ကြည့်ကောင်းလာသည်။

'နှင်းကို သူများတွေပြောမှာ ကြောက်လို့ပါ. . ကျွန်တော့် အတွက်နဲ့ နှင်း ဂုဏ်ငယ်မှာ ကြောက်တယ်'

နှင်းရင်ထဲမှာ စိမ့်စမ်းလေး စီးဆင်းသွားသည်။ ကြည်နူး





လို့လား၊ ကျေနပ်တာလား၊ ဘာမှန်းမသိတဲ့ ခံစားမှုတစ်ခုက ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းနေရာယူနေသည်။

'ရှင် စာမေးပွဲပြန်ဖြေမှာလား. . အို. . မဟုတ်ဘူး၊ ဖြေဖြစ်အောင် ဖြေရမှာ'

သိသိသာသာနဲ့ တိုက်တွန်းမှုတစ်ခုအဖြစ် ဂုဏ်ကို သူမ ဖိအားပေးမိသည်။

'ဆယ်တန်းအောင်မှ ဆိုတဲ့ သတ်မှတ်ချက်ကရော. . လူ့လောကရဲ့အတိုင်းအတာတစ်ခုလား နှင်း. . ကိုယ် သိခွင့်ရှိရင် သိချင်ပါတယ်'

သူ့မေးခွန်းက direct မေးခွန်း ဆိုပေမယ့် နှင်းက သွယ်ဝိုက်ပြီး မဖြေပါ။

'လူထဲက လူတစ်ယောက်မို့လို့ လောကတံတွာနဲ့ နိယာမတွေကို မပစ်ပယ်သင့်ဘူးလို့. . နှင်းထင်တယ် ကိုဂုဏ်. . . နောက်တစ်ခုက ကိုယ့်ရဲ့တန်ဖိုး. . . ကိုယ့်တန်ဖိုးကို လူတကာနဲ့တန်းညှိဖို့အတွက် ကိုယ်တိုင်ပဲ မြှင့်တင်ရမှာပေါ့. . နှင်း ပြောတာ မဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ရဲ့အောင်မြင်မှုအတွက် နှင်းက မျှဝေခံစားပေးမှာလား'

'သေချာတာကတော့ နှင်း မုဒိတာပွားမိမယ်ထင်တယ်'

ကျောင်းတက်ချိန်နီးပြီမို့ ဂုဏ်က နှုတ်ဆက်ပြီး ပြန်ဖို့ပြင်သည်။

'ကျွန်တော့်ရဲ့စိတ်ကို အာဟာရဖြည့်ပေးတဲ့အတွက် ကျေးဇူးပါ နှင်း'

နှင်း ကျောင်းထဲဝင်သွားတဲ့အထိ နှင်းရဲ့နောက်ကျောကို မျက်စိတဆုံး ကြည့်ပြီး သူကျန်နေခဲ့သည်။

▲ ▲ ▲



စာကျက်ပြီး ဦးနှောက်ကို အနားပေးသည့်အနေဖြင့် ဂစ်တာ ထိုင်တီးနေမိသည်။

သူ့အိမ်ကို မဖိတ်ခေါ်ဘဲ ညှော်သည်တွေ လာကြသည်။ ညှော်ကောင်းစောင်ကောင်းတွေပေါ့။

'အိမ်တွင်းပုန်းကုလားကို လာဖမ်းတာ . . မိပြီကွ'

'ဟော့ကောင်တွေ . . ငါအေးအေးဆေးဆေးပဲ နေချင်တယ်ကွာ . . ငြိမ်ငြိမ်သက်သက်လေး နေကြ၊ ဆောင်းခိုနေတဲ့ ငှက်ဖီလင်လေးတွေ မပျက်စီးချင်ဘူးကွာ'

မြတ်လင်းအောင်က တဟားဟားအော်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်မင်းကပါ ထောက်ခံပြီး ရယ်ပြန်သည်။

'မင်းက လူမိုက်လား၊ ကဗျာဆရာလား ဂုဏ်၊ နှင်းကိုတွေ့လို့ ဆောင်းခိုတဲ့နှလုံးသားကို အထင်ကြီးစရာလား၊ နှင် းပျောက်ရင် နေရောင်လာမှာပဲကွာ. . သိပ်ပြီး အစွဲအလမ်းမကြီးစမ်းပါနဲ့. . မင်းကို ငါတို့နှမြောတယ်ကွာ. . လုပ်ရည်ကိုင်ရည်၊ လုပ်ရဲကိုင်ရဲတဲ့ မင်းက ဒီလောကကနေ အနားယူမယ်ဆိုတော့. . .'

ဒီနှစ်ကောင် စိတ်မကောင်းဖြစ်နေတာ၊ အားကိုးရာမဲ့နေတာ သူ သိသည်။

သူတို့တွေက ဂုဏ်ရဲ့နောက်လိုက်အစွယ်အပွားတွေ။

ဒီကောင်တွေ မိုက်ချက်က ကမ်းကုန်နေတော့ လူတချို့က ပြောကြတာပေါ့. . တပည့်တွေတောင် ဒီလောက်မိုက်နေတာ၊ သူတို့ဆရာဆို ပိုပြီး မိုက်တော့မပေါ့တဲ့. .

တစ်ချိန်က ဒီလိုစကားတွေ ပြန်ကြားရလျှင် သူ ဂုဏ်ယူတတ်ခဲ့သည်။

မာန်တွေ တက်မိသည်။

ခုလည်း ဒီကောင်တွေက ဆွယ်တရားလာပောကြတာ။





'ဒီနေ့ည စိန်ခေါ်ပွဲရှိတယ် ဂုဏ်၊ အဲဒါကြောင့် မင်းကိုလာခေါ်တာ၊ လိုက်ခဲ့ကွာနော်. . မင်းကို မြင်ရင် ဒီကောင်တွေ ကြောက်ချီးပန်းသွားလိမ့်မယ်'

'နေစမ်းပါဦး. . ဘာအတွက် စိန်ခေါ်တာလဲ'

'ငါလိုက်နေတဲ့ ကောင်မလေးက သူတို့ရပ်ကွက်ထဲကမို့လို့ လာလာရိရင်းနဲ့ ငါနဲ့ငြိကုန်ကြတာ'

မြတ်လင်းအောင် ပြောတာကြားတော့ မိုက်သွေးလေးက ကြွချင်လာသည်။

'မိုက်ရိုင်းလိုက်တာကွာ၊ သူ့နှမမို့ သူက နာနေတာလား၊ မင်း ဒီအတိုင်းငြိမ်ခံလာတာလား လေင်း'

'ဟာ. . သူတို့က လူအများကြီးကွ၊ မင်းမပါတော့ ငါဘယ်လုပ်ရဲမလဲ. . လိုက်ခဲ့ကွာနော်'

သူ့အခြေအနေကိုကြည့်ပြီး လေင်းက အားတက်လာပုံရသည်။

'တစ်ခါတည်းပါကွာ. . ဒီတစ်ခါပဲ ကူပါ ဂုဏ်ရာ၊ ငါတို့ရပ်ကွက်ကို ဒီကောင်တွေ စော်ကားမော်ကားပြောနေတာ ကြာပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ နှင်းကို ကတိတွေပေးထားတာ သူမေ့သွားပါပြီ။

ငယ်ငယ်လေးကတည်းက နေလာခဲ့တဲ့ ကိုယ့်ရဲ့ ရပ်ကွက်ကလေးကိုတော့ ထိပါးမခံနိုင်ပါ။ ပါးပါးကလေး ပညာပေးရသေးတာပေါ့။

▲ ▲ ▲



အချိန်က ညံခုနစ်နာရီ။

နေရာက ဖိုးဇေတို့ရပ်ကွက်က ဘောလုံးကွင်းထဲမှာ။

သူတို့ဆရာကြီးပါလာတော့ ငလင်းတို့က ရှေ့ဆုံးမှမြောက်ကြွမြောက်ကြွ လျှောက်လာသည်။

ဂုဏ်နှင့် သူတို့က သက်တူရွယ်တူ ဆိုပေမယ့် ပညာအရ၊ သဘာအရ ဂုဏ်ကို ဆရာတင်ပြီး သူတို့က တပည့်အဖြစ်ခံယူထားကြသည်။

မီးရောင်က မှိန်ပျပျမို့ လူလုံးကွဲရုံသာ မြင်ရသည်။

လူမိုက်မှာလည်း လူမိုက်စည်းကမ်းရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျောကို ဓားနဲ့ထိုးတာတို့. . ချောင်းရိုက်တာတို့ လုပ်တဲ့သူဟာ သူရဲဘောကြောင်တာပဲ။

ဂုဏ်ကတော့ ဒီလို အောက်တန်းကျတဲ့ အပြုအမူမျိုးကို ဘယ်တော့မှပြုမည်မဟုတ်ပါ။

ဘောလုံးကွင်းထဲဝင်လာတဲ့ သူတို့လူစုကို ဟိုဘက်က မိုက်ကြေးခွဲဖို့ အသင့်စောင့်နေပုံရသည်။ ပုံစံတွေကတော့ အကုန် မိုက်ဂိုက်အပြည့်ပါပဲ။

ဒီကောင်တွေက ဘာလဲ။ တစ်ယောက်ချင်း မချရဲလို့ အုပ်စုဖွဲ့လာတာလား။

နည်းတဲ့လူတွေ မဟုတ်ဘူး။

ဆယ်ယောက်တော့ ကျော်နိုင်သည်။ ဂုဏ်တို့မှာက လေးယောက်တည်း။

လာကတည်းက ပုံစံမကျတာမို့ ဂုဏ်က အသံတိတ်ဆဲရေးလိုက်သည်။

လေင်းတို့ရှေ့မှာထွက်ရပ်လိုက်ပြီး ခြေနှစ်ဖက်ကို ချဲကားခါးထောက်ပြီး သူ ရပ်လိုက်သည်။





ထိုနောက် ဩရှပြတ်သားသောအသံဖြင့်

'မဆိုင်တဲ့သူ ဘေးဖယ်မယ်၊ မင်းတို့က တော်တော်ကြောက်တတ်တာပဲ. . ဒီလူလောက်နဲ့ဆို နည်းတာပေါ့ကွ၊ တစ်ရပ်ကွက်လုံးခေါ်ခဲ့ရောပေါ့. . အဟား'

ခနဲ့တဲ့တဲ့ပြောလိုက်တော့ တစ်ဖက်က ခံနိုင်ပုံမရပါ။

'ကြာတယ်ကွာ. . ချ'

အုပ်စုလိုက်ကြီးဝိုင်းဝင်လာပြီး တွယ်ကြတော့သည်။ တုတ်တွေ ကိုယ်စီဖြင့် လက်နက်အားကိုးပြီး ထင်တိုင်းကြဲနေသောလူစုကို ဂုဏ် သတိထားပြီးရှင်းနေရသည်။

လေင်းတို့ကို စိတ်ပူပြီး တိုးတိုးတိတ်တိတ် သတိပေးရသေးသည်။

'သတိထား၊ ဒီကောင်တွေ စည်းမရှိဘူး'

သစ်မင်းရဲ့ ငယ်သံပါအောင်အော်လိုက်သံကြားတော့ သူ့ခေါင်းတွေထူပူကုန်သည်။

ဘာမှမစဉ်းစားတော့ဘဲ သစ်မင်းဆီ သူပြေးသွားမိသည်။

လဲကျပြီးသတိလစ်နေတဲ့ သစ်မင်းကို ဝိုင်းပြီး ကန်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ သူ့ဒေါသတွေ အထွတ်အထိပ်သို့ရောက်သွားပြီး အဲဒီကောင်တွေကို အတင်းဝင်ပြီး ချတော့သည်။

ငလင်းက လှမ်းအော်သည်။

'ဂုဏ် သတိထား၊ ပုလင်းပါတယ်. . ပုလင်းကွဲ. . ပုလင်းကွဲ. .'

အဲဒီအချိန်မှာ နောက်ကျသွားပြီဆိုတာ. . သူ သိလိုက်ရသည်။

တစ်ချိန်က သူကိုယ်တိုင် အသုံးပြုခဲ့သော ပုလင်းကွဲစက သူ့မျက်နှာနှင့် လက်မောင်းတစ်လျှောက်ကို ပြန်ပြီး ဒဏ်ခတ်သွားပြီဖြစ်သည်။

အသည်းထိစိမ့်အောင်နာကျင်လွန်း၍ သူ့နှုတ်ခမ်းကိုပြတ်ထွက်လုမတတ် ကိုက်ထားမိသည်။

သွေးတွေ ပန်းထွက်နေသည်။

အော်ဖို့လည်း အင်အားမရှိတော့ပါ။

အခြေအနေအရ သူတို့လက်လွန်သွားမှန်းသိလို့ တစ်အုပ်စုလုံး ထွက်ပြေးသွားကြသည်။





အလစ်ချောင်းပြီး အငိုက်မိသွားသည်။

ရန်ဖြစ်တဲ့နေရာမှာ ကျွမ်းကျင်လွန်းလို့ ဆရာကြီး ဖြစ်နေသောဂုဏ်. .

ထိချက်က ပြင်းလွန်းသည်။

မျက်နှာတစ်ပြင်လုံး သွေးတွေက မြင်မကောင်းအောင်ထွက်နေသည်။

ငလင်းက ဂုဏ်အနားကို ပြေးလာပြီး ကြောင်ပြီး ရပ်နေသော သစ်မင်းကို

'ဟေ့ကောင်. . မ,လေကွာ၊ ဆေးရုံပို့မှဖြစ်မယ်'

အလောတကြီးဖြင့် သူတို့နှစ်ယောက် ဆရာဖြစ်သူကို ကားငှားကာ ဆေးရုံသို့ပို့ကြပါသည်။

အနာဂတ်ဆိုတာ ဘယ်သူ ကြိုမြင်နိုင်လို့လဲ။

အခုချိန်မှာတော့ ဂုဏ်အတွက် အရေးပေါ်အခြေအနေဖြစ်နေပါပြီ။ သေမလားရှင်မလားမသိတော့ သူ့တပည့်တွေ မျက်ရည် ကျကြသည်။ ပွဲချင်းပြီးနိုင်တဲ့နေရာတွေကို ထိမသွားပေမယ့် ဒဏ်ရာက သွေးထွက်လွန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးနှစ်ပုလင်း သွင်းလိုက်ရသည်။

ကုတင်ပေါ်မှာ ပက်လက်၊ မလှုပ်မယှက်ငြိမ်သက်ပြီး သွေးသွင်းခံနေရသော ဂုဏ်ကို ကြည့်ပြီး လေးင်းက ယူကြုံးမရဖြစ်စွာ

'ငါ့ကြောင့်. . ငါ့ကြောင့်ဖြစ်ရတာ၊ ဒီလိုဖြစ်မယ်မှန်းသိရင် ငါ မခေါ်ပါဘူးကွာ. . ခုတော့. .'

ဆိုးပေ့ မိုက်ပေ့ဆိုတဲ့ လူတွေမှာလည်း ခံစားတတ်တဲ့နှလုံးသား ရှိပါသေးသည်။

ညဥ့်သန်းခေါင်ကျော်တော့မှ ဂုဏ်သတိရလာသည်။

မျက်နှာမှာ ရတဲ့ဒဏ်ရာတွေက သိပ်အနက်ကြီးမဟုတ်ဘဲ သူ အရှောင်မြန်လို့ အပေါ်ယံကလေး ရှပ်ပြီးထိသွားတာဖြစ်သည်။

လက်မောင်းမှာလည်း ဒဏ်ရာတွေအပြည့်။

'ဂုဏ်. . သတိရပြီလား၊ ငါ့ကို ခွင့်လွှတ်ပါကွာ. . . ငါ လာမခေါ်ရင် မင်း ဒီလိုဖြစ်မှာမဟုတ်ဘူး'

ရှက်စိတ်၊ နာကြည်းစိတ်တွေက ရင်နှင့်မမျှအောင် တင်းကြပ်နေသည်။ တစ်သက်လုံး ကိုယ့်ကိုကိုးကွယ်လာတဲ့ တပည့်တွေရှေ့မှာ သူ ကျဆုံးခဲ့ရသည်။





ငါတော်တယ်၊ ငါမိုက်တယ်. . ဒီလောကမှာ ငါအမိုက်ဆုံးဆိုတဲ့လူတွေ. . ဘယ်လောက်ပဲ မိုက်နေပါစေ၊ သူ့ထက်မိုက်တဲ့သူတွေ ပေါ်လာမြဲပါပဲ။

မေမေ ဆုံးပြီး နောက်ပိုင်းမှာ ဒီနေ့က ဝမ်းနည်းစရာအကောင်းဆုံးနေ့ပဲ။ သေလောက်အောင် နာကျင်နေလည်း အနားမှာ ဖေးကူမဖို့ အားပေးနှစ်သိမ့်ဖို့ လူတစ်ယောက်မှမရှိပါလား။

ငါ့ဘဝက သုညပဲ။

ဟုတ်တယ်. . သုညမှာတောင်မှ အနုတ်လက္ခဏာ တပ်ရမယ့် သုညဖြစ်နေပြီ။

ပုလင်းတစ်လုံးနဲ့နှိုင်းမယ်ဆိုရင်လည်း ကွဲကြေလို့ အမှိုက်ပုံမှာ လွှင့်ပစ်ထားတဲ့ ပုလင်းကွဲပဲဖြစ်မှာပေ့ါ။

ဘူးခွံ၊ ပုလင်းခွံတွေ လိုက်ဝယ်တဲ့သူတွေ ယောင်ပြီးတောင် လှည့်မကြည့်တဲ့ပုလင်းကွဲ ဘဝ။

အဲဒီလောက်တောင် စုတ်ပြတ်သတ်နေတဲ့ဘဝမှာ နေချင်စရာရော ကောင်းပါ့ဦးမလား။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

လာနေကျ လမ်းလေးမှာ စောင့်နေကျလူတစ်ယောက်ကို မတွေ့ရတဲ့အခါ ရင်ထဲမှာ ဟာသွားသည်။

ငေးရီရီလေးနဲ့ ခပ်ညှို့ညှို့ကြည့်တတ်တဲ့ ယောကျာ်းတစ်ယောက်ကို သေမလောက်လွမ်းဆွတ်သွားတာ သူမ အပြစ်လား. . ပြုစားတတ်လွန်းတဲ့ တစ်ယောက်သောသူရဲ့အပြစ်လား. .

ဒါမှမဟုတ်. .

အတိတ်က ရေစက်ကြောင့် ဖူးစာ မဆုံ ဆုံအောင် တွန်းပို့နေတဲ့ cupid ကြောင့်လား။

ပေါ်လာနိုး၊ သူ လိုက်လာနိုးနဲ့စောင့်နေရင်း လမ်းလျှောက်





ရင်း မျှော်နေပေမယ့် ကျောင်းနားရောက်တဲ့အထိ သူ လိုက်မလာတော့မှ ဒီနေ့ မလာနိုင်တော့ဘူးဆိုတာ သေချာသွားပြီပဲ။

နှင်း မညာပါဘူး. . .

နှင်းရင်ထဲမှာဟာနေတာ နှင်းပဲ သိတာလေ. . ရှင် ဒါတွေ မသိနိုင်ပါဘူး ဂုဏ်။

ဂုဏ်သိက္ခာတစ်ခုကို အသက်လောက်နီးပါး တန်ဖိုးထားရတဲ့ ကျောင်းဆရာမတစ်ယောက်ရဲ့ရင်ထဲမှာ ရှင့်ကို ချစ်နေပေမယ့် လည်း ဟန်ဆောင်နေရတယ်။

နှင်းရဲ့အချစ်က ရှင်နဲ့ လုံးဝမထိုက်တန်ဘူးလို့ ပတ်ဝန်းကျင်က ပြောနေကြတယ် ဂုဏ်။

နှင်းတို့နှစ်ယောက် ဘယ်လိုရှေ့ဆက်ကြမလဲ။

ရှင်နဲ့အတူတူ အိမ်ပြန်ချင်တယ် ဂုဏ်. . အိမ်ပြန်ချိန်ကျရင် နှင်းရဲ့အနားမှာ ရှိနေပေးပါနော်၊ နေဝင်ချိန်ကို ရှင်နဲ့အတူကြည့်ချင်လို့ပါ။ ရှင်နဲ့ခွဲပြီး အိမ်ပြန်ရောက်ရင် နှင်းလွမ်းနေရတာ သိရဲ့လား။

ဒီတစ်ခါ ရှင်နဲ့တွေ့ရင် တစ်ခုတော့ တောင်းဆိုချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင် ရန်မဖြစ်ပါနဲ့တော့. . နှင်း စိတ်ချပါရစေနော်. . ဒီနေ့လိုမျိုး ရှင့်မျက်နှာကို မတွေ့ရတဲ့အခါ ရင်ထဲမှာ ဘယ်လောက် ပူတယ်ထင်လဲ။

ရှင် ရန်ဖြစ်ပြီး တစ်ခုခုဖြစ်နေမလား ဆိုပြီး စိတ်ပူရတာပေါ့ ဂုဏ်. .

ရှင့်ရဲ့အရင်က အတိတ်တွေကို ဖျက်လို့ရရင် ဖျက်ပြီး စာမျက်နှာအသစ်မှာ ပြန်ရေးစေချင်တယ် ဂုဏ်. .

ဟိုးအရင်ကလို မဆိုးတော့ပါဘူးလို့ နှင်းကို ပြောပေးပါဂုဏ်ရယ်. .

မနက်ဖြန်ကျရင် နှင်းရဲ့အရှေ့ကို ဘာဒဏ်ရာဒဏ်ချက်မှ မပါဘဲနဲ့ ရောက်လာပေးပါလား ဂုဏ်. .

▲ ▲ ▲



ကျောင်းဖွင့်ရက်တွေရဲ့ ဒုတိယမြောက်တဲ့နေ့မှာ နှင်းဆီကို သတင်းဆိုးတစ်ခုက မမျှော်လင့်ဘဲရောက်လာခဲ့သည်။ နီနီက နှင်းကို စိတ်ထိခိုက်မှာစိုးလို့ မျက်နှာအရိပ်အကဲကြည့်ပြီး ပြောပေမယ့် ဒီထက်မက သူခံလိုက်ရပြီဆိုတာ နှင်း သိလိုက်ပါပြီ။

'သူ အခု ဘယ်မှာလဲ နီနီ'

ဒီလိုမေးဖို့အတွက် တော်တော်အားယူလိုက်ရတာ သူမသာသိလေသည်။

'ဆေးရုံပေါ်မှာပေါ့. . သေကောင်ပေါင်းလဲဖြစ်နေလို့ သူ့တပည့်တွေဆို ငိုတောင်နေပြီတဲ့. . ကိုယ်ပြုတဲ့ကံ ကိုယ့်ဆီ ပြန်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ နှင်းရယ်၊ နင့်ကိုသိစေချင်လို့ ငါ့အိမ်ကိုလာပြောသွားတာ ဖြစ်မှာ၊ ဒါပဲနော် နှင်း. . နင်လုံးဝသွားကြည့်ဖို့ စိတ်မကူးနဲ့၊ နင့်ရဲ့ကြွေနဲ့သိက္ခာတွေကို ဒီလိုကောင်ကြောင့် အပွန်းပဲ့မခံပါနဲ့ နှင်းရယ်'

သူငယ်ချင်းဖြစ်သူရဲ့ စေတနာကို နားလည်ပါသည်။

ဆွေမရှိ မျိုးမရှိ ပြုစုမယ့်သူ မရှိဘဲ ဆေးရုံပေါ်မှာ သူတစ်ယောက်တည်း ဝေဒနာခံစားနေရတာ တွေးကြည့်ရုံနှင့်တင် နှင်းရင်မှာ ဆို့ပါသည်။ ရက်ရက်စက်စက် နှလုံးသားနှင့် ဘယ်လိုလုပ်ပြီး ဥပေက္ခာ ပြုနိုင်မှာလဲ နီနီရယ်. .

'ဘယ်ဆေးရုံလဲ နီ'

ဒီလောက်ပြောနေရက်သားနဲ့ ရှေ့ဆက်တိုးရပ့်မလားဆိုပြီး နီနီက သူမကို စူးလက်နေသောမျက်လုံးတစ်စုံဖြင့် ကြည့်လာကာ ချာခနဲလှည့်ထွက်သွားပါသည်။ အချစ်ဆုံးသူငယ်ချင်းနဲ့ ပထမဆုံးအကြိမ် စိတ်ဝမ်းကွဲပြီထင်ပါတယ်. . .

ရှင် ဘယ်လိုနေသလဲ ဂုဏ်. . အဆင်ပြေရဲ့လား. . ရှင့်ကို နှင်းလာတွေ့ချင်ပါတယ်. . ဒါပေမယ့်. .

▲ ▲ ▲



<u>ပုလင်းတစ်လုံး၏နိဂုံး</u>

ဆေးရုံပေါ်မှာ တစ်ပတ်နေခဲ့ရသည်။ စိတ်ဓာတ်တွေ ခိုင်မာတည်ကြည်ဖို့ထက် ကိုယ့်ကိုယ်ကို မတ်တတ်ရပ်နိုင်ဖို့ အနိုင်နိုင်ကြိုးစားခဲ့ရသည်။

အရမ်းအားငယ်တဲ့အချိန်မှာ သူ ဘယ်သူ့ကို အတမ်းတဆုံးလဲ။ ဖေဖေ့ကိုလား. . . မဟုတ်ဘူး။ နာကြည်းတဲ့စိတ်တွေက အဖေနဲ့သူ့ကို တဖြည်းဖြည်းဝေးကွာသွားစေသည်။

မှတ်မှတ်ရရ တစ်ညမှာ မေမေ့ကို သူ အိပ်မက် မက်ပါသည်။ အဲဒီနေ့က ဆေးရုံပေါ်မှာ မိုးသာချုပ်သွားသည်။ ထမင်းချိုင့်



www.burmeseclassic.com

www.burmeseclassic.com



လာပို့ပေးမည့်သူ မရှိ။ ဗိုက်ဆာလာလေ ဝမ်းနည်းလေပင်။ တစ်ခါမှ အဲဒီလောက်ထိ ဝမ်းမနည်းဖူးပါ။

မေမေ့ကို အရမ်းသတိရသွားမိသည်။ ငါ့အမေသာ ရှိရင် အခုလိုမျိုး ထမင်းငတ်ရမှာ မဟုတ်ဘူး။ ထမင်းတစ်နပ်တော့ လာကျွေးမှာပါဆိုတဲ့ အတွေးလေးဝင်လာတဲ့ တစ်ခဏမှာ ဂုဏ် မျက်ရည်ပေါက်ပေါက်ကျရသည်။

ငိုပြီး အိပ်ပျော်သွားတော့ စွဲလမ်းစိတ်ကြောင့်ထင်သည်။ မေမေရယ်လေ. . ထမင်းချိုင့်လေးဆွဲပြီး သူ့ကုတင်ဆီ လှမ်းလာနေသည်။

'မေမေ'လို့ အကျယ်ကြီးအော်ပြီး သူ လန့်နိုးလာခဲ့သည်။ ချွေးစေးတွေ ရွှဲနစ်နေပြီး ပါးမှာလည်း မျက်ရည်တွေ စွန်းစိုလို့. . အနွေးထွေးဆုံး မေမေ့ရင်ခွင်လေးကို ဘယ်လောက်တောင် တမ်းတနေရလဲ။

မေမေ သူ့အနားမှာ မရှိတာ ကြာပြီလေ. . . လွမ်းတယ် မေမေ. . သား မေမေ့ကို သိပ်လွမ်းတာပဲ. .

နေ့တိုင်း မျှော်ငေးခဲ့ရတဲ့ မျက်နှာလေးကိုလည်း လွမ်းတာ





ပါပဲ။ နှင်း မသိလို့လား. . . ကတိမတည်ဘူး ဆိုပြီး စိတ်နာသွားတာလား. . .

ဆေးရုံပေါ်မှာ နေခဲ့တဲ့ တစ်ပတ်လုံးလုံး ကိုယ်မျှော်နေခဲ့ပါတယ် နှင်းရယ်. .

နှင်း နေနိုင်တယ်နော်. . သတင်းမေးလေးတောင်မှ မလာခဲ့ဘူးလေ. .

ဆေးရုံပေါ်မှဆင်းဆင်းချင်း ဂုဏ်သည် နှင်းရှိရာအရပ်သို့ ခြေဦးလှည့်ပြီးသား ဖြစ်နေသည်။

တည်ငြိမ်သောအလှ၊ ဣန္ဒြေရသော ခြေလှမ်းကလေးဖြင့် လျှောက်လာသောနှင်းကို အတွေ့မှာ ထိန်းလို့မရအောင် ရင်တွေပရမ်းပတာခုန်နေသည်။

သိပ်လှတာပဲ နှင်းရယ်. . ဘယ်အချိန်ကြည့်ကြည့် နှင်းကလှနေတာပဲနော်. . ကဗျာဆန်တဲ့အလှကို မင်းပိုင်ထားတယ် နှင်း။ ကာရန်ညီတဲ့ တေးသွားကလေးတစ်ပုဒ်လို မင်းရဲ့လှုပ်ရှားမှုတိုင်းက သက်ဝင်လှပပါတယ်။

အာရှတစ်ခွင်. . မဟုတ်သေးဘူး၊ ဥရောပတစ်လွှား. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါတင်ဘယ်ကမှာလဲ. . ဟောဒီတစ်ကမ္ဘာလုံးမှာ မင်း အလှဆုံးလို့ ပြောရင် ရှက်နေမှာလား နှင်း။

သူ့ရှေ့က နှင်း ဖြတ်အလျှောက်မှာ သူမဆံထုံးမှာ သီကုံးပြီး ပန်ထားတဲ့ စံပယ်ပန်းရနံ့သင်းသင်းလေးက နှင်းကိုယ်စား ကျန်နေရစ်ခဲ့သည်။

နှင်းက သူ့ကို မမြင်တာမှ မဟုတ်တာ. . ဒါဖြင့် ဘာလို့ မသိကျိုးကျွံပြုသွားတာလဲ။

နှင်းနောက်က သူ လိုက်လာခဲ့သည်။

'နှင်း. . '

နှင်းက လှည့်မကြည့်ပါ။ နှင်းနှင့်သူ ဘေးချင်းယှဉ်ရပ်ရင်း

'နှင်း. . ကျွန်တော့်ကို စိတ်ဆိုးနေတာလား'

'ဘာအတွက်လဲ. . ဘာကို စိတ်ဆိုးရမှာလဲ'

လေသံက မမာပေမယ့် နှင်းပါးစပ်က ထွက်လာတဲ့ စကားလုံးတိုင်းမှာ အစိမ်းရောင်တွေ ခြယ်ထားသလို စိမ်းကားလွန်းသည်။

ခံစားနိုင်တဲ့ အင်အား မရှိတော့လောက်အောင် လူကို ချောက်ချားစေသည်။





'နှင်း. . ကျွန်တော် ဆေးရုံတက်နေရလို့ နှင်းဆီ မရောက်တာပါ. . စိတ်မဆိုးပါနဲ့ဗျာ'

နှင်းက ခြောက်ကပ်စွာ ရယ်သည်။

အသက်မပါတဲ့ နှင်းရဲ့ရယ်သံက သူနှင့်စိမ်းသက်လွန်းနေသည်။

ကျောင်းပို့ ကျောင်းကြို နှင်းအပါးမှာ နှစ်ကိုယ်ယှဉ်တွဲလျှောက်ရင်း သာသာယာယာလေး ရယ်တတ်တဲ့ နှင်းရဲ့ရယ်သံတွေ ဘယ်ပျောက်သွားပြီလဲ. . .

'ဒီမယ် ကိုဂုဏ်၊ ရှင် မလာလို့ ကျွန်မက စိတ်ဆိုးနေမယ် များထင်လို့လား ဝေးသေးတယ်ရှင်၊ ကျွန်မ တစ်ပတ်လုံးလုံးအနှောင့်အယှက်ကင်းကင်းနဲ့ စိတ်ချမ်းသာနေတာ၊ ဒီနေ့ကျမှ. . '

နှင်းက စကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။

နှင်း၏ မျက်နှာက ဘာခံစားချက်မှ မရှိတဲ့ ဗလာမျက်နှာဖြစ်နေသည်။

နှင်းရဲ့ အပြော. . နှင်းရဲ့ အမူအရာတွေအောက်မှာ သူ ချောက်ချားစ ပြုလာသည်။ အလန့်တကြားတုန်လှုပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေက နှင်းကို စေ့စေ့မကြည့်ရဲပါ။ မြေကြီးပေါ်ကို အကြည့်ပို့ပြီး သိမ်ငယ်စိတ်ကို ဖုံးကွယ်ထားရသည်။

'ရှင် ဒီနေ့က စပြီး ကျွန်မနောက်ကို ဆက်လိုက်မလာပါနဲ့. . ရှင့်ကြောင့်၊ရှင့်ရဲ့လုပ်ရပ်ကြောင့် ပတ်ဝန်းကျင်မှာ ကျွန်မဂုဏ်သိက္ခာတွေ ပွန်းပဲ့ရတယ်. . တကယ်တော့. . ရှင့်လိုလူဟာ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ၊ ဘယ်တော့မှ ပြင်ယူလို့ရမှာ မဟုတ်တော့ဘူး၊ အဲဒီတော့ ကျွန်မနဲ့ဝေးဝေးမှာသာ ရှင်နေပါတော့'

ဟိုးအဝေးကြီးကနေ လေးလံသော အရာဝတ္ထုတစ်ခုဖြင့် ပစ်ပေါက်လိုက်သလို ခံရခက်သည်။ နာကျင်စေသည်။

သူ့နှုတ်က ဆွံ့အနေသည်။ နှင်းကို ပြန်ပြောဖို့ စကားလုံးတွေ ပျောက်ဆုံးနေသည်။

အယူခံနှလုံးသားဖြင့် နှင်းဆီမှာ လျှောက်လဲချင်သည်။

တောင်းပန်ချင်သည်။

သို့သော် ပြင်းထန်သောစကားလုံးတွေရဲ့ အောက်မှာ သူ့သိက္ခာတွေ ရစရာမရှိအောင် ကျဆင်းခဲ့ရသည်။ သူ ပြောမိတာက တစ်ခွန်းတည်း. . .





'နှင်း ကိုယ့်မျက်နှာကို မမြင်ချင်ဘူးမဟုတ်လား၊ နှင်းရှေ့ကို ကိုယ် ဘယ်တော့မှရောက်မလာစေရဘူးလို့ ကတိပေးပါတယ်၊ ဒီနေ့ကစပြီး နှင်း စိတ်ချမ်းသာအောင် နေပါတော့. . ကိုယ့်ကိုခွင့်ပြုပါ နှင်း'

နှင်းကို ကျောခိုင်းပြီး သူထွက်လာခဲ့သည်။ ယောကျ်ားလေးတွေလည်း ဝမ်းနည်းတတ်ပါတယ် နှင်း။

လူမိုက်တစ်ယောက်ဟာ အပေအတေနေချင်နေမယ်. . ကလေကချေ ဆန်ချင်ဆန်မယ်. . ဒါပေမယ့် သူလည်း လူပဲလေ။

လူတစ်ယောက်မှာရှိတဲ့ ဝမ်းနည်းစိတ်၊ သိမ်ငယ်စိတ်၊ အားငယ်စိတ်ကတော့ သူ့ဆီမှာ ရှိကိုရှိတယ် နှင်း။

နှင်း. . မင်းဟာ အပြောင်းအလဲမြန်တဲ့ မိန်းမတစ်ယောက်လား. .

ဝန်ခံပါတယ်. . မင်းကို ကိုယ် လိုက်လို့မမီနိုင်ဘူး။

အရှုံးပေးပါတယ်၊ ကိုယ့်သိက္ခာတွေ မင်းခြေဖဝါးအောက်မှာ နင်းချေပစ်လိုက်ပြီပဲ. .

ရင်ထဲမှာ နာနေတာ ကိုယ်ပဲ သိတယ်နှင်း။ ဒီဝေဒနာကို



www.burmeseclassic.com

www.burmeseclassic.com



မင်း ပေးတာလို့ မစွပ်စွဲရက်ပေမယ့် နှစ်ရှည်လများ ကိုယ်ခံစားရတော့မှာပဲ။

မင်းရှေ့ကို ဘယ်တော့မှမလာတော့ဘူးလို့ ပြောခဲ့ပေမယ့် ဟိုးအဝေးကနေ. . တိတ်တိတ်ကလေး လွမ်းနေခွင့်တော့ ရှိတယ်မဟုတ်လား. . ပေးပြီးသားယောကျ်ားကတိတစ်လုံးကို ရင်ဘတ်ကြီးတစ် ခုလုံးနဲ့ရင်းပြီး ထိန်းရမှာ ခက်ခဲပါကယ်. . .

ဒါတွေအားလုံးဟာ ခက်ခဲမှန်းသိရက်နဲ့ စုပြုံပြီး ခံဖို့ ဆုံးဖြတ်ခဲ့တာ မင်းကို သိပ်ချစ်လို့ပါ နှင်း။

▲ ▲ ▲



ဒီနေ့. . ဒီရက်. . ဒီအရပ်. . ဒီဒေသမှာ လူသူ ကင်းရှင်းတဲ့ ကွင်းပြင်ကျယ်ကြီးထဲမှာ. . မြက်ပင်ရှည်ကြီးတွေကို ကျောခင်းပြီး သူ အိပ်နေသည်။

မိုးကောင်းကင်ကြီးက သူနှင့် မျက်နှာချင်းဆိုင်မှာ ရှိနေသည်။ ဒါပေမယ့် မိုင်ပေါင်းများစွာ ဝေးကွာလွန်းနေ ပါသည်။

နေဝင်ချိန်တောင် ရောက်နေပြီပဲ။

စိတ်တွေက တိမ်တိုက်တွေနှင့်အတူ လွင့်ချင်ရာလွင့်မျောနေသည်။

ငှက်ကလေးတွေ အိပ်တန်းတက်ကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ဆိုတဲ့ သူ့ဘဝမှာ မိန်းမတစ်ယောက်က ပေးတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ဒီတစ်ခါပဲ ခံစားဖူးသည်။

မိန်းမတစ်ယောက်အတွက် မျက်ရည်ကျဖူးတာလည်း ဒါပထမဆုံးအကြိမ် ဖြစ်သည်။

မျက်ရည်တွေနဲ့ သူငိုနေသည်။ ကျချင်သလောက် ကျစမ်းပါစေ. . သုတ်ပစ်ဖို့ သူမေ့နေသည်။

ငှက်ကလေးတွေ ပျံသန်းတာကို လိုက်ကြည့်နေရင်း သူ့အကြည့်ထဲကို ဝင်လာတာက မြေပြင်ပေါ်မှ လွှတ်တင်လိုက်သော စွန်တစ်ခုဖြစ်သည်။

ဒီစွန်ကလေးက လွှတ်လပ်လိုက်တာ. . ဝဲချင်သလို ဝဲပြီး လွင့်ချင်သလို လွင့်ခွင့်ရှိနေသည်။ ဒါဟာ တစ်ချိန်က သူ့ဘဝနှင့် အလားသဏ္ဍာန်တူသည်။ နေချင်သလိုနေပြီး ပေချင်သလို ပေခဲ့ဖူးသည်။

မတူတာတစ်ခုက သူ့မှာ အထိန်းအကွပ်မရှိပေမယ့် စွန်လေးမှာတော့ မြေပြင်မှမနေပြီး controlလုပ်ပေးမည့်သူ ရှိနေသည်။

အတိုးအလျှော့လုပ်ပြီး လေထဲမှာ လှုလှုပပကလေး ဟန်





ရေးပြနေသည့်စွန်ကလေးကြောင့် ကိုယ့်ဘဝကိုယ် အတွေးတွေချော်ပြီး ပိုဝမ်းနည်းလာရသည်။

ဟိုးအမြင့် မိုးကောင်းကင်ဆီမှာ မေမေများ ရှိနေမလား။ မေမေ့ဆီကို သားလာချင်လိုက်တာ. . သားကို လာခေါ်ပါလား မေမေ. . ဒီပတ်ဝန်းကျင်မှာ သားမနေချင်တော့ဘူး မေမေ။

လူတွေက ဝိုင်းပယ်ကြတယ်. . ခွဲခြားကြတယ်၊ ပိုဆိုးတာက ကိုယ် တကယ်ချစ်ရတဲ့ မိန်းကလေးကတောင် ငြင်းပယ်ခဲ့တယ် မေမေ. .

'ဟာ. . စွန်ပြတ်သွားပြီဟေ့. . . ငါတို့စွန် ပြတ်သွားပြီ'

'တောက်. . ဘယ်ကောင်တွေ တက်ဖြတ်သွားလဲ မသိဘူးကွာ. . ဒါကြောင့် မင်းတို့ကို ငါ ပြောတာပေါ့. . မှန်စာ ကောင်းကောင်းတိုက်ပါလို့'

'ပြီးရော. . ငါ ပုလင်းကွဲရှာပြီး သေချာတိုက်ပေးမယ်ကွာ'

ကောင်လေးတစ်စု။ သူတို့စွန် ကြိုးပြတ်ကျသွားလို့ တစ်ယောက်တစ်ပေါက် မခံချိမခံသာဖြစ်နေတဲ့အသံတွေ အတိုင်းသားကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက် ဆယ့်သုံးနှစ်လောက် ရှိမည့် ကောင်လေး တစ်ယောက် သူ့အနားကို ရောက်လာပြီး

'အစ်ကို. . ကန်တော့နော်၊ ကန်တော့. . ဟိုပုလင်းကွဲကလေး ကျွန်တော် လိုချင်လို့'

သူ့နံဘေးမှာ ပွစာကျဲနေတဲ့ ဘီယာပုလင်းတွေကို လာတောင်းခြင်းဖြစ်သည်။ စိတ်ညစ်ညစ်ဖြင့် ပုလင်းပေါင်းမရေမတွက်နိုင်အောင် သောက်မိသည်။ စိတ်ရှုပေါက်လျှင်ပေါက်သလို ပုလင်းတွေကို ရိုက်ခွဲထားသည်။

'မင်းက ဒီပုလင်းကွဲတွေယူပြီး ဘာလုပ်မလို့လဲ၊ ပြန်ရောင်းစားလို့မှ မရတော့တာ'

'ကျွန်တော်တို့အတွက်တော့ ပုလင်းကွဲက တန်ဖိုးရှိတယ် အစ်ကိုရ၊ အဲဒီအကွဲစတွေကို ထောင်းပြီး မှန်စာတိုက်လို့ရတယ်. . နောက်ပြီး ဟိုကောင်တွေရဲ့ စွန်ကို ကောင်းကင်ထက်မှာ တက်ဖြတ်မလို့'

ဂုဏ်သည် တအံ့တဩဖြင့် ကောင်လေးကို ငေးကြည့်နေမိသည်။





ဘာမှသုံးစားလို့မရတော့ဘူးထင်တဲ့ ပုလင်းကွဲတွေက သူ့နေရာနဲ့သူ အသုံးချစရာကျန်နေသေးသတဲ့. .

ကောင်းကင်ထက်က စွန်ကိုတောင် တက်ဖြတ်နိုင်တဲ့. . အစွမ်းအစရှိသတဲ့။

ခေါင်းထဲမှာ တစ်ချက် လင်းကနဲဖြစ်သွားသည်။

'ဟာ. . မင်းကို ငါ ကျေးဇူးအရမ်းတင်တယ် ညီလေးရာ'

မဆီမဆိုင် ကျေးဇူးတွေ ထ,တင်နေသောသူ့ကို ကောင်လေးက ကြောင်ဆိုပြီး ပြုံး၍ကြည့်နေသည်။

မြက်ခင်းပေါ် အိပ်နေရာမှ ထထိုင်ပြီးနောက် သူ့ခေါင်းထဲကို အသိတစ်ခုဝင်သွားခဲ့သည်။

ဂုဏ်ဟာ ဒီလောက၊ ဒီပတ်ဝန်းကျင်မှာ အမှိုက် မဟုတ်တော့ဘူး။ ဘာမှ အသုံးမဝင်တော့တဲ့ အမှိုက်ကနေ ရွှေဖြစ်အောင်ကြံရင် ရနိုင်တာပဲ။

ကောင်းတဲ့ ဂုဏ်နဲ့ ကျော်ကြားအောင် ကြိုးစားရမယ်။

နှင်းရဲ့အနားကို တစ်နေ့နေ့မှာ ရောက်အောင် သွားရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်သက် နှင်းကို သူမေ့လို့မရတာ သေချာနေလို့ပင်။

အဲဒီနောက်မှာတော့ ဂုဏ်သည် ဘဝသစ်တစ်ခုကို စဖို့ လန်းဆန်းတက်ကြွသော အားအင်တို့ဖြင့် အိမ်သို့ ပြန်လာခဲ့သည်။

ပုလင်းလေးတစ်လုံးဟာ ပကတိအတိုင်းမရှိတော့ဘူး၊ ကွဲကြေသွားပြီ။ ဒါပေမယ့် အမှိုက်တော့ မဖြစ်သေးပါဘူး။

ဂုဏ်ဆိုတဲ့ကောင်ဟာ ဘာကောင်လဲဆိုတာ စောင့်ကြည့်နေလိုက်ပါ။ တစ်က ပြန်စမယ် နှင်းသဏ္ဍာန်။

▲ ▲ ▲



ဒီဇင်ဘာလကို ရောက်လာပြီပဲ။

သိပ်မကြာခင် ကလေးတွေ ကျောင်းပိတ်တော့မည်။

နှင်းသည် ကျောင်းထဲမှာ အလေ့ကျပေါက်နေတဲ့ အပင်လေးတွေကို ငေးကြည့်နေမိသည်။

ဒီအချိန် သူလာနေကျလေ. . .

ကျောင်းဆင်းခါနီးရင် ကျောင်းဘေးနားက သစ်ပင်တစ်ပင်အောက်မှာ ရပ်ပြီး နှင်းကို သူစောင့်နေလိမ့်မည်။

အခုရော. .

သူ လာများစောင့်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် နီနီတားတဲ့ကြားက ဆေးရုံမှာ သူ့ကိုသွားကြည့်ခဲ့သေးသည်။

အနာရှိန်ကြောင့် မှေးပြီး အိပ်ပျော်နေတဲ့ သူ့ပုံရိပ်တွေကို မြင်နေမိဆဲပါပဲ။

နှင်းလာတာ သူသိမှာ မဟုတ်ပါဘူးလေ။

စိုးရိမ်လွန်းလို့ မျက်ရည်တောင် ကျခဲ့ရပါတယ် ဂုဏ်ရယ်။ ရှင့်ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူးဆိုတာလည်း နှင်းသိလိုက်ပါတယ်။

ရှင့်အသိစိတ်နဲ့ရှင် ပြုပြင်လာမယ့် တစ်နေ့ကို နှင်း ဆုတောင်းရင်း စောင့်နေပါတယ် ဂုဏ်. .

ကျောင်းဆင်းဖို့ ခေါင်းလောင်းသံကလေးက အချက်ပေးနေပြီ။

ကလေးတွေရဲ့ အပျော်ဆုံးအချိန်လို့ ပြောရင် လွန်မယ်မထင်ပါဘူး။

အိမ်ပြန်ဖို့အတွက် လွယ်အိတ်ကိုယ်စီလွယ်ပြီး ပြေးထွက်ဖို့ ပြင်နေသော ကလေးတွေကို သူမက





'နေဦးလေ. . ဆရာမကို နှုတ်မဆက်တော့ဘူးလား'

အဲဒီတော့မှ ကလေးတွေက မတ်တတ်ကလေးတွေ ရပ်ကာနှုတ်ဆက်သည်။

'ကျေးဇူးတင်ပါတယ် ဆရာမ'

'မပြေးနဲ့နော် သားတို့ သမီးတို့ ကောင်းကောင်းသွားကြ'

ကလေးတွေ ပြန်သွားတော့လည်း ကျောင်းခန်းထဲမှာ သူမတစ်ယောက်တည်း ဆက်ထိုင်နေမိသည်။

ကျောင်းဆင်းချိန်ရောက်မှာကို ကြောက်တယ် ဂုဏ်. . ရှင့်အရိပ်တွေပဲ အနားမှာ စိုးမိုးနေလို့. .

'ဟဲ့ နှင်း၊ မပြန်သေးဘူးလား. . လာလေ'

နီနီက သူမကို လှမ်းခေါ်နေသည်။

'အေး. . အေး. . လာပြီ'

အိမ်အပြန်တစ်လမ်းလုံးတိတ်ဆိတ်နေသောနှင်းကို နီနီက

'နှင်း. . နင့်ကို ငါ ပြောသင့် မပြောသင့် စဉ်းစားနေတာ၊ အေးလေ. . မပြောတာဘဲ ကောင်းပါတယ်၊ တော်ကြာ နင့်စိတ်တွေအဟောင်းက အသစ်ဖြစ်မှာစိုးလို့'



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မငုံမရဲဖြင့် ပြောသောအခါ နှင်းက အသက်မပါစွာ ရယ်သည်။

'ဟင်း . . ဟင်း . . နင်က သိပ်ရယ်ရတာပဲ နီနီ . . တကယ့်ကလေးလေးကျနေတာပဲဟယ် . . နိဒါန်းတွေ စာကိုယ်တွေ လာလုပ်မနေနဲ့၊ ပြောချင်လိုက်တာလည်း သူမြင်နှစ်ယောက်မရှိဘဲနဲ့'

'နင့်ကို ငါ တစ်ခုလောက် မေးလို့ရမလား နှင်း'

'နင် ဘာမေးမယ်ဆိုတာ ငါ သိနေတယ် နီနီ . . ဂုဏ်ကို ဘာကြောင့် အဆက်အသွယ်ဖြတ်လိုက်သလဲ ဆိုတာ . . သိချင်တာ လား'

'ဟုတ်တယ် . . ဟုတ်တယ်၊ သူ့ကို နင် သံယောဇဉ် ဘယ်လောက်ကြီးတယ်ဆိုတာ ငါသိနေတာပဲဥစ္စာ . . ဟော . . ဖြတ်မယ့် ဖြတ်တော့လည်း တကယ့်သူစိမ်းတွေလိုပဲဟယ် . . ဟိုတစ်ယောက် ဆိုလည်း ကျောင်းရှေ့မှာ လုံးဝမတွေ့ရတော့ဘူး'

သူတို့က ဒီလိုပဲ ထင်ကြသလား။

နှင်းက ဂုဏ့်ကို စိမ်းစိမ်းကားကားနဲ့ ရက်စက်နိုင်တယ်လို့ ထင်ကြတယ်ပေါ့။





အပြင်မှာ စိမ်းဖို့အတွက် နှလုံးသွေးတွေ ပွက်ပွက်ဆူခဲ့ရတာ ဘယ်သူသိလို့လဲ . .

သူ့ရဲ့အပြုံးနဲ့စကားသံတွေကို တိတ်တိတ်လေး လွမ်းနေရတာကရော ဘယ်သူသိလို့လဲ။

စိတ်ညစ်နေရင်တောင်မှ သူ့ရဲ့စကားသံတွေကြားရင် ပြုံးပျော်ခဲ့ရတဲ့နှင်းပါ။

နှင်းအတွက် အရာရာ ဖန်တီးပေးတဲ့သူ့ကို တစ်သက်လုံး မေ့လို့မရပါဘူး။

ဘဝတွေ ဝေးနေလည်း ရင်ထဲမှာ ချစ်နေမှာပါ ဂုဏ် . .

ဒါဖြင့် ဘာလို့ စိတ်နာအောင် လုပ်ရတာလဲလို့ မေးရင် နှင်း ဖြေပါရစေ။

ဒီကမ္ဘာမှာ လူတချို့က ဖြစ်ချင်တာတွေဖြစ်ခွင့်ရကြတယ်။ ကံတရားကလည်း ဖေးမတယ်ပေါ့။

ရှင်ကျတော့ ကိုယ့်ဘဝ ကိုယ် မကျေမနပ်ဖြစ်ပြီး တစ်လောကလုံးကို အရွဲ့တိုက်တယ်၊ ရေစုန်မှာ မျောပါပြီး ကမ်းပျောက်နေတယ် ဂုဏ် . .



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုယ်ရှင် ပြုပြင်ဖို့အတွက် ကျွန်မလုပ်ရမှာက တစ်ခုပဲ ရှိတော့တယ်လေ. . သေသေချာချာစဉ်းစားပြီးတော့မှ ဒီဆုံးဖြတ်ချက်ကို ချခဲ့တာပါ။

ရှင် လမ်းကြောင်းမှန်ပေါ် ရောက်ဖို့အတွက် ကျွန်မနှလုံးသားကို စတေးလိုက်ရတာပါ။ တစ်နည်းအားဖြင့်တော့ ရှင့်ကို ဖိအားပေးလိုက်တာပေါ့။

ခုကျတော့ ယုယတတ်တဲ့မောင့်ကို တမ်းတရုံကလွဲပြီး. .

မောင်ဆိုတာ ရှင့်ကို ကျွန်မစိတ်ထဲမှာ တိတ်တိတ်ကလေးခေါ်တဲ့ နာမည်လေးပေါ့။

တကယ်လို့ ပျော်ရာကို မောင်သွားခဲ့မယ်ဆိုရင်လည်း. . ကျွန်မ ဘာများတတ်နိုင်မှာလဲ။ တော်ရာမှ တိတ်တိတ်ကလေးကြေကွဲပြီး ကြိတ်မှိတ်လွမ်းနေရုံပဲ ရှိတာပေါ့ မောင်။

ယုံပါလို့ မပြောချင်ပေမယ့် ကျွန်မရင်ထဲမှာရှိနေတာလေးတစ်ခုကို ပြောပြချင်ပါတယ်. .

ရှင်နဲ့အတူလျှောက်ခဲ့ဖူးတဲ့ လမ်းကျဉ်းကလေးထဲမှာ ရပ်ပြီး ရှင့်ကို နေ့တိုင်းလွမ်းနေပါတယ်. .





ကျွန်မအချစ်တွေကို နိုးထရှင်သန်လာအောင် ရှင်ပြုစားခဲ့တာပဲနော်. . . အနားမှာ ရှင်ရှိနေရင် တခြား ဘာမှထပ်မလိုချင်တော့တဲ့အထိ ကျွန်မ ရူးသွပ်ခဲ့ပါတယ်. .

အများအမြင်မှာတော့ ကျွန်မက ရက်စက်သူတဲ့. .

ကျွန်မသိနေတာက ကျွန်မက ခံရတဲ့သူပါ ဂုဏ်. .

ဘဝဆက်တိုင်းမှာ ပျော်ရွှင်ကြည်နူးပါရစေလား ဂုဏ်. . ဘယ်လိုခရီးကြမ်းပဲဖြစ်ဖြစ် ရှင်ပါနေရင် ကျွန်မ မမှုပါဘူး။

'ဟယ်. . မိန်းမ ငေးငိုင်နေလိုက်တာ ကြည့်စမ်း. . အနားမှာ ငါတစ်ယောက်လုံးရှိနေတာ သိသေးရဲ့လား'

'သိပါတယ် နီရယ် နင်မေးတာကို ငါ မဖြေပါရစေနဲ့၊ ငါမေးတာကိုပဲ ဖြေပေးပါဟယ်၊ အခုသူ့အခြေအနေဘယ်လိုရှိသလဲ'

'ငါသိသလောက်တော့ လုံးဝပြောင်းလဲသွားပြီ နှင်း၊ သူ့ရဲ့တစ်ပိုင်တစ်နိုင်စီးပွားရေးက ခြေလှမ်းသွက်သွက်နဲ့ အလုပ်ဖြစ်နေပုံပဲဟဲ့'

'တကယ်. . တကယ်ပြောတာလား နီ၊ သူ ဘယ်လိုပြောင်းလဲသွားတာလဲဟင်. . သူ့အလုပ်ကရော ဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်မသိချင်ရှာဘူးနော်. . သူ့အလုပ်က ကောင်းရောင်းကောင်းဝယ်ပါပဲ၊ ငါလည်း သိပ်နားမလည်ပါဘူး နှင်းရယ်. . ငါတို့ပတ်ဝန်းကျင်မှာတော့ လောလောဆယ် သူ့ကို ဘာပြောကြသလဲသိလား. . အမှိုက်က ရွှေဖြစ်အောင် လုပ်နိုင်တဲ့သူတဲ့'

'နီရယ် ငါရှင်းအောင်ပြောပြစမ်းပါ၊ ဘာလဲ. . သူက အခုအမှိုက်လိုက်ကောက်နေတာလား၊ ငါရင်တွေ ထိတ်လိုက်တာဟယ်'

'ပူ. . ပူနော်၊ နင်ပဲ တွေးပြီး ပူနေ၊ နင့်လူမိုက်လား အမှိုက်ကောက်မှာ၊ သူ့မှာ ခေါင်းရှိတယ်ဟဲ့. . ပထမတော့ သူက သူများကောက်လာတဲ့ဟာတွေကို ဒိုင်ခံပြီး ဝယ်တာ၊ အခုတစ်ဆင့်တက်ပြီးစက်ရုံအသေးလေးတစ်ခု တည်နေပြီတဲ့'

'တကယ်. .'

ကြွေမြွေမဆည်နိုင်လောက်အောင် အထိတ်တလန့်ထ,အော်လိုက်သော နှင်းကြောင့် နီနီပင် လန့်ဖျပ်သွားကာ

'ဘယ်လိုဖြစ်တာလဲ နှင်းရယ်. . ငါပြောတာ အဆုံးမသတ်သေးဘူးလေဟယ်. . ကကြီးအစ အ,အဆုံး ပြောပါရစေဦး'

'ဒီသုံးလေးနှစ်အတွင်းမှာ သူ ဒီလောက်အထိတိုးတက်လာ





လိမ့်မယ်လို့ ထင်ကို ထင်မထားတာ နီရယ်. . သူက ဘာစက်ရုံတည်ထားတာလဲဟင်. .'

'နင့်လူက အောက်သက်ကျေပါတယ်ဟယ်၊သိတယ်မဟုတ်လား. . လမ်းပေါ်ကလူဆိုတော့လေ'

နီနီက ခနဲ့ဖြစ်အောင် ခနဲ့သေးသည်။

နှင်းသဏ္ဍာန်ကလည်း ဆတ်ဆတ်ထိမခံပင်။

'နင်ဟာလေ. . သူ့ကိုဆို ဘယ်တော့မှအကောင်းမမြင်ဘူး၊ စကားပြောတာကလည်း လိုရင်းကို မရောက်နိုင်တော့ဘူး'

'ဒါပေါ့ဟဲ့. . နင်က အရမ်းသိချင်နေတော့ ငါကlesson ပေးထားတာပေါ့၊ သူက တစ်ဆင့်ချင်းတက်လာတာ ဖြစ်မယ်ဟ. . ပထမတော့ သူ့ခြံဝင်းလေးထဲမှာပိုနေတဲ့မြေကို ဂိုဒေါင်အသေးလေးတစ်လုံး ထပ်ဆောက်ပြီး အဲဒီထဲမှာပဲ အလုပ်သမားတစ်ယောက်နဲ့ သူ ကြွပ်ကြွပ်အိတ်တွေလုပ်ကြတာတဲ့၊ ပြီးတော့ ဈေးတွေ၊ super marketတွေအထိ လိုက်သွင်းတာ၊ သူ့အိတ်တွေက qualityမီတယ်ဆိုတော့ အရမ်းရောင်းရတာပဲတဲ့. . သူ့ကံ အကျိုးပေးပေါ့ဟယ်. . ဂုဏ် ဆိုတဲ့ ချစ်တီးကလေ. .'



www.burmeseclassic.com

www.burmeseclassic.com



နီနီ့စကားပင် မဆုံးသေး၊ နှင်းက ဖြတ်ပြီး အော်သည်။

'ကြည့်. . နင် ပြောပြန်ပြီလား'

'အေးလေ. . ဒီပါးစပ်ကလည်း အကျင့်ကိုပါနေတာ. . ငါ အလွန့်ပဲ မပြောနဲ့နော်၊ နင့်လူလုပ်တာလည်း ကြည့်ဦး၊ ရပ်ကွက်ထဲမှာ ငွေတိုးပါ ပေးသေးတာ၊ အပေါင်ခံတာလေ. . သိတယ်မဟုတ်လား၊ အဲဒီငွေတွေကိုစုပြီး အခု စက်မှုဇုန်မှာမြေဝယ်ပြီး ဗက်ရုံတည်တာလေ. . ရှယ်ယာတွေနဲ့ပေါ့၊ သူတော်တော် လူကြီးဆန်လာတယ် နှင်း၊ နင်ကြိုက်တဲ့ပုံစံပေါ့ဟယ်၊ gentleman လေ gentleman'

နှင်းရင်ထဲမှာ တော်တော်ကျေနပ်သွားပါသည်။

ထင်မထားပါ။

သူ့ကိုယ်သူ ဒီလောက်အထိ ပြုပြင်လိမ့်မည်ဟု မထင်ရဲခဲ့တာပါ။

ရှင့်မှာ အရည်အချင်းတွေရှိနေတာပဲ ဂုဏ်ရယ်. .

လုပ်ပြလိုက်စမ်းပါ။

လှမ်းမယ့် လှမ်းတော့ ခြေလှမ်းကျဲကျဲ လှမ်းပြီး တက်မယ့်





တက် ဟိုးအမြင့်ဆုံးထိရောက်အောင် တက်ပေါ့. .

နှင်းကို မေ့မထားခဲ့ပါနဲ့လို့ တောင်းဆိုပိုင်ခွင့် မရှိပေမယ့် နှင်း ရှင့်ကို လှမ်းနေခွင့်တော့ ရှိတယ် မဟုတ်လား ဂုဏ်. .

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်သည် လေးနှစ်လုံးလုံး နှင်းကို သတိမရစေရန် အလုပ်ထဲမှာပင် စိတ်ကို နှစ်ထားလိုက်သည်။

တစ်ဆင့်ပြီးတစ်ဆင့် လှေကားထစ်တက်သလို ကိုယ့်တက်လမ်းကို အမြဲတမ်းရှာဖွေနေမိသည်။ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် လေ့လာနေသည်။

အခုတလော ဂုဏ် ဘာကိုတွေးနေမိသလဲဆိုတော့ ဒီမှာ လူသုံးများနေတဲ့ CDချပ်တွေ ကိစ္စပင်။

ကော်ဇေ့လိုမျိုးကုန်ကြမ်းက ကိုယ့်နိုင်ငံမှာရှိနေရဲ့သားနဲ့ နည်းပညာအရ တရုတ်ကအချပ်တွေကို အဝယ်လိုက်ကြသည်။

ကိုယ့်ပြည်တွင်းမှာသာ စီဒီအချပ်တွေကိုထုတ်လုပ်ပြီး ဖြန့်ချိမယ်ဆိုရင် စရိတ်တွေ ပိုပြီး မသက်သာပေဘူးလား။ သုံးစွဲတဲ့သူ





တွေ ဖောဖောသီသီသုံးလို့ရတာပေါ့။

ဒါပေမယ့် ဒီအလုပ်က သူနှင့် စိမ်းသက်နေသည်။ နည်းစနစ်တွေ၊ စက်ပစ္စည်းတွေ လိုနေသေးသည်။

အလုပ်တစ်ခုကို လုပ်ပြီဆိုရင် အဆုံးထိသွားရမှ ကျေနပ်တဲ့ ဂုဏ်က တရုတ်ပြည်မအတွင်းသို့ ဝင်ပြီးလေ့လာဖို့ ဆုံးဖြတ်လိုက်သည်။

တပည့်တစ်ယောက်ကို passportကိစ္စ လုပ်ခိုင်းပြီးနောက် ဂုဏ်သည် ကားမောင်းကာ အိမ်သို့ပြန်လာခဲ့သည်။

ဒီနေ့ကျမှ သူ့မှာ ရာသီပေါ် တုပ်ကွေး ကွေးချင်သလိုဖြစ်နေသည်။

ကားကို ရုံးခန်းကနေ မနည်းထိန်းပြီး မောင်းလာရသည်။

ထမင်းလည်း စားလို့ရမည် မဟုတ်ပါ။ တစ်ယောက်တည်းနေပြီး ကြုံသလိုပဲ စားရသည့်အခါ ခုလိုမျိုး နေမကောင်းတဲ့အခါမှာ အိမ်ရဲ့နွေးထွေးမှုနှင့်မိသားစုကို ပြင်းပြစွာ တမ်းတသည်။

အပူလေးလည်း သောက်ချင်လာသည်။ အရည်လည်း ဖြစ်ချင်သည်ဆိုတော့ ဂုဏ်သည် ကြေးအိုးသောက်ဖို့ ရွေးချယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစံလမ်းရှိ YKKO ကြေးအိုးဆိုင်သို့ သူ မောင်းလာခဲ့သည်။

ကြေးအိုးသောက်ပြီးတော့ အိမ်ပြန် ဆေးသောက်ပြီး အိပ်လိုက်မည်ဟု အားခဲထားရသည်။

ဂုဏ်သည် ကားရပ်ပြီးနောက် ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။ သူ့မျက်လုံးတွေသည် လူတစ်ယောက်. . မဟုတ်သေးဘူး၊ နှစ်ယောက်ဆီသို့ အရောက်မှာ ချက်ချင်းပြာဝေသွားသည်။

နှင်း. .

သူ့ရဲ့နှင်း. .

ဟုတ်ပါသည်။ နှင်းဘေးမှာ သူ့မထက် သုံးလေးနှစ်ကြီးပုံရသည့် ယောကျ်ားတစ်ယောက်ကို တွေ့ရသည်။

သူတို့နှစ်ယောက်သား ရယ်လို့မောလို့ စကားတွေပြောနေကြသည်။ အဲဒါကြောင့်များ နှင်းက သူ့ကို ခါထုတ်လိုက်တာလား။ တွေးစရာဖြစ်လာသည်။

နှင်းရှေ့ကို ရောက်မလာပါဘူးလို့. . ကတိပေးထားသည့်အတွက် ဂုဏ်က သူ့ခြေလှမ်းတွေကို နောက်ပြန်လှည့်ပြီးသားဖြစ်





နေသည်။

သူ့နှလုံးသားမှာ ဒဏ်ရာကလေးတစ်ခု ထပ်ပြီး ပါလာပြန်ပြီပေါ့။

နှင်းသည် ဆိုင်ထဲဝင်လာပြီးမှ ပြန်ထွက်သွားသည့် လူတစ်ယောက်ကို စင်ကာပူမှာ ကျောင်းတက်ပြီး ခဏပြန် လာတဲ့ ဝမ်းကွဲအစ်ကိုနှင့် စကားတွေပြောနေရင်းမှ အမှတ်မထင်ကြည့်လိုက်မိသည်။

နောက်ပိုင်းတိုပဲ မြင်ရတာဖြစ်ပေမယ့် သူဟာ ဂုဏ်ပဲဆိုတာ သိလိုက်ပါသည်။

အထင်လွဲပြီးထွက်သွားတာများလား. . .

ဒီဘက်ကို ခဏလေးလှည့်ပေးပါဦး ဂုဏ်ရယ်. . ရှင့်မျက်နှာလေး မြင်ချင်လို့ပါ။ ဒီလေးငါးနှစ်အတွင်းမှာ ရှင် တော်တော်ပြောင်းလဲသွားတာပဲ။ သွားပုံလာပုံကအစ ရင့်ကျက်လာတယ်. . ရှင့်စိတ်ထဲမှာရော ကျွန်မ ရှိသေးရဲ့လား။

စကားသံတွေ တိတ်၊ မျက်လုံးတွေက လူတစ်ယောက်ကို ငေးကြည့်ပြီး အသက်မရှိတဲ့ကျောက်ရုပ်လိုဖြစ်နေသောနှင်းကို ဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာထိုင်နေသောအစ်ကိုဖြစ်သူကပင် သတိထားမိလေသည်။

'မိနှင်း. . ဘာတွေလိုက်ငေးနေတာလဲ၊ ငါ့ညီမတော့ မရိုး တော့ဘူး ထင်တယ်၊ ဘယ်သူလဲ. . နှင်းနဲ့ date လုပ်ထားတဲ့သူလား'

'ကိုပေါက်နော်. . နှင်းက နှင်းအသိတစ်ယောက်နဲ့တူလို့ လိုက်ကြည့်တာပါ'

'ဟုတ်လို့လား. . နင့်မျက်လုံးတွေက စကားပြောနေတယ် လေ. . ငါမြင်သားပဲ၊ ငါကတော့ ငါ့ညီမလေးမှာ ရည်းစားမရှိသေး ဘူးဆိုပြီး ရှာပေးမလားလို့ အားခဲထားတာ'

နှင်းစိတ်ထဲမှာ အရမ်းဝမ်းနည်းသွားသည်။

နှင်းကိုမြင်ပြီးမှ ပြန်ထွက်သွားသည့် သူ့ရဲ့လုပ်ရပ်စိမ်းတွေ ကြောင့် ရင်ထဲတွင် နင့်နေအောင် ဝမ်းနည်းရသည်။

ဣန္ဒြေလည်း မဆည်နိုင်သလို ဟန်လည်း မဆောင်ချင် တော့ပါ။

ကြေးအိုးလည်း ဆက်သောက်ချင်စိတ် မရှိတော့သဖြင့်

'ကိုပေါက်. . အိမ်ပြန်ကြရအောင်'

'ဟာ. . ဘာဖြစ်သွားတာလဲ. . နင်ပဲ ကြေးအိုးသောက်ချင်





လို့ဆို. . ငါ့စ,တာ လွန်သွားလို့ စိတ်ဆိုးသွားတာလား မိနှင်း'

နှင်းက ခေါင်းသာ ရမ်းပြသည်။

မျက်လုံးထဲမှာတော့ မျက်ရည်ကြည်တွေ ဝေ့လို့။

ငိုချလိုက်ချင်သည်။

ပတ်ဝန်းကျင်ဆိုတာ. . မရှိရင်ပေါ့။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

အမေ ခေါင်းချခဲ့တဲ့ နေရာနှင့် ရပ်ကွက်လေးကို သံယောဇဉ်ရှိလွန်းလို့သာ တွယ်ကပ်ပြီး နေနေရတာ။

နှင်းသဏ္ဍာန်ဆိုတဲ့ ကောင်မလေးကို မေ့လိုက်ချင်သည်။ သူ့မှာ ပိုင်ရှင်ရှိနေပြီပဲ။

ကိုယ်နဲ့ မထိုက်တန်ဘူး ထင်လို့. . ထိုက်တန်လာတဲ့အထိ အပင်ပန်း၊ အဆင်းရဲခံပြီး ခြိုးခြံချွေတာခဲ့ရတာတွေ၊ ကြိုးစားခဲ့ရတာတွေကို နှင်းက အသိအမှတ်မပြုတော့ဘူးပေါ့. .

ရက်စက်တယ် နှင်းရာ. . မင်း သိပ်ရက်စက်တယ်။

ကျောင်းဆရာမလေးဆီမှာ ကြင်နာတတ်တဲ့နှလုံးသား ရှိမယ်လို့ ထင်နေတာ၊ ထင်ခဲ့တာ. . နောက်ဆုံးကျတော့လည်း. . ပေတံအတိုအရှည်တွေနဲ့ပဲ တိုင်းတာသွားတာပဲလေ. .





ခေါင်းထဲမှ ထိုးပြီး တဆစ်ဆစ်ကိုက်ခဲလာသည်။

ခေါင်းမထောင်နိုင်တော့သဖြင့် အိပ်ရာထဲမှာ လှဲပြီးနေ,နေရသည်။

ဆေးလည်း သောက်ချင်စိတ်မရှိ။ ဆေးသောက်ဖို့ ဗိုက်ထဲမှာ အစာက မရှိ။ ပြုစုမည့်သူက ဝေးလို့ မြန်မြန်သာ သေပစ်လိုက်ချင်တော့သည်။

နေမကောင်းမဖြစ်ချင်ဘူး။ တစ်ခါ နေမကောင်းရင် တစ်ခါ အားငယ်ရသည်။ အထီးကျန်ရသည်။တစ်စုံတစ်ယောက်ကို ပိုပြီး တမ်းတမိသည်။ ကိုယ့်ဆီ ဘယ်တော့မှပြန်မလာတော့မယ့် တစ်ယောက်ကိုပေါ့။

အဲဒီတစ်ယောက်ကို လွမ်းတိုင်း တိတ်တခိုးချောင်းကြည့်ပြီး တယ်လီဖုန်းကင်မရာလေးဖြင့် မှတ်တမ်းတင်ထားမိသည်။

သူမကို လွမ်းတိုင်း ထိုပုံရိပ်တွေကိုဖွင့်ကြည့်ပြီး အလွမ်းဖြေယူရသည်။

ဂုဏ်သည် ဖုန်းထဲမှ ဆရာမလေးကို လွမ်းဆွတ်စွာ ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျီအဖြူလက်ရှည်နှင့် ထဘီအစိမ်းလေး ဝတ်ထားပြီး နှင်းဆီဖြူတစ်ပွင့်ကို ကျက်သရေရှိစွာပန်ထားသည့် နှင်း. . . သူ့ရဲ့နှင်း။

ဂုဏ်မျက်လုံးမှာ မျက်ရည်တွေ. . ငိုနေပြီပေါ့. . ကိုယ် ငိုနေရပြီ နှင်းရယ်. . . ခုချိန်မှာ အကောင်း အဆိုး လာခွဲခိုင်းရင် ကိုယ်ခွဲတတ်မှာ မဟုတ်တော့ဘူး။ ကိုယ့်မှတ်ဉာဏ်တွေအားလုံး ထုံထိုင်းကုန်ပြီ။ နှင်းကို လက်လွှတ်လိုက်ရပြီဆိုသည့်အသိတစ်ခုပဲ သူ့ရင်ထဲမှာ ရှိတော့သည်။

ဘဝတစ်လျှောက်လုံး ကံဆိုးခဲ့ရသည်။ မိဘတွေနှင့် သေကွဲ၊ ရှင်ကွဲ ကွဲခဲ့ရသည်။ ကိုယ်သိပ်ချစ်ရတဲ့ ချစ်သူနှင့်ပါ ထပ်ပြီး ရှင်ကွဲ ကွဲနေရသည်။

အရင်ဘဝက ဝဋ်ကြွေးတွေ ဘယ်လောက်တောင် များခဲ့ပါလိမ့်။ ဒါနှင့်များတောင် သူက ဒီဘဝမှာ ဆိုးမိုက် ပေတေစွာ နေခဲ့သေးသည်။

ကိုယ့်ဘဝ ကိုယ်မပြုပြင်ခဲ့ဘူးဆိုရင် ဝဋ်ကြွေးမှာ ဝဋ်ကြွေးတွေ ထပ်ကုန်တော့မှာပေါ့။





ထိုသို့ တွေးမိစဥ်ဝယ် ဂုဏ်သည် အရမ်းတုန်လှုပ်သွားခဲ့သည်။ နှစ်တွေအကြာကြီး ဘုရားနှင့် ကင်းကွာခဲ့သည်။ တရားဆိုတာ ဘာမှန်းမသိ။ သံဃာဆိုလည်း ကိုယ်နှင့်မဆိုင်သလိုပင် ခပ်ဝေးဝေးနေခဲ့မိသည်။

ဒီထက်ပိုဆိုးတာက ကိုယ်နှင့်ဘာမှရန်ငြိုးရန်စမရှိတဲ့သူတွေကို ပိုက်ဆံရရင် ပြီးရောဆိုပြီး ထိုးနှက်ရိုက်ပုတ်ခဲ့သလို ချောင်းပြီးလည်း ရိုက်ခဲ့ဖူးသေးသည်။

ကိုယ့်လုပ်ရပ်တွေ ကိုယ် ပြန်တွေးကြည့်ရင် ရွံစရာလည်းကောင်း၊ ကြောက်စရာလည်း ကောင်းသည်။ အပြင် မြန်ပေမယ့် အမှန်ပြင်ရမယ့်အရာတွေ များစွာရှိနေသေးသည်။

အရင်က တပည့်တွေကိုလည်း ကြုံရင် ဆုံးမရပါဦးမည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းပြီး ကုမ္ပဏီရှိရာသို့ထွက်လာသော ဂုဏ်သည် ကားလမ်းတောက်လျှောက် လမ်းပြုပြင်နေတာ တွေ့ပြီး ကားကို လမ်းဘေးကပ်ရပ်ကာ ဆင်းလာခဲ့သည်။

လေလင်းနှင့်သေစ်ကို လုပ်အားပေးလုပ်နေတာ တွေ့လိုက်ရတော့ စိတ်ထဲမှာ ဘယ်လိုပီတိမျိုးဖြစ်သွားမှန်း မသိပါ။

လမ်းထဲက လူငယ်တွေလည်း အများကြီးပဲ။

ရပ်ရေးရွာရေးမှာ တက်တက်ကြွကြွနှင့် ပါဝင်နေကြတာ စိတ်ချမ်းသာစရာကောင်းလှသည်။

တစ်ချိန်က သူ့မှာ အခုလိုမျိုး ပါဝင်ဖို့ စိတ်သာရှိခဲ့သည်။ လူတကာရဲ့ချဉ်ဖတ်ဘဝနှင့် ပရဟိတလုပ်ငန်းတွေမှာ ဝိုင်းပယ်တာခံခဲ့ရသည်။





'ဟာ. . ဂုဏ်. .'

လေလင်းက သူ့ကိုမြင်သွားပြီး လှမ်းခေါ်သည်။

'မင်းတို့တွေ စောစောစီးစီးကြိုးစားလှချည်လားကွ'

'ဒါပေါ့ကွာ. . ဒီလမ်းရဲ့ အလှူရှင်ကို မင်း မသိသေးဘူး မဟုတ်လား'

'ဟုတ်လား၊ ပြောပါဦး ဘယ်သူတဲ့လဲ'

'သူ့နာမည်က ဂုဏ်. . တဲ့၊ Innocent ကုမ္ပဏီဥက္ကဋ္ဌလေ'

အတည်ပေါက်ကြီးနှင့် နောက်နေသော လေလင်း၏ လက်မောင်းကို ဂုဏ်က မနာအောင် ခပ်ဖွဖွထိုးရင်း

'ကျန်သေးတယ်လေကွာ. . သူက လူပျိုကြီးကွ'

'ဟာ. . မပျိုပါဘူး၊ ဆရာမလေးနဲ့ယူရဦးမှာ'

ရယ်မောပျော်ရွှင်နေတာတွေ ရပ်တန့်သွားသည်။

သူတို့တွေက နှုတ်ကို မမေ့သေးပဲကိုး။ ဂုဏ်နှင့်နှင်းကို ခုချိန်ထိ တွဲပြီးမြင်နေကြသေးသည်။

သူတို့ ဆွပေးမှ ရင်ထဲက ဒဏ်ရာတွေ အဆိပ် တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငလင်းရေ. . ဟိုက အလုပ်သမားခေါင်းကို ပြောပြီး နေ့ခင်းကျရင်. . . အားလုံးကို လက်ဖက်ရည်နှင့် ပေါက်စီ ဝယ်ကျွေးလိုက်ပါကွာ. . မနက်ဖြန်ကျရင်လည်း ငါ. . ဒံပေါက် ဝယ်ကျွေးဦးမယ်'

'မင်းရဲ့စေတနာကိုတော့ ငါ ချီးကျူးတယ်ကွာ. . အားလုံးအပေါ်မှာ တစ်ပြေးညီပဲ. . ဒါကြောင့်လည်း မင်း အောင်မြင်တာဂုဏ်. . စေတနာကောင်းရင် ကံကောင်းတယ်တဲ့'

'ဟား. . ဟား. . ငါ့တပည့်က ဘယ်ဆိုးလို့လဲကွ. . တော်တော်တိုးတက်လာပြီပဲ'

'ဒါပေါ့ကွာ. . ရှေ့ကနွားက ဖြောင့်ဖြောင့်သွားတော့လည်း နောက်ကနွားတွေက ဖြောင့်ဖြောင့်လိုက်တာပေါ့'

ဂုဏ်က သူ့ကို နွားနှင့်နှိုင်းသည့်အတွက် ငလင်းကို အသံတိတ်လှမ်းပြီး ဆဲသည်။

'ဂုဏ် ဥပုသ်နေ့ကျရင် မင်း တောကျောင်းသွားဦးမှာလား'

'သွားမှာပေါ့ကွ. . သီလယူပြီး ဥပုသ်စောင့်မယ်၊ တရားပါထိုင်ဦးမှာ'





'ငါတို့လည်း လိုက်မယ်ကွာ'

'မင်းတို့ တရားထိုင်နိုင်လို့လား၊ ငါက ညနေမှပြန်လာမှာနော်'

'ထိုင်မယ်ကွာ'

ဝမ်းသာပါသည်။ အရင်က ဆိုးတူ မိုက်ဘက် တပည့်တွေခုလို သူ့နောက်လိုက်ပြီး ပြုပြင်လာသည့်အတွက် အတိုင်းမသိပျော်ပါသည်။

မှော်ဘီမရောက်ခင် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာတွင် တောကျောင်းကလေး တစ်ကျောင်း ရှိသည်။

ထိုကျောင်းမှ ဆရာတော်သည် ဂုဏ် သိသင့်သိထိုက်သောမဂ္ဂအမြင်များကို မီးမောင်းထိုးပြပြီး လက်တွေ့ ကျင့်သုံးစေခဲ့သည်။ ဗုဒ္ဓ၏လမ်းစဉ်အတိုင်း သူ လိုက်နာခဲ့သည်။

ထိုကျောင်းတွင် ဂုဏ်လှူထားသော သိမ်နှင့် ရေစင်ကြီးရှိသည်။

ဝါတွင်းကာလ ဥပုသ်နေ့တိုင်း သူ ရောက်အောင် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ် ကြိုးစားခဲ့သမျှ အရာထင်တာ နှစ်ခုရှိသည်။

တစ်ခုက သူ လူကောင်းတစ်ယောက် ဖြစ်လာခဲ့သည်။ လူတော်ဖြစ်ဖို့ကတော့ ကြိုးစားနေဆဲပင်။

ဒါကလည်း ဆရာတော် ဆုံးမသလိုပါပဲ။ 'အမှား တွေ့လျှင် ချက်ချင်းပြင်၊ အမှန်တွေ့ပေမယ့် ရပ်မနေနဲ့ . ကောင်းသထက် ကောင်းအောင် ဆက်ကြိုးစား'တဲ့။

ထိုအဆုံးအမကို သူနာခံပြီး ကြိုးစားခဲ့သည်။

နောက်တစ်ခုက စီးပွားရေးမှာ သူထူထောင်ခဲ့သော Innocent Company က နေရာရလာသည်။ စီးပွားရေးလောကမှာ နာမည်တစ်လုံးအနိုင်အမာရလာသည်။

ခုဆို သူ့ကုမ္ပဏီက ထုတ်တဲ့ စီဒီချပ်တွေကို မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနိုင်ပြီ ဖြစ်သည်။

ဗီဒီယိုထုတ်လုပ်ရေးတွေကလည်း qualityကောင်းသော သူ့ပစ္စည်းတွေကို အများအပြားဝယ်ယူအားပေးကြသည်။

ခြုံကြည့်လိုက်လျှင် ဒီခုနစ်နှစ်အတွင်းမှာ သူ့ရဲ့တိုးတက်မှုကို ကျေနပ်ပါသည်။





သူ့ အများကြီး ခရီးရောက်ခဲ့တာပဲလေ။

ဆုတ်ယုတ်မှုအနေနဲ့ကတော့ အချစ်ရေးပေါ့။ အခုချိန်ထိလည်း အနှုတ်ပြနေဆဲပင်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် ဖြောင့်ဖြူးနေသော လမ်းကလေးကို ကြည့်ပြီး တအံ့တသြဖြစ်နေသည်။

'နီ ဒီ. . ဒီလမ်းက အရင်လိုမဟုတ်တော့ဘူးနော်၊ နင့်ဆီ ငါလာတုန်းက မိုးတွင်းကြီးမှာ ရွှံ့တွေဗွက်တွေနဲ့လေ ခုကျတော့ လည်း. .'

မိုးရွာကြီးထဲ ထီးလိုက်ပေးခဲ့သောလူတစ်ယောက်ကို ပြင်းပြစွာ သတိရမိသည်။

'ဒါပေါ့ဟဲ့. . ဒီလမ်းရဲ့အလှူရှင်က Innocent Company ကလေ. . . အလှူအတမ်း အရမ်း ရက်ရောတာပဲ. . . ရပ်ကွက်ထဲမှာ ဘာပဲ လိုအပ် လိုအပ်. . သူ့ဆီသွားရင် အကုန်လှူတာပဲဟ'





'စိတ်ဓာတ်ကလေးက ကောင်းလိုက်တာနော်'

'ဒါပေမယ့် သူက အရင်တုန်းက အရမ်းဆင်းရဲတာဟဲ့. . တကယ့်ကို လမ်းဘေးက ကလေကချေတစ်ယောက်၊ ခုလိုဘဝမျိုး ရောက်အောင် သူ ဘယ်လောက်ထိ ရုန်းကန်ခဲ့ရမလဲ၊ ကြိုးစားခဲ့ရမလဲဆိုတာ နင်စဉ်းစားကြည့်'

'ဂုဏ်ယူဖို့ကောင်းလိုက်တာနော်၊ သူက ဘယ်လိုလူလဲဟင် နီ'

'အင်း. . လူပုံကတော့ ခပ်ချောချောပေါ့ဟယ်. . မိတယ်ဟ၊ အရင်တုန်းကတော့ ဆံပင်ရှည်ရှည်နဲ့ နားကပ်တစ်ဖက် အမြဲဝတ်ထားတယ်တဲ့'

နီနီ့စကား မဆုံးသေးပေမယ့် နှင်းမျက်လုံးထဲမှာ သူ့ကို မြင်ယောင်လာသည်။

'သူ. . သူ့နာမည်ကရော ဘယ်လိုခေါ်လဲ နီ'

နှင်းရဲ့အလောသုံးဆယ်အမေးကို နီနီက ခွက်ထိုးခွက်လန်ရယ်ကာ -

'နာမည်လား. . ဟင်းဟင်း. . သူ့နာမည်က ချစ်လူမိုက်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ နှင်းရဲ့လူမိုက်တဲ့'

'တကယ်. . သူ. . သူပဲလား နီရယ်. . ဝမ်းသာလိုက်တာဟယ်. . ငါ ဝမ်းသာလိုက်တာ'

'ဟယ်. . ဝမ်းသာတဲ့သူက မျက်ရည်တွေကျလို့. . တကယ်ပါပဲဟယ်. . နင်ဟာလေ ဝမ်းသာရင်လည်း ငို၊ ဝမ်းနည်းရင်လည်း ငိုတာပဲ၊ အရူးမ'

နှင်းက နီနီ့ကိုရန်တွေ့သည်။

'ပြော. . ပြော. . နင်က ဘာခံစားချက်မှမရှိတဲ့သူပဲ ဥစ္စာ ဘာနားလည်မှာလဲ'

'ဘာလို့ မခံစားတတ်မှာလဲ. . ငါလည်း ချစ်တတ်တယ်ဟဲ့၊ ငါ့အိမ်က ကွာစိလေးကို ငါချစ်သားပဲ'

'နင့်ကွာစိက ခွေးကြီးလေ. . ဘာဆိုင်လို့လဲ'

'သိဘူးလေ. . ငါသိတာ တစ်ခုတော့ရှိတယ်. . နင် သူ့ကို ချစ်နေတယ် မဟုတ်လား'

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပါတဲ့။

ကြားထဲဝင်ပြီး မျက်စိလည်ရသူက နီနီသာဖြစ်သည်။





ဟိုတစ်ယောက်ကလည်း နှင်းကို ချစ်လိုက်တာမှ တုန်လို့။ ခုချိန်ထိ မိန်းမမယူသေးတာပဲ ကြည့်လေ။ သူ့အနားမှာ ဒီလောက် ဝိုင်းဝိုင်းလည်နေတဲ့ ဥစ္စာ။ ရုပ်လည်း ရှိ၊ အရွယ်လည်း ရှိ၊ ငွေလည်း ရှိနေသားကို။

ဒါနဲ့တောင်မှ နှင်းအနားကို ပြန်မလာတာ အံ့ဩသည်။

ဟိုဆရာမကလေးကျပြန်တော့လည်း ချစ်ရက်သားနဲ့ ဟန်ဆောင်နေသည်။

အားမနာပပြောရလျှင် ပဲနည်းနည်းများသွားသည်။ သူတို့နှစ်ယောက် ဘယ်တော့ပြန်ဆုံကြမလဲဆိုတာ သူမ သိပ်ပြီးသိချင်နေသည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



'Shopping Mall'တစ်ခုထဲတွင် ပုလင်းတွေချည်း ရောင်းချသောဆိုင်တစ်ဆိုင်ထဲ၌ ဂုဏ်အလုပ်ရှုပ်နေသည်။

အရွယ်စုံ၊ sizeစုံ၊ ပုံစံစုံပုလင်းတွေကို ရွေးချယ်ပြီး ဝယ်ယူနေမိသည်။

ပုလင်းအလွတ်တွေပေါ့. .

သူ့အနောက်မှာ လာရပ်ပြီး 'ဂုဏ်'လို့ တရင်းတနှီးခေါ်သံကြားသဖြင့် လှည့်ကြည့်မိတော့ နှင်းရဲ့သူငယ်ချင်းနီနီ ဖြစ်နေသည်။

'ဩော်. . နီနီပါလား၊ တစ်ယောက်တည်းလား'

'တစ်ယောက်တည်းပေါ့၊ နှင်းလည်း တစ်ယောက်တည်းပဲ'

မေးသော်ရှိ မမေးသော်ရှိ ကြားဖြတ်ပြီး ကြော်ငြာဝင်ပေးရမှာက သူမတာဝန်ပင်။





'ဗျာ. .'

'ဘာလဲ အံ့ဩသွားတာလား'

'သူ့လူနဲ့ တစ်ခါတွေ့လိုက်သလားလို့'

'အမယ်လေး. . ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်အသိဆုံး. . ခုချိန်ထိ မူးလို့ရှူးစရာမရှိသေးဘူး'

'ခင်ဗျား တကယ်ပြောနေတာလား နီနီ၊ တကယ်လား'

အပျော်တွေလွန်ပြီး မေးနေသော ဂုဏ်ကို နီနီက အမြင်ကတ်လာသည်။

'မယုံရင်လည်း ရှင့်ဟာရှင် နှင်းကို သွားမေးပါလား'

ပြောပြီး သူမ လှည့်ထွက်လာခဲ့လိုက်သည်။ အပြင်ရောက်တော့ ပါးစပ်ကိုလက်နှင့်အုပ်ပြီး ရယ်ချလိုက်မိသည်။ လည်မလိုလိုနဲ့ တော်တော်အ,တဲ့သူ။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကျမှ နီနီ ဘာဖြစ်နေမှန်းကို မသိတာ။ မျက်နှာက လည်း စပ်ဖြဲဖြဲ။

ကျောင်းဆင်းလို့ အတူတူပြန်မယ် ဆိုတော့လည်း နေခဲ့သည်။ နှင်းတစ်ယောက်တည်း ပြန်လာရတာပေါ့။

နှင်းသည် နေ့စဉ် ပြုမူနေကျအတိုင်း ကျောင်းသေးနား က သစ်ပင်ကြီးအောက်ကို အကြည့်က ရောက်သွားပြန်သည်။

ဒီတစ်ခါမှာတော့ သူမမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ကုန် သည်။

အံ့သြသွားလို့ ပါးစပ်ကလေးပင် ပွင့်လို့။

ဂုဏ်. . သူရောက်နေပါလား။

ဂုဏ်သည် နှင်းဆီသို့လှမ်းလာနေသည်။ မျက်နှာမှာ အပြုံး





တွေနဲ့လေ. .

'နှင်း. . နေကောင်းလား'

ကောင်းလို့ ကျောင်းလာတာပေါ့လို့ အငေါ်တူးချင်ပေမယ့် တကယ်တမ်း သူမပြန်ပြောဖြစ်တာက

'ရှင်ရော နေကောင်းရဲ့လား'

တဲ့လေ. .

'အခုတော့ နေကောင်းပါတယ်၊ နှင်းကို ဟိုကောင်နဲ့တွဲပြီး တွေ့တုန်းက တစ်ခါ ဖျားသွားဖူးတယ်'

'နှင်းသိသားပဲ. . အဲဒါ စင်ကာပူက ခဏပြန်လာတဲ့ နှင်း ရဲ့cousin ပါ'

'ဟား. . အစောကြီးကတည်းက သိလိုက်ရင် ခုလောက် အကြာကြီးခံစားရမှာ မဟုတ်ဘူး'

'ရှင့်ဟာရှင် အတွေးတွေချော်ပြီး ကောက်သွားတာ နှင်းက ဘာလုပ်လို့ရမှာလဲ'

'sorry ပါ teacher. . ခုတော့ မအောင့်နိုင်တော့ဘူး ဖွင့် ပြောရတော့မှာပဲ. . . ဆရာမလေးနှင်းသဏ္ဍာန်ကို လူမိုက်လေးက



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်နေလို့ပါ'

'သွား. . လမ်းပေါ်မှာ နောက်တီးနောက်တဲ့နဲ့'

'စဉ်းစားမနေပါနဲ့ နှင်းရယ်. . . ကျွန်တော့်အသက် အခု သုံးဆယ့်တစ်နှစ်ရှိနေပါပြီ. . သိပ်ကြာနေရင် လူပျိုကြီးစာရင်းဝင် တော့မှာဗျ'

နှင်းက တစ်ဖက်သို့လှည့်ပြီး ရယ်နေသည်။

'နှင်း. . ဒီမှာ နှင်းအတွက် ကျွန်တော့်လက်ဆောင်'

ပုလင်းလေးတစ်လုံး၊ သိပ်ကိုလှတဲ့ ပုလင်းလေးပေါ့။ အပြစ် အနာအဆာလည်း ကင်းသည်။

'ဟောဒီပုလင်းလေးလို မကွဲမကြေဘဲ အကောင်းအတိုင်း တစ်သက်လုံး လိမ်လိမ်မာမာနဲ့နေသွားမယ်လို့ ကျွန်တော် ကတိပေး ပါတယ်'

နှင်း ကျေနပ်ပါသည်။ ဒီလိုဘဝမျိုးနဲ့ သူ့ကို မြင်ချင်လို့ နှလုံးသားကို စတေးခဲ့ရတာ ခုနစ်နှစ်လေ။ သူမအဖြေကို ငံ့လင့်နေ သည့် သနားစရာ လူတစ်ယောက်ကို နှင်း ထပ်ပြီး မရက်စက်ချင် တော့ပါ။





'ရှင့်ကို ကျွန်မ လက်ခံပါတယ် ဂုဏ်'

သူမျက်နှာမှာ အပျော်တွေလင်းလက်သွားသလို မိုးကောင်း ကင်မှာလည်း လျှပ်စီးတွေ လက်သွားပါသည်။

မိုးတွေ ဘယ်လောက်ပဲ ရွာနေပါစေ. . နှင်း မမှုတော့ပါ ဘူး။ ဘာလို့လဲဆိုတော့ အနားမှာ ထီးမိုးပေးမယ့်သူက အဆင်သင့် ရှိနေပြီ မဟုတ်လား. . ။

မူပိုင်နှင်းဆီ

10:10 Am

10th, August, 2010(Tuesday)



BURMESE CLASSIC .com

www.burmeseclassic.com